

အိုင်စီတီ ဂျာနယ်
Volume 2, Issue 19
MYANMAR ICT JOURNAL

## Gandamar Company



Gandamar Companyမှ နေ့စဉ် ၃ နာရီအချိန်တွင် Printer ၄လုံး မဲဖောက်ပေးသွားမည်ဖြစ်သည်။ Konica Minolata PagePro 1500W ၃လုံး၊ Konica Minolata PagePro 1380MF ၁လုံးတို့ ဖြစ်သည်။ Digital Multi Function Copier Bizhub 164 (A3 Printer, Copier and Scanner)အား အထူးဈေးနှုန်း ၆၉,၀၀၀ကျပ်ဖြင့် ရောင်းချပေးမည့်အပြင် Color Laser Printerနှင့် Multi-Function Copierများလည်း ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချမည် ဖြစ်သည်။

## Golden Power Technology



ပြပွဲတွင် Golden Power Technologyမှ တင်သွင်းသော ASUS Notebookများကို မည်သည့်ဆိုင်တွင် ဝယ်ယူသည်ဖြစ်စေ Golden Power Technology Booth (B1)သို့ ဗလာမပါ ကံစမ်းမဲများကို ဝယ်ယူသူကိုယ်တိုင် လာရောက် ထုတ်ယူနိုင်ပါသည်။ ဗလာမပါ ကံစမ်းမဲများမှာ ၁ သိန်းကျပ်၊ ၅ သောင်းကျပ်၊ ၃ သောင်းကျပ်၊ ၂ သောင်းကျပ်၊ ၁ သောင်းကျပ်တို့ကို ချက်ချင်းကံစမ်း ထုတ်ယူနိုင်ပါသည်။ အထူး အစီအစဉ်တစ်ရပ် အနေဖြင့် ASUS Notebook ၁လုံး ဝယ်ယူပါက Silicon Power External Hard Drive(D 20)ကို ပုံမှန်ဈေး ကျပ် ၅၇,၀၀၀ကို ကျပ်၅၀,၀၀၀ဖြင့် ရောင်းချပေးမည် ဖြစ်ပါသည်။

## Technoland



သက်ဆိုင်ရာ Brandများမှ စီစဉ်သော Free Gift များ၊ Lucky Draw များအပြင် ချက်ချင်းနှိုက် ချက်ချင်းပေါက် ကံစမ်းမဲနှင့် ထပ်ဆင့် ကံစမ်းမဲများလည်း ဖောက်ပေးသွားမည်ဖြစ်သည်။ Acer Brand ဝယ်ယူသူများအတွက် ဗလာမပါ Lucky Draw အစီအစဉ်နှင့် မေတ္တာလက်ဆောင် အစီအစဉ်များ၊ Asus Notebook ဝယ်ယူသူများအတွက် ငွေကျပ် တစ်သောင်းမှ တစ်သိန်း အထိ ဗလာမပါ ကံစမ်းမဲ အစီအစဉ်၊ Lenovo Brand ဝယ်ယူသူများအတွက် ရွှေသားဆုမဲများ အပါအဝင် ကျပ်သိန်း ၁၅၀ကျော် ခဲခြစ် ကံစမ်းမဲ အစီအစဉ်များ၊ SingTech Brand ဝယ်ယူသူများအတွက် ထိုင်းနိုင်ငံခရီး အစီအစဉ် အပြင် LCD TV နှင့် ဖုန်းများ မဲဖောက်ပေးမည့် အစီ အစဉ်များ၊ msi မှလည်း ဗလာမပါ ငွေသား ကံစမ်းမဲ အစီအစဉ်တို့ ပါဝင်မည် ဖြစ်သည်။

## KMD

ပြပွဲရက်အတွင်း KMDမှ ဝယ်ယူအားပေးသူများ အတွက် ညနေ(၄)နာရီတွင် Feature Phone နှစ်လုံးစီအား မဲနှိုက်ပြီး လက်ဆောင်အဖြစ် ပေးသွားမည့်အပြင်၊ နေ့လည်(၁)နာရီတွင် ပြုလုပ်မည့် လေလံအစီအစဉ်မှ ပထမရက်တွင် Intel Core i3 Notebook၊ ဒုတိယရက်တွင် 32GB iPodTouch၊ တတိယ ရက်တွင် 32GB iPad2(WiFi)တို့အား ကြမ်းခင်းဈေး (၅)သောင်း သတ်မှတ်ပြီး ကြိုက်ဈေးခေါ်၍ဝယ်ယူနိုင်ကြောင်းနှင့် KMD Mobileတွင် မိုဘိုင်းဖုန်း Brand မျိုးစုံကို ပုံမှန်ရောင်းဈေးထက် လျှော့ချ ရောင်းချပေးခြင်း၊ လက်ဆောင်များနှင့် Application အခမဲ့သွင်းပေးခြင်းများ ပါရှိကြောင်းလည်း သိရပါသည်။ ထို့အပြင် CDMA 800 MHz Keypad ဖုန်းတစ်လုံးလျှင် ကျပ်(၂၅၀၀၀)၊ GSM Keypadဖုန်း တစ်လုံးလျှင် ကျပ်(၁၅၀၀၀)များနှင့် ရောင်းချပေးမည်ဖြစ်သည့်အပြင် ကျပ်(၁)သိန်းနှင့်အထက် ဝယ်ယူသူများ အတွက် အံစာတုံးနံပါတ်ဖြင့် ကံစမ်းနိုင်မည့် လက်ဆောင် အစီအစဉ်လည်း ပါဝင်ကြောင်း သိရပါသည်။ ထို့အပြင် Lenovoမှ အထူးဈေးနှုန်းသက်သာသော NoteBook တစ်မျိုးကို ပြပွဲရက်အတွင်းသာ ကန့်သတ်ရောင်းချသွားမည်ဖြစ်ကြောင်းနှင့် Notebook, Desktop, All in One Pcဝယ်ယူသူများအတွက်ငွေကျပ်သိန်း(၃၅၀)ကျော် တန်ဖိုးရှိ အဖိုးတန်ပစ္စည်းများကို ခဲခြစ်ကံစမ်းမဲ အစီအစဉ်ဖြင့် ကံစမ်းနိုင်မည် ဖြစ်ကြောင်းသိရသည်။ ဆုမဲပစ္စည်းများမှာ ရွှေဆွဲကြိုး၊ Lenovo Notebook၊ Lenovo Smart Phone၊ ၃၂ လက်မ LED TV၊ ရေခဲသေတ္တာ၊ အဝတ်လျှော်စက်၊ Apple iPod Touch (16GB,32GB)၊ ထမင်းပေါင်းအိုး၊ Gift Package၊ EVD Player၊ Hot Plateများ ဖြစ်ကြောင်း သိရပါသည်။ အဆိုပါ ခဲခြစ် ကံစမ်းမဲ အစီအစဉ်ကို မြန်မာတစ်နိုင်ငံလုံးရှိ Lenovo အရောင်းဆိုင်တိုင်းတွင်ပါ ကံစမ်းနိုင်မည် ဖြစ်ကြောင်းလည်း သိရပါသည်။

## Global Technology

Laser Printerများ၊ မိတ္တူကူးစက်များကို လျှော့ဈေးများဖြင့် ရောင်းချပေးသွားမည် ဖြစ်သည်။ ရနိုင်သော တံဆိပ်များမှာ Ecosys, Taskalfa Brand All in One Printer, A3 Size မိတ္တူကူးစက်၊ Colour မိတ္တူကူးစက်တို့ကို ပြသ ရောင်းချသွားမည် ဖြစ်သည်။

## GeoComp Show flyer

အင်ဂျင်နီယာသုံး ပစ္စည်းများ ဖြစ်သည့် တိုင်းတာတွက်ချက်စက်များ၊ အကွာအဝေးတိုင်း ကိရိယာများကို ရောင်းချ ပေးသွားမည် ဖြစ်သည်။ ဆင်ခြေလျှောများ၊ အစောင်းများကို တိုင်းတာနိုင်သည့် နည်းပညာများ၊ Pointပေါင်းတစ်ထောင်ကျော်ကို သိမ်းထားပေးနိုင်သော အကွာအဝေးတိုင်း ကိရိယာများ ရရှိနိုင်မည်ဖြစ်သည်။

## MRS Computer



MRS Computerမှ PROLiNK Brand ထုတ်ကုန်များ ဖြစ်သည့် Online UPS, iP Cameras, Wireless Routers, Network Switchs, GSM & CDMA Modems, Share Hub Devices, UPSများ၊ MRS Mobile Corner အပိုင်းတွင် HTC, Lenovo, Sony, Samsung, Huawei စသော Branded Handset အမျိုးမျိုးနှင့် Mobile Accessories မျိုးစုံကိုလည်း ဈေးနှုန်းချိုသာစွာဖြင့် Warranty အပြည့်အဝပေး၍ ရောင်းချပေးသွားမည် ဖြစ်ပါသည်။ ထို့အပြင် NEC, Toshiba, Fujitsu, Lenovo, Acer, HP, Dell, ASUS, Apple အစရှိသော အရည်အသွေးမြင့် Branded Notebookများ၊ ရုံးသုံး၊ လုပ်ငန်းသုံး Desktop Computerများ၊ All in One PC, Tablet PCများ၊ Printer, Scanner, UPS, IPS စသော ကွန်ပျူတာ ဆက်စက်ပစ္စည်းများကိုလည်း အထူးဈေးနှုန်းများဖြင့် ရောင်းချပေးသွားမည် ဖြစ်ကြောင်း သိရပါသည်။ ကျပ်(၁)သိန်းဖိုး အထက် ဝယ်ယူသူ Customerတိုင်းအတွက်လည်း ဗလာမပါ ကံစမ်းမဲများ ကံစမ်းခွင့် ရရှိမည်ဖြစ်ပြီး၊ ကျပ်(၃)သိန်းအထက် ဝယ်သူများအတွက် လက်ဆောင်ပစ္စည်းများ၊ ဗလာမပါကံစမ်းမဲများအပြင် Double Special Lucky Drawစသော အထူးဆုများကိုလဲ ထပ်မံပေးအပ်သွားမည်ဖြစ်ပါသည်။ ထို့အပြင် AGD Bank & Myanmar Apex Bank တို့နှင့် ချိတ်ဆက်၍ အရစ်ကျငွေပေးချေ စနစ်ဖြင့်လည်း Computerများ ဝယ်ယူရရှိနိုင်မှာ ဖြစ်ကြောင်း သိရပါသည်။

## Technomation

Promotion- Polar Star Car GPS များကို 5% to 100% နှင့် Mobile Software များအားလုံးကို 20% to 100% လက်ငင်းခံစားနိုင်မည့် Discount ကံစမ်းမဲများဖြင့် ရောင်းချပေးသွားမှာပါ။ Technomationမှ Products များ အားလုံးကို တစ်စုတစ်စည်းတစ်နေရာထဲမှာ လေ့လာဝယ်ယူရရှိနိုင်ရန် ရည်ရွယ်ပြီး ဝင်ရောက်ပြသခြင်းဖြစ်ပါတယ်။

## KKA

ဝယ်ယူသည့်ပစ္စည်းများအပေါ်မူတည်ပြီး Discount လျှော့ချပေးသွားမည့် အပြင် အခြားလက်ဆောင် ပစ္စည်းများလည်းပေးသွားမည် ဖြစ်သည်။ ဈေးနှုန်းအမျိုးမျိုး ဖုန်းများကို ဝယ်ယူရရှိနိုင်ပါသည်။

## Do Do Ko Ko

ကျပ် 150,000နှင့်အထက် ဝယ်ယူ အားပေး သော Customerများအား 10% Discountနှင့် အတူ Singapore Brand Cube MP3 Player များကို တစ်နေ့လျှင် 10 လုံး မဲနှိုက်ကာ လက်ဆောင်ပေးခြင်းဖြင့် ကျေးဇူး ပြန်လည် တုံ့ပြန် သွားပါမည်။ အရည်အသွေးမြင့် Japan စက်ပစ္စည်းများကို ချိုသာသော ဈေးနှုန်းဖြင့် အကောင်းဆုံး ရောင်းချပေးပါမည်။

## Citicom

ဗလာမပါ ကံစမ်းမဲနှင့် ထပ်ဆင့် ကံစမ်းများ ဖောက်ပေးသွားမည် ဖြစ်သည်။ ကျပ်တစ်သိန်းနှင့် အထက် ဝယ်ယူ သူတိုင်းအတွက် Samsung Tablet နှင့် Smart Phone များကို ထပ်မံကံစမ်းခွင့် ရရှိမည့် အထူး အစီအစဉ်များလည်း ပါဝင်သည်။ငွေသား ကံစမ်းမဲအပြင် အခြားသော ကွန်ပြူတာနှင့်ဆက်စပ်ပစ္စည်းများကို ကံစမ်းမဲ ဖောက်ပေးသွားမည် ဖြစ်သည်။

## Lenovo

Lenovoမှ အထူးဈေးနှုန်းသက်သာသော Notebook တစ်မျိုးကို ပြပွဲရက်အတွင်းသာ ကန့်သတ်ရောင်းချသွားမည်ဖြစ်ပြီး Notebook, Desktop, All in One Pc ဝယ်ယူသူများအတွက် ငွေကျပ်သိန်း(၃၅၀)ကျော်တန်ဖိုးရှိ အဖိုးတန်ပစ္စည်းများကို ခဲခြစ်ကံစမ်းမဲ အစီအစဉ်ဖြင့် ကံစမ်းနိုင်မည် ဖြစ်သည်။ ကံစမ်းမဲ ဆုမဲပစ္စည်းများမှာ ရွှေဆွဲကြိုး၊ Lenovo Notebook၊ Lenovo Smart Phone၊ ၃၂ လက်မ LED TV၊ ရေခဲသေတ္တာ၊ အဝတ်လျှော်စက်၊ Apple iPod Touch (16GB,32GB)၊ ထမင်းပေါင်းအိုး၊ လျှပ်စစ်မီးပူ၊ ကော်ဖီဖျော်စက်၊ ပန်ကာ၊ 4HD Receiver စက်၊ Gift Package၊ EVD Player၊ Hot Plate အစရှိသော ငွေကျပ်သိန်း (၃၅၀)ကျော် တန်ဖိုးရှိ ပစ္စည်းများကို ချက်ချင်းပေါက် ချက်ချင်းယူ စနစ်ဖြင့် ပြုလုပ်ပေးသွားမည်ဖြစ်သည်။ အဆိုပါ ခဲခြစ် ကံစမ်းမဲ အစီအစဉ်ကို မြန်မာ တစ်နိုင်ငံ လုံးရှိ Lenovo အရောင်းဆိုင်တိုင်းတွင်ပါ ကံစမ်းနိုင်မည် ဖြစ်သည်။

## Art Man

နောက်ဆုံး ထွက်ရှိလာတဲ့ Card Printer နှစ်မျိုး (Primacyနဲ့ Zenius)ကို Promotion အနေနဲ့ ဈေးချပြီး ရောင်းချ ပေးသွားမှာဖြစ်ပါသည်။ Zenius Card အသက်သာဆုံး ဈေးနဲ့ ရောင်းချပေးသွားဖို့ အစီအစဉ်များရှိပါသည်။

## HTC



8.5.2013 မှ 8.8.2013 ထိ ကြာမြင့်မည် ဖြစ်သော HTC၏ ကံစမ်းမဲ အစီအစဉ်များ ပါဝင်မည် ဖြစ်သည်။ Butterfly ဝယ်ယူသူတိုင်းအတွက် urbeats in-ear HeadPhones လက်ဆောင် ပေးသွားမည့်အပြင် စင်္ကာပူ အလည်အပတ် ခရီးစဉ်၊ Panasonic TV၊ Toyota Belta ကားများ ကံစမ်းမဲအစီအစဉ်တွင် ပါဝင်မည် ဖြစ်သည်။

## Panasonic




Advanced Vision Co., Ltdမှ တပ်မတော်ခန်းမ Exhibition (Booth No.G.16)တွင် ပါဝင်ပြသမည့် ကမ္ဘာကျော် အမှတ်တံဆိပ်ဖြစ်သည့် Panasonic တံဆိပ် LUMIX Cameraအစရှိသော မည်သည့်Digital Camera ဝယ်ယူ သူတိုင်းအတွက် အထူးအစီအစဉ်အဖြင့် SD 4GBနှင့် Lumix Pouchအား လက်ဆောင် ပေးအပ်သွားမည်ဖြစ်ပြီး LCD (သို့) LED ဝယ်ယူသူများကိုလည်း Men Shaverများကို လက်ဆောင်များ ပေးအပ်သွားမည် ဖြစ်သည်။

## Yadanabon Cyber Service

CCTV Camera များ၊Camera Detector၊၊IP PBX ၊ Video Door phone/ Intercom System Alarm System၊ GSM Handsetများကို ဆယ်ရာခိုင်နှုန်း လျှော့ဈေးဖြင့် ရောင်းချသွားမည်။ Ability Software Services Co., Ltd.မှ တပ်မတော်ခန်းမ Exhibition (Booth No.15) တွင် ပါဝင်ပြသမည့် လုပ်ငန်းသုံး Software များမှာ - Banking System, Integrated Accounting System, Point of Sale Management System Hotel & Restaurant Management System, Beauty Saloon Management System Money Changer Management System, SMART Restaurant Management System Mortgage Management System Human Resources Management System တို့ ဖြစ်သည်။

## Mobile Friend

(Dell, Lenovo, Fuijitsu, Toshiba, NEC,...) Japan Used Laptopများကို အဓိက ရောင်းချပေးသွားမည် ဖြစ်ပါသည်။ (Dell - D610 Model Laptop) ကို ငွေကျပ် (K 95,000)ဖြင့် ရောင်းချပေးသွားမည်ဖြစ်ပြီး Laptop တစ်လုံး ဝယ်ယူသူတိုင်းကို လက်ဆောင် (၁၀) မျိုး ပေးအပ်သွားမည် ဖြစ်ပါသည်။ ထို့အပြင် အထူးအစီအစဉ်အနေဖြင့် ပြပွဲကာလ (၃)ရက်အတွင်း ဝယ်ယူအားပေးသော Customerများအား ကျေးဇူးတုံ့ပြန်သော အနေဖြင့် (Lenovo T61! Core 2Duo 1.8GHz, 1GB RAM, 80GB HDD, 256 MB VGA, DVD-RW) Laptopကို ကံစမ်းမဲ ဖောက်၍ ချီးမြှင့်ပေးသွားမည် ဖြစ်ပါသည်။


YANGON ICT FAIR
IT, MOBILE AND EDUCATION
BOOTH PLAN
May 24 - 26, 2013
Tatmadaw Exhibition Hall
Organized by MCPA & MCIA. This booth plan is referenced from MCPA & MCIA. Last updated on May 26, 2013.
MYANMAR ICT JOURNAL
WEEKLY JOURNAL OF INFORMATION AND COMMUNICATIONS TECHNOLOGY
WWW.MYANMARICT.COM
D1 NEO TECH
D2 YANGON DEVELOPMENT
B3 CITICOM
KMD
B1 GOLDEN POWER
A3 HTC
A4 Gandamar
B2 MRS
B4 KKA
D3 MCC
D4 Art Work
H7 Trade
H6 Seccome
H5 Kyaw Zayar
H4 Easy Pay
H3 I Kit
E2 T Land
G8 Blue Ocean
G9 Mobile Friend
G10 Technomation
F Life Mark
G11 Y Link
G12 Eastern
G7 Dragon Wing
G6 Star Univer;
H2 Kenicon
H1 YDP Fibre
E1 Next Tier
G5 DO DO KO KO
G4 NET Guide
G3 Colour Star
G2 LU LAY
G1 MMG
S
L
G17 IEM
G16 Advance Vis
G15 Ability Soft
G14 King Power
G13 Web Host
E3 Padauk
C1 Mandalay Line
A7 Softcom
A5 KMD
A1 Alliance Star
A2 FOREVER
A6 KNOWLEDGE MANAGEMENT
A8 TECHLOLAND
C2 FIDONET
H9 sm3
H10 Global Tech;
H11 Smart Compu
H12 iNtegra
H13 Artman
H14 May
ENTRANCE
BACK AREA
OFFICE
ASSEMBLER

အိုင်စီတီ ဂျာနယ်
MYANMAR ICT JOURNAL
Volume 2, Issue 19


## WHO WE ARE

### MYANMAR ICT JOURNAL

| | |
|---|---|
| Telephone | (01) 430-897, (01) 553-918 |
| Email (Ad) | advertising@myanmarict.com |
| Email (News) | newsroom@myanmarict.com |
| Email (Classified) | classified@myanmarict.com |
| SubscribeICT | circulation@myanmarict.com |
| Website | www.ict.com.mm |
| | www.facebook.com/myanmarict |
| Head Office | 58B, Myanma Gon Yaung Housing, Than Thu Mar Road, Tamwe Township, 11211, Yangon, Myanmar. |

### EDITORIAL TEAM

| | |
|---|---|
| CEO<br>Editor in Chief | Phyo Min Min |
| Editor | Than Htay |
| Feature Editor | Dr. PTS,<br>Ma Naw Phyu Lay, Ma Ma Zee Kwet, |
| | APT, TZO,<br>Nay Aung Latt,<br>iGeek, Key |
| Translator | Min Khant |
| Reporter | Daiwe, Jet Sin, Myo Zin,<br>Thant Sin Oo |
| Proof Editor | Thandar Su Htwe,<br>Kyawt Kyawt Paing |
| Accountant | Wai Wai Tun |
| Illustration | Ko Ko Aung, Lin Kyal<br>Thi Ha |
| Photographer | Thein Zaw Win (Photo Magic) |
| Art Director | Media Lane, The Creative Agency |
| Film | Eagle Press Colour Separation |
| Printing | Seik Ku Cho Cho |

### ADVERTISING

| | |
|---|---|
| Snr. Marketing | Thwe Thwe Aye |
| Coordinator | May Thu Kyaw, Ei Hnin Phyo, Si Thu Soe Paing, Moe Thidar Hlaing |

### CIRCULATION/ DISTRIBUTION

| | |
|---|---|
| Manager | U Aung Than Htun |
| Coordinator | Nyi Min Htike, Soe Min Paing |

မြန်မာအိုင်စီတီဂျာနယ်ကို ယာယီမှတ်ပုံတင်အမှတ် ၁၅၂၁ဖြင့် ထုတ်ဝေပါသည်။


# ဖုန်းတွင် ပေးထားသော Password မေ့သွားပြီဆိုပါက Pattern Lockကို Google Accountဖြင့် ဖွင့်နိုင်ပြီ

တစ်စုံတစ်ခုသော အကြောင်းအရာကြောင့် ဖုန်းတွင် မိမိပေးထားသော Password မေ့သွားပြီဆိုပါက အခက်တွေ့ရပါသည်။ အများစု ပေးတတ်သည့် Lock ပုံစံသည် အရစ်၊ အဆွဲ အမျိုးမျိုးဖြင့် ဆက်သွယ်ရသည့် Pattern Lockနှင့် ကိန်းဂဏန်းများ အသုံးပြုရသည့် PIN Lockတို့ပင် ဖြစ်သည်။ ထိုအထဲမှ Pattern Lock ဖြည်နည်းအား ဖော်ပြချင်သည်။ Pattern Lockအား ဖြည်သည့်အခါ နည်းအမျိုးမျိုး ရှိပြီး တချို့မှာ Applicationများဖြင့် ဖြည့်ကြသည်။ ယခု ဖော်ပြချင်သည့် Pattern Lock ဖြည်နည်းမှာ Google Accountဖြင့် ဖြည်နည်း ဖြစ်သည်။ Google Accountဖြင့် ဖြည်ရမည် ဖြစ်သောကြောင့် မိမိဖုန်းတွင် အင်တာနက် ကွန်နက်ရှင် ရနေရန် လိုအပ်ပြီး Google Account တစ်ခု ရှိရန်လည်း လိုသည်။ ပထမဦးဆုံး တခြား ဖုန်းတစ်လုံးမှ Lockကျနေသော မိမိဖုန်းအား ခေါ်ပါ။ Answer Key နှိပ်ပြီး Backkeyအား ပြန်နှိပ်ပါ။ Setting ထဲမှ Location & Security ကို သွားပါ။ ထို့နောက် Disable Lock Patternအား နှိပ်ပါ။ ထိုအဆင့်ပြီးပါက Setting ထဲမှ Account & Syncသို့ သွားပြီး Add Accountအား နှိပ်ပါ။ ပြီးနောက် မိမိ အသုံးပြုမည့် Google Accountအား ရိုက်ထည့်ရမည် ဖြစ်သည်။ ဖုန်းတွင် Google Account ထည့်သွင်းအသုံးပြု နေကြသူများအတွက် ယခုအဆင့်အား လုပ်ရန် မလိုအပ်ပါ။ ပြီးနောက် ဖုန်းချလိုက်ပါ။ ဒုတိယအကြိမ် ဖုန်းအား ပြန်ကိုင်ပါ။ Pattern Lockကို နှိပ်ပါ။ " You have incorrectly drawn your unlock pattern 5 times. Please try again in 30 seconds"ဟု ပေါ်လာပါလိမ့်မည်။ OKကို နှိပ်ပါ။ စက္ကန့် ၃၀လောက် စောင့်ပါ။ ထို့နောက် Forgot Patternကို နှိပ်ပါ။ Sign In လုပ်ရန် တောင်းဆိုလာသည့်အခါ မိမိဖုန်းတွင် ဖြည့်ထားသည့် Gmail၏ Usernameနဲ့ Passwordအား ဖြည့်လိုက်ပါ။ ထိုအခါ Pattern Lockအသစ် ထပ်တောင်းပါလိမ့်မည်။ ထပ်မံပြီး အသစ် ထပ်ဆွဲပေးလိုက်ပါ။ ယခု မိမိ ထပ်ဆွဲပေးလိုက်သော Pattern Lockသည် ဖုန်း အတွက် Lockအသစ် ဖြစ်သောကြောင့် အသေအချာမှတ်သားပြီး Confirm လုပ်လိုက်ပါ။ ဒီနည်းအားဖြင့် မေ့နေသော Pattern Lockအား ဖြည်နိုင်ပြီး Pattern Lock အသစ် ရရှိမှာ ဖြစ်သည်။

# Samsung AV Chelsea Trip Promotionက ဘန်ကောက်မြို့ အလည်အပတ် ထွက်ရင်း Chelsea ဘောလုံး ကြည့်ခွင့်




ဘန်ကောက်မြို့တွင် အလည်အပတ် ထွက်ရင်း Undsea ဘောလုံးကြည့်ခွင့်ရမည့် အစီအစဉ်ဖြစ်သော Samsung AV Chelsea Trip Promotionကို စာနယ်ဇင်းမိတ်ဆက်ခြင်း အခမ်းအနားကို Park Royalတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ Samsung LED/ LCD, Smart TV အမျိုးအစားကို ဝယ်ယူသူတိုင်း ပါဝင်ခွင့် ရရှိမည့် အစီအစဉ်ဖြစ်သည်။ အဆိုပါ ပစ္စည်းများကို Samsung Brand Shopများနှင့် Electronic ဆိုင်များတွင် ဝယ်ယူသူတိုင်းကို ကံစမ်းမဲပေါက်ခွင့် ရရှိမည် ဖြစ်ပြီး ကံစမ်းမဲကာလကို မေလ ၂၂ရက်နေ့မှ ဇွန်လ ၂၃ရက်နေ့အထိ သတ်မှတ်ထားကြောင်း သိရသည်။ ကံထူးရှင်များကို ဇူလိုင် ၁ရက်နေ့တွင် ကံစမ်းမဲ ဖောက်ပေးပြီး သက်ဆိုင်ရာများတွင် ကြေညာပေးသွားမည် ဖြစ်သည်ဟု သိရပါသည်။ ခရီးစဉ် မလိုက်ဖြစ်ပါက ငွေသားနှင့် လဲလှယ်ပေးသွားမည်ဟု သိရပါသည်။

# Miss Supranational Myanmar 2013ကို ဇူလိုင်လတွင် မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ် ကျင်းပမည် ဖြစ်၍ လျှောက်လွှာ ခေါ်ယူ

Miss Supranational Myanmar 2013ပြိုင်ပွဲကို ၂၀၁၃ခုနှစ်၊ ဇူလိုင်လတွင် ခမ်းနား သိုက်မြိုက်စွာ ကျင်းပမည် ဖြစ်ပြီး၊ အလှမယ်များကို စနစ်တကျ ရွေးချယ်ယှဉ်ပြိုင်စေမည် ဖြစ်ကာ ပထမဆု ရရှိသူ Miss Supranational Myanmarကို ဆုငွေကျပ်သိန်း ၃၀၊ ဒုတိယဆုကို ကျပ်သိန်း ၂၀၊ တတိယဆုကို ကျပ် ၁၀သိန်းနှင့် အခြား Titleဆု တစ်ခုစီအတွက် ကျပ် (၂)သိန်းစီ ချီးမြှင့်သွားမည်ဟု Miss Supranational Myanmar 2013 အလှမယ်ပြိုင်ပွဲ၏ စာနယ်ဇင်း ရှင်းလင်းပွဲအရ သိရပါသည်။ "အရည်အချင်း ပြည့်ဝပြီး လှပကြော့ရှင်းသူ မြန်မာအလှမယ်များ အတွက်ကတော့ ကမ္ဘာ့အဆင့်အထိ ထင်ရှားကျော်ကြားစေမယ့် အလှမယ် ရွေးချယ်ပွဲကြီးမှာ ပါဝင်ယှဉ်ပြိုင်ခွင့် ရစေမယ့် အခွင့်အလမ်းကောင်း တစ်ရပ်ပဲ ဖြစ်ပါတယ်"ဟု အဆိုပါပွဲကို စီစဉ်သူတစ်ဦးက ပြောသည်။ ပြိုင်ပွဲဝင်လိုသူများ အနေဖြင့် လျှောက်လွှာများကို Miss Myanmar Office, Website – www.missupranational.myanmar.ong နှင့် Facebook – www.facebook.com/misssupranationalmyanmarတို့တွင် အခမဲ့ရယူနိုင်ပြီ ဖြစ်သည်။ ဇွန်လ ၂၅ရက်နေ့ထက် နောက်မကျစေပဲ Miss Supranational Myanmarရုံး တည်ရှိရာ G1 (14)၊ အဆောင် (င)၊ ပုလဲကွန်ဒို၊ ဗဟန်းမြို့နယ်သို့ လူကိုယ်တိုင် ပေးပို့နိုင်ကြောင်း သိရသည်။ Miss Supranational Mynmar 2013 ပြိုင်ပွဲ ဝင်လိုသူများသည် အောက်ပါ သတ်မှတ်ချက်များနှင့် ကိုက်ညီရမည် ဖြစ်ပါသည်။ ပြိုင်ပွဲဝင်သည် မြန်မာလူမျိုး၊ အမျိုးသမီး ဖြစ်ရပါမည်။ ၁၊ ၈၊ ၂၀၁၃ခုနှစ်တွင် အသက် (၁၈)နှစ်ပြည့်ပြီးသူနှင့် (၂၆)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။ အိမ်ထောင်မရှိသူ၊ အပျိုဖြစ်ရမည်။ အရပ် (၅)ပေ (၅)လက်မနှင့် အထက် ရှိသူ ဖြစ်ရမည်။ ရုပ်ရည်ချောမောပြီး ခန္ဓာကိုယ် အချိုးအစား ပြေပြစ်လှပသူ၊ နှစ်လိုဖွယ် အမူအရာနှင့် ကိုယ်နေဟန်ထားရှိသူ ဖြစ်ရမည်။ ကျန်းမာရေး ကောင်းမွန်သူ ဖြစ်ရမည်။ အကျင့်စာရိတ္တ ကောင်းမွန်သူ ဖြစ်ရမည်။ အနိမ့်ဆုံး ပညာအရည်အချင်း တက္ကသိုလ်ဝင် စာမေးပွဲ အောင်မြင်ပြီးသူ ဖြစ်ရမည်။ အထွေထွေ ဗဟုသုတကြွယ်ဝပြီး ဉာဏ်ရည် ဉာဏ်သွေး ထက်မြက်သူ၊ ပရိသတ် အများရှေ့တွင် ကျွမ်းကျင်လိမ္မာစွာဖြင့် စကားပြောဆိုနိုင်သူ ဖြစ်ရပါမည်။ အင်္ဂလိပ်ဘာသာ စကားပြောနိုင်သူ ဖြစ်ရမည်။ (Final ပြိုင်ပွဲတွင် English Essay/ Impromptu Talk Competition ယှဉ်ပြိုင်ရမည် မဟုတ်ပါ) အသင်းအဖွဲ့ဖြင့် ပူးပေါင်း ပါဝင်ဆောင်ရွက်တတ်သူ ဖြစ်ပြီး Organizer၏ လမ်းညွှန်ချက်များ၊ စည်းမျဉ်း စည်းကမ်းများကို လက်ခံလိုက်နာနိုင်သူ ဖြစ်ရပါမည်။ Photo 4"×6" Size မျက်နှာ အနီးကပ်ပုံ (၁)ပုံ၊ ကိုယ်တစ်ပိုင်းပုံ (၁)ပုံ၊ တစ်ကိုယ်လုံးပုံ (၁)ပုံ၊ စုစုပေါင်း ဓာတ်ပုံ (၃)ပုံနှင့်အတူ ပူးတွဲပေးပို့ရမည်။ မြန်မာနိုင်ငံသား မှတ်ပုံတင် မိတ္တူ (၁)စုံ၊ အိမ်ထောင်စုစာရင်း မိတ္တူ (၁)စုံ၊ မိဘအုပ်ထိန်းသူ ခွင့်ပြုစာ (၁)စောင် ပါရမည်။ လျှောက်လွှာကို Miss Supranational Myanmar ရုံးသို့ ၂၀၁၃၊ ဇွန်လ (၂၅)ရက်နေ့ နောက်ဆုံးထား ပေးပို့ရပါမည်။

# ဇေယျာရွှေမြေ ဘောလုံးအသင်းနှင့် Singtech IT & Communication Pte., Ltd. (Singapore)တို့၏ Sponsorship လက်မှတ်ရေးထိုးပွဲ ကျင်းပ

မြန်မာဘောလုံးအသင်း ဇေယျာရွှေမြေအသင်းအား Singtech Pte., Ltd.က ယခုနှစ် ၂၀၁၃ -၂၀၁၄ ဘောလုံးရာသီကို Sponsor ပေးသွားမည် ဖြစ်ကြောင်း Singtech Pte., Ltd.မှ General Manager Mr. Andyမှ ပြောကြားခဲ့ပါသည်။ "ကျွန်တော်တို့ရဲ့ လူကြီးက မြန်မာ့ဘောလုံးပွဲကို စိတ်ဝင်စားတယ်၊ တိုင်ပင်ကြည့်လိုက်တဲ့အခါမှာ ဇေယျာရွှေမြေအသင်းက အလားအလာ ရှိတယ်လို့ ကျွန်တော်ထင်ပါတယ်။ ဘာလို့လဲဆိုတော့ အခုလောလောဆယ်က ပထမဆုံး နေရာမှာ ရှိတယ်လေ"ဟု Singtechမှ တာဝန်ရှိသူ တစ်ဦးက ပြောပါသည်။ "ကျွန်တော်တို့ ဇေယျာရွှေမြေအသင်းက ၂၀၁၀ခုနှစ်မှာ ဒုတိယ၊ ၂၀၁၁ခုနှစ်မှာ တတိယ၊ ၂၀၁၂ခုနှစ်မှာ စတုတ္ထ ရရှိခဲ့ပြီး၊ ၂၀၁၃ခုနှစ် MNLပြိုင်ပွဲမှာ ချန်ပီယံ ဖြစ်ခဲ့ပါတယ်။ ဆက်လက်ပြီးလည်း ကြိုးစားနေသလို ကျွန်တော်တို့ ကိုယ်စားပြုနေတဲ့ စစ်ကိုင်းတိုင်းအသင်းအနေနဲ့ အခုလို Sponsorပေးတဲ့ Singtechကိုလည်း အထူးကျေးဇူးတင်ရှိပါတယ်"ဟု ဇေယျာရွှေမြေ အသင်းပိုင်ရှင် ဦးသူရိန်က ပြောပါသည်။

# ဒေါ်လာဈေး မြင့်တက်လာရခြင်း အကြောင်း


Image Credit: www.arabiangazette

TZO

ပြီးခဲ့သည့် ဘဏ္ဍာရေးနှစ်အတွင်း မြန်မာနိုင်ငံ၏ GDPသည် ၆ဒသမ ၅ ရာခိုင်နှုန်း တိုးတက်လာပြီး ရှေ့လာမည့် ဘဏ္ဍာနှစ်တွင် ၇ရာခိုင်နှုန်းအထိ တိုးတက် လာနိုင်ကြောင်း အပြည်ပြည်ဆိုင်ရာ ငွေကြေး ရန်ပုံငွေ အဖွဲ့ (IMF)မှ လေ့လာသုံးသပ်ရေး အဖွဲ့ခေါင်းဆောင် မက်တ်ဒေးဗီးစ်က ရန်ကုန်မြို့၊ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်တွင် မေ ၂၂က ပြုလုပ်သော သတင်းစာ ရှင်းလင်းပွဲ၌ ထည့်သွင်း ပြောကြားခဲ့ကြောင်း သိရသည်။ ၎င်းက မြန်မာနိုင်ငံအတွက် ယင်းတို့ အမြင်မှာ အပေါင်း လက္ခဏာဆောင်ကြောင်း၊ ပြီးခဲ့သည့် ဘဏ္ဍာရေးနှစ်အတွင်း တိုးတက်မှုနှုန်း ၆ဒသမ ၅ရာခိုင်နှုန်း ရှိကြောင်း၊ သဘာဝ ဓာတ်ငွေ့ကဏ္ဍ၊ ဆောက်လုပ်ရေးနှင့် ဝန်ဆောင်မှု ကဏ္ဍများမှ ဤမျှ တိုးတက်မှု ရရှိခဲ့သည်ဟု ခန့်မှန်းထားပြီး ရင်းနှီးမြှုပ်နှံမှု အပိုင်းတွင် အရှိန်ရလာပြီး အခြေအနေ မကောင်းခဲ့သော စိုက်ပျိုးရေးကဏ္ဍ ပြန်၍ နာလန်ထူလာရာမှ လာမည့် ဘဏ္ဍာရေးနှစ် အတွင်း တိုးတက်မှု ၇ရာခိုင်နှုန်းခန့်အထိ ဖြစ်လာနိုင်ကြောင်း ပြောကြားခဲ့ပါသည်။ ၎င်းအပြင် မြန်မာနိုင်ငံ စီးပွားရေးနှင့် ဘဏ္ဍာငွေကြေးပိုင်း ရှေ့အလားလာများ ကောင်းမွန်နေကြောင်းလည်း IMFက ခန့်မှန်း ပြောဆိုသေးသည်။ လက်ရှိကာလ မြန်မာ့ငွေကြေး ကဏ္ဍတွင် အများအာရုံစိုက်နေသော အမေရိကန် ဒေါ်လာနှင့် မြန်မာကျပ်ငွေ လဲလှယ်ရာတွင် ဒေါ်လာငွေဈေး တဖြည်းဖြည်းချင်း မြင့်တက်လာနေသော ကိစ္စနှင့် စပ်လျဉ်း၍ မေလ ၂၂ရက်နေ့ ပြင်ပ ငွေလဲနှုန်းများမှာ တစ်ဒေါ်လာဝယ်ဈေး ၉၄၆ကျပ် ဖြစ်ပြီး၊ ရောင်းဈေးမှာ ၉၅၀ကျပ်ဖြစ်ကြောင်း၊ ယင်းကဲ့သို့ ငွေလဲနှုန်းမာလာခြင်းမှာ ကုန်သွယ်ရေး အဝင်အထွက် မညီမျှမှုကြောင့် ဖြစ်ကြောင်း၊ မက်တ်ဒေးဗီးစ်က ဆိုပါသည်။

"ဒါဟာ ကုန်သွယ်ရေးမှာ မညီမျှ ဖြစ်နေတာက အဓိက ဖြစ်မယ်လို့ ထင်ပါတယ်။ ကုန်ပစ္စည်း တင်သွင်းတာက အလျင်အမြန် ကြီးထွားလာနေပြီး လူတွေက ဒေါ်လာကို ပိုပြီး လိုလာကြတာကြောင့် ငွေလဲနှုန်း မြင့်နေတဲ့ ပုံရပါတယ်။ လွန်ခဲ့တဲ့ သီတင်းပတ်အနည်းငယ်အတွင်း ဈေးကွက်ထဲမှာ အလျင်အမြန် အရွေ့အပြောင်းတွေ ရှိခဲ့ပြီး ဒါဟာ ဈေးကွက်က မောင်းနှင်တာကြောင့် ဖြစ်ပုံရပါတယ်။ မြန်မာနိုင်ငံတော် ဗဟိုဘဏ် အနေနဲ့ ငွေလဲနှုန်းကို ပုဂ္ဂလိက ဘဏ်တွေနဲ့ နေ့စဉ်ပူးပေါင်း ညှိနှိုင်းပြီး သတ်မှတ်တာ ကြောင့် ဈေးအတက်အကျကို ဗဟိုဘဏ်က မောင်းနှင်နေတာ မဟုတ်ပဲ ချောမွေ့အောင် လုပ်ပေးနေတာပဲ ဖြစ်ပါတယ်"ဟု မစ္စတာ ဒေးဗီးစ်က ဆက်လက်ပြောကြားပါသည်။ ပြည်တွင်းငွေကြေး မူဝါဒတွင် ဗဟိုဘဏ်၏ အခန်းကဏ္ဍက အရေးပါ နေကြောင်းကို လည်း IMFက ထောက်ပြပြီး လောလော ဆယ်တွင် ငွေဖောင်းပွမှုနှုန်းမှာ မျှတပြီး တည်ငြိမ်နေသော်လည်း ငွေကြေး တိုးပွား လာခြင်း၊ အိမ်ခြံမြေ ဈေးနှုန်းနှင့် လုပ်ခလစာ တိုးမြှင့်လာခြင်း စသော အကြောင်းအချက် များလည်း ရှိနေကြောင်း ၎င်းက သုံးသပ် ပြောဆိုသည်ဟု သိရသည်။

# အမှတ် (၄) လမ်းမကြီးတစ်လျှောက် မြေဈေးကွက်များ စတင် လှုပ်ရှား

နွေဦးလွင်

ရန်ကုန်၊ မော်ဘီ အမှတ် (၄) လမ်းမကြီး တစ်လျှောက် လယ်ယာမြေ ဥယျာဉ်ခြံမြေ များကို လုပ်ငန်းရှင်များမှ စိတ်ဝင်စားလျက် ရှိကြသည်။ လက်ရှိအခြေအနေ၊ လက်ရှိမြေ အနေအထားကို ဂိုဒေါင်များ ကုန်သိုလှောင် ရုံများ တည်ဆောက်ရေး ပြည်ပမှ ရင်းနှီး မြှုပ်နှံသော ကုမ္ပဏီများ လာရောက်ချိန်တွင် ပြန်လည်အငှားချထားခြင်းရောင်းချခြင်းများ ပြုလုပ်၍ သင့်တော်သော မြေနေရာ အမျိုး အစားများ ဖြစ်သောကြောင့် မြေအဝယ် လိုက်လာခြင်း ဖြစ်သည်။ ရန်ကုန်မြို့နှင့် ဆက်သွယ်ရာ မဟာဗျူဟာ လမ်းမကြီးဖြစ် သောကြောင့် အမှတ် (၄)လမ်းမကြီးအား စီးပွားရေး လုပ်ငန်းရှင်များ အထူး စိတ်ဝင် စားပြီး လယ်ပိုင်ရှင် မြေပိုင်ရှင် ဥယျာဉ်ခြံ မြေပိုင်ရှင်များသည် မြေကွက်နေရာအလိုက် ကုမ္ပဏီများသို့ ငှားရမ်းထားခြင်း၊ ရောင်းချ ခြင်း၊ ပေါင်နှံခြင်းများ ပြုလုပ်လျက်ရှိကြောင်း သိရပါသည်။ လက်ရှိမြေအနေအထား လမ်း ဘေးတစ်လျှောက်ရှိ မြေဈေးနှုန်းမှာ ၂နှစ်၊ ၃နှစ်အတွင်း ယခင်ကာလ တန်ဖိုးထက် ၂ဆ၊ ၃ဆခန့် မြင့်တက်သွားသောကြောင့် မြေတစ်ဧက၏ ယခုဈေးနှုန်းမှာ တန်ဖိုး ငွေ ကျပ်သိန်း ၁၀၀ကျော်မှ သိန်း ၃၀၀ကျော် အထိ ရှိလာကြောင်း မြေပိုင်ရှင် တစ်ဦးမှ ပြောကြားခဲ့ပါသည်။ သီလဝါရှိ မြေကွက်များ တန်ဖိုးငွေ ကျပ်သိန်းပေါင်း သောင်းချီမြှင့်မား လာသောကြောင့် အမှတ် (၄) လမ်းမကြီး တစ်လျှောက် မြေကွက်များကို စီးပွားရေး လုပ်ငန်းရှင်များ စိတ်ဝင်စားလျက်ရှိကြောင်း သိရပါသည်။



အိုင်စီတီ ဂျာနယ်
Volume 2, Issue 19
MYANMAR ICT JOURNAL

# Dell တံဆိပ်ပစ္စည်းများ KMD ဖြန့်ဖြူးရောင်းချခွင့် ရရှိ




ဓာဝီ

အမေရိကန် နိုင်ငံ အခြေစိုက် Dell ကွန်ပျူတာ ကုမ္ပဏီမှ KMD ကုမ္ပဏီအား ဖြန့်ဖြူးရောင်းချခွင့်နဲ့ အကျိုးတူ ပူးပေါင်းဆောင်ရွက်မှု Partner Certificate လက်မှတ်ပေးပွဲကို မေလ ၂၁ ရက် နေ့လည်တွင် ရန်ကုန်မြို့ Park Royal ဟိုတယ်မှာ ကျင်းပ ပြုလုပ်ခဲ့သည်။ Mr.Anothai Wettayakorn (Manganing Director & General Manager, Dell Indochina)မှ ဈေးကွက်စီးပွားရေးစနစ်တွင် Dell အမှတ်တံဆိပ်၏ တည်ဆောက်ပုံ အဆင့်ဆင့်နှင့် Dell ၏သိလိုဖွယ်ရာအချို့ကို တင်ပြခဲ့သည်။ KMD၏ New Parter Mr. Ronald အောင်မိုးရွှေမှ Partner Certificateကို လက်ခံ ရယူပြီးနောက် ကျေးဇူးတင်စကား ပြောကြားခဲ့သည်။ Dell ဟာ မြန်မာနိုင်ငံမှာ သာမက နိုင်ငံတကာ ဈေးကွက်များတွင် လည်း နည်းပညာပိုင်းဆိုင်ရာတွင် ထိပ်တန်းဝင် အမျိုးအစား တစ်ခု ဖြစ်ပြီး နောင်ပိုင်းများတွင် မြန်မာနိုင်ငံသို့ Netbook, Desktopနဲ့ အခြား အိုင်တီဆိုင်ရာ ပစ္စည်း များကို တိုးချဲ့ ဖြန့်ဖြူးသွားမည် ဖြစ်ကာ နေ့စဉ် ဈေးကွက်ထဲမှာ အလျင်အမြန် ကြီးထွားနေတဲ့ ထုတ်ကုန်တွေရဲ့ အရောင်း လိုအပ်ချက်ကို ဖြည့်ဆည်းသွားမည်ဟု သိရပါသည်။

# မြန်မာ့အင်တာနက် လွတ်လပ်ခွင့် ဖိုရမ် (Myanmar Internet Freedom Forum)




ဓာဝီ

မြန်မာ့အင်တာနက် လွတ်လပ်ခွင့် ဖိုရမ် (Myanmar Internet Freedom Forum) ကို ရန်ကုန်မြို့ လှိုင်တက္ကသိုလ်များ နယ်မြေရှိ MICT Parkတွင် ကျင်းပမည် ဖြစ်ပါသည်။ ဇွန်လ (၁၁)ရက်နေ့ နံနက် ၉နာရီတွင် ဆွေးနွေးမည့် လျာထားခေါင်းစဉ်များ အနေဖြင့် Internet Governance, Internet Freedomနှင့် လက်ရှိ မြန်မာနိုင်ငံ အခြေအနေ၊ Access (အင်တာနက် ချိတ်ဆက်ဆက်သွယ်နိုင်မှု)၊ Securing Fundamental Human Rights on the Internet (အခြေခံ လူ့အခွင့်အရေးများကို အင်တာနက်ပေါ်တွင်လည်း ရရှိစေရန်)၊ Global Nature of Internet and Local Laws (အင်တာနက်၏ သဘောသဘာဝနှင့် ပြည်တွင်း ဥပဒေများ)၊ Responsibility of the State (အစိုးရ၏ တာဝန်ယူမှု)များနှင့် ပတ်သက်သော အကြောင်းအရာများကို စောင်းပေးပြီး ဆွေးနွေးသွားမည် ဖြစ်သည်။ ပထမနေ့ ဆွေးနွေးပွဲမှ ဆွေးနွေးချက်များကို အခြေခံကာ ဒုတိယနေ့တွင် မြန်မာနိုင်ငံရှိ အင်တာနက် လွတ်လပ်ခွင့်နှင့် ပတ်သက်သော စောင့်ကြည့် လေ့လာ သင့်သည့် အချက်များ၊ စောင့်ကြည့်လေ့လာပုံများ အကြောင်း ထပ်မံလေ့လာပြီး စောင့်ကြည့်လေ့လာရေး အဖွဲ့တစ်ဖွဲ့ကို နယ်မှ ဖိတ်ကြားထားသော လူငယ်များဖြင့် အခြေပြု ဖွဲ့စည်းသွားမည် ဖြစ်ပါသည်။ ထို အဖွဲ့ ကောင်းမွန်ထိရောက်စွာ အလုပ် လုပ်နိုင်ရေးအတွက် လူကြီးမင်း၏ အတွေ့အကြုံနှင့် သိမှတ်ထားမှုများကို သက်ဆိုင်ရာ ကဏ္ဍများမှ တစ်ဆင့် ပါဝင် ဆွေးနွေး မျှဝေပေးစေလိုပါ ကြောင်း၊ လူကြီးမင်း အနေဖြင့် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးကို နည်းပညာ ကဏ္ဍမှ ထိရောက်စွာ ထောက်ပံ့ ကူညီနိုင်ရေးနှင့် အင်တာနက် လွတ်လပ်ခွင့် ပီပြင်စွာ ရရှိခံစားနိုင်ရေးကို အားပေးသည့် အနေဖြင့် Myanmar Internet Freedom Forum 2013တွင် ပါဝင် ကူညီစေလိုကြောင်းကို ပွဲစီစဉ်သူများ အားလုံးကိုယ်စား ကိုနေဖုန်းလတ်က ပြောခဲ့ပါသည်။ Myanmar Internet Freedom Forum 2013နှင့် ပတ်သက်သော သတင်းစာ ရှင်းလင်းပွဲ သတင်းသမားများ သိလို၍ မေးမြန်းလာသော မေးခွန်းများအား ကိုနေဖုန်းလတ်၊ မထိုက်ထိုက်အောင်နှင့် ကိုညီညီတို့မှ အသေးစိတ် ရှင်းလင်း ပြောကြားပေးသွားခဲ့ပါသည်။ အဆိုပါ ဆွေးနွေးပွဲအကြောင်းနှင့် ပတ်သက်၍ အသေးစိတ် သိရှိလိုပါက 09-450-025-616၊ 09-430-235-29၊ 09-730-370-50သို့ ဆက်သွယ် စုံစမ်း မေးမြန်းနိုင်ပါသည်။

# Firefox မိုဘိုင်းစက် လည်ပတ်မှုအတွက် App များ ရေးသားရန် Developer များအား ဖိတ်ခေါ်



ဓာဝီ

နာမည်ကျော် Open Source Browser နည်းပညာ အဖွဲ့အစည်း Mozilla သည် ၎င်းတို့၏ မိုဘိုင်းစက် လည်ပတ်မှုစနစ် Firefox အတွက် Application ရေးသားမည့် Developer များအား ဖိတ်ခေါ်လိုက်ကြောင်း သိရသည်။ Developer များအား အနေဖြင့် Firefox စက်လည်ပတ်မှု အတွက် Application များအား ရေးသား ကြလျှင် ၎င်းတို့၏ စက်လည်ပတ်မှု စနစ် သည်လည်း စမတ်ဖုန်းများအတွက် အဆင်သင့် ဖြစ်စေရမည်ဟု ကုမ္ပဏီ ဝက်ဘ်ဆိုက်မှတစ်ဆင့် ထုတ်ဖော် ပြောကြားခဲ့သည်။ ယခုနှစ် နောင်းပိုင်းတွင် တရားဝင် မိတ်ဆက်ပေးတော့မည့် Firefox စက်လည်ပတ်မှု၏ Preview ပုံစံကို Developer များအား ယခုတည်းက ရယူခွင့်ပေးထားပြီ ဖြစ်သည်။ Mozilla အဖွဲ့အစည်းအနေဖြင့် Firefox စက်လည်ပတ်မှုကို Browser အခြေပြု Application များဖြင့် အသုံးပြုနိုင်ရန် စီစဉ်ထားပြီး ယင်းအချက်က မိုဘိုင်းစက် လည်ပတ်မှုကို တစ်ခေတ်ဆန်း စေမည်ဟု ယုံကြည်ကြောင်း ပြောကြားထားသည်။ သို့ရာတွင် ထိုကဲ့သို့ Application အမျိုးအစားများကို ဖန်တီးမည့် Developerများ အရေအတွက် များပြားခြင်း ရှိ၊ မရှိမှာ စက်လည်ပတ်မှု အောင်မြင်ခြင်းအတွက် ကြီးမားသည့် စိန်ခေါ်မှု ဖြစ်နေသည်။ Mozilla on Firefox စက်လည်ပတ်မှုကို ဖေဖော်ဝါရီလက ဘာစီလိုနာမြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် ကမ္ဘာ့မိုဘိုင်းနည်းပညာ မိတ်ဆက်ပွဲတွင် ပြသခဲ့သည်။

## Special Preview

# ဘိုင်ယန်က တစ်ကြိမ်ထက် အမှားမခံဘူး

မင်းခန့်

၅၈ကြိမ်မြောက် ဥရောပရဲ့ ချန်ပီယံလုပွဲ ဖြစ်ပြီးတော့ Champions Leagueလို့ အမည်ပြောင်းလဲ ခေါ်ဝေါ်ပြီး နောက်ပိုင်းဆိုရင်တော့ ၂၁ ကြိမ်မြောက် ဖိုလ်လုပွဲ ဖြစ်ပါတယ်။ ပြိုင်ပွဲကို မေလ ၂၅ ရက်နေ့ အင်္ဂလန်နိုင်ငံ ဝင်ဘလေကွင်းမှာ ပြုလုပ်မှာ ဖြစ်ပါတယ်။ ဒီနှစ် ဖိုလ်လုပွဲရဲ့ ထူးခြားချက်ကတော့ သမိုင်းတစ်လျှောက် Champions League ဖိုလ်လုပွဲကို ပထမဆုံး ဂျာမနီကလပ် အသင်းနှစ်သင်း တက်ရောက်နိုင်ခဲ့တာ ဖြစ်ပြီးတော့ အဲဒီထဲက တစ်သင်းဖြစ်တဲ့ ဘိုင်ယန်က ဖိုလ်လုပွဲကို နှစ်နှစ်ဆက်တိုက် တက်ရောက်နိုင်ခဲ့တာလည်း ဖြစ်ပါတယ်။ ဒါ့အပြင် ဂျာမနီတွေရဲ့ ဘောလုံးအင်အားကို ပြသနိုင်တဲ့ နှစ်၊ ဥရောပ ဘောလုံးလောကမှာ ဂျာမနီကလပ်တွေ လွှမ်းမိုးမှုရဲ့ ရှေ့ပြေးတွေလို့တောင်မှ ဆိုနိုင်ပါတယ်။ အကြောင်းကတော့ အရင်က Champions League ဖိုလ်လုပွဲကို တစ်နိုင်ငံတည်းက အသင်း နှစ်သင်း တက်ရောက်နိုင်ခဲ့တာဆိုလို့ သုံးကြိမ်ပဲ ရှိသေးလို့ဖြစ်ပြီးတော့၊ ၂၀၀၀ခုနှစ်က စပိန်နှစ်သင်း၊ ၂၀၀၃ခုနှစ်က အီတလီနှစ်သင်းနဲ့ ၂၀၀၈ခုနှစ်က အင်္ဂလန်နှစ်သင်းတို့ တွေ့ဆုံခဲ့ကြတာပါ။ ဒီနှစ်သင်းထဲကမှ အောင်နိုင်သူအတွက် နောက်ထပ် စိန်ခေါ်မှုတွေနဲ့ အခွင့်အလမ်းတွေလည်း ကျန်ရှိနေပါသေးတယ်။ စိန်ခေါ်မှုအနေနဲ့ကတော့ ဖိုလ်စွဲတဲ့ အသင်းက Europa League ချန်ပီယံ ချယ်ဆီးအသင်းနဲ့ 2013 UEFA Super Cupကို ထပ်လုရဦးမှာပါ။ ဒါကြောင့် ဒီစိန်ခေါ်မှုကပဲ နောက်ထပ် ဖလားတစ်လုံး အိပ်မက်တစ်ခုကို ဆက်မက်ခွင့်ပေးဦးမှာပါ။ အခွင့်အလမ်း အနေနဲ့ကတော့ 2013 FIFA Club World Cupပြိုင်ပွဲကို ဥရောပတိုက် ကိုယ်စားပြု ချန်ပီယံအဖြစ်နဲ့ ဝင်ရောက် ယှဉ်ပြိုင်ခွင့်ရရှိ ဦးမှာ ဖြစ်ပါတယ်။

ပြိုင်ပွဲကြို သုံးသပ်ချက်လေး ကြည့်ရအောင်ဗျာ။ ပထမဆုံး အနေနဲ့ မနှစ်က Champions Leagueဖိုလ်လုပွဲကို အားလုံး မှတ်မိကြဦးမယ် ထင်ပါတယ်။ ပြိုင်ပွဲကာလ တစ်လျှောက် ဆက်တိုက်ခြေစွမ်းပြမှုတွေ၊ ပြိုင်ဘက်အသင်းကို ဂိုးပြတ်ချေမှုန်းမှုတွေနဲ့ ဖိုလ်လုပွဲကို တက်လှမ်းလာတဲ့ ဘိုင်ယန်က အဲဒီအချိန်က ခြေစွမ်းအတက် အကျ အရမ်းမြန်နေတဲ့ ချယ်ဆီးကို မထင်မှတ်ပဲ ရှုံးနိမ့်သွားတော့ အားလုံးမင်သက်သွားတာ အမှန်ပါ။ ဒီနှစ်လည်း ဒီလိုပဲ ဘိုင်ယန်ကတော့ ခြေစွမ်းမပျက်၊ အကျမရှိပဲ ဖိုလ်လုပွဲကို ရောက်ရှိလာပါပြီ။ ဒါ့အပြင် ဥရောပ တစ်လွှားမှာရော ကမ္ဘာ့မှာပါ အကောင်းဆုံးပါလို့ တင်စားထားတဲ့ ဘာကာလို အသင်းကိုတောင် နှစ်ကျော့ပေါင်း ၇-၀နဲ့ အနိုင်ယူပြလိုက်တာက ဘိုင်ယန်ရဲ့ ချန်ပီယံခြေကို ပြသလိုက်တာပါပဲ။ နောက်တစ်ချက်ရှိတာက ဘိုင်ယန်ဟာ ဒီနှစ် ဘောလုံးရာသီ ဥရောပလိဂ်မျိုးစုံမှာ ခံစစ်၊ တိုက်စစ် အကောင်းဆုံး အသင်းတစ်သင်းအဖြစ် ရပ်တည်နေနိုင်တာပါပဲ။ ဒါကြောင့် ခြေစွမ်းပိုင်းအရ ဆိုရင် အရင်နှစ်ကထက်တောင် ပိုကောင်းလာတဲ့ ဘိုင်ယန်က နောက်တစ်ကြိမ် အမှားခံဖို့ မရှိပါဘူး။

ဒေါ့မန်ဘက် ကြည့်မယ်ဆိုရင်လည်း ခြေစွမ်းပိုင်းတော့ မညံ့လှတာ တွေ့နိုင်ပါတယ်။ ဒါပေမယ့် အရင်နှစ်ကနဲ့ စာရင်တော့ ခြေစွမ်းပိုင်း ကျသွားတယ်လို့ ဆိုရမှာပါ။ မနှစ်က ဂျာမနီပြည်တွင်းလိဂ်မှာတောင် ဒေါ့မန်က နှစ်ကျော့စလုံး အသာရခဲ့ပေမယ့် ဒီနှစ်မှာတော့ ဒေါ့မန်က အိမ်ကွင်းမှာတောင် သရေပဲ ရတော့တာ တွေ့ရပါတယ်။ အလွယ်ဆုံး ကြည့်မယ်ဆိုရင်တောင် ရီးရဲယ်နဲ့ ဒုတိယအကျော့မှာ ဒေါ့မန်ရဲ့ အားနည်းချက်တချို့ကို တွေ့မြင်လာခဲ့ရပါတယ်။ ဆိုလိုရင်းကတော့ တစ်ဖက်အသင်းက တကယ်တမ်း ဖိဖိစီးစီး တိုက်စစ်ဆင်လာရင် ဒေါ့မန်ရဲ့ ခံစစ်က ယိုင်သွားတတ်တာပါပဲ။ ဒါကြောင့် ဒေါ့မန်ကိုတော့ ကျွန်တော် မယုံကြည်ရဲ၊ ချန်ပီယံဖြစ်ဖို့အတွက် နှစ်နှစ်လုံးလုံး တာစူနေတဲ့ ဘိုင်ယန်က အသေချာဆုံး ဖြစ်မှာပါ။




| | |
|---|---|
| ကစားမည့်ရက် | ၂၅ - ၅ - ၂၀၁၃ (၂၆ ရက် နံနက်) |
| ကစားမည့် အချိန် | နံနက် (၁း၁၅) နာရီ |
| ကစားမည့် နေရာ | အင်္ဂလန်နိုင်ငံ၊ ဝင်ဘလေကွင်း |
| ICT ရွေးချယ်မှု | ဘိုင်ယန်မြူးနစ် |

အိုင်စီတီ ဂျာနယ်
MYANMAR ICT JOURNAL
Volume 2, Issue 19

# Laptop **Samsung** 300E4V-A01

မင်းခန့်

Samsungရဲ့ 300E4V-A01ဟာ တန်ဖိုးနည်း Laptopတစ်လုံးအဖြစ် ဈေးကွက်ဝင် လာတာတွေ့ရပါတယ်။ ဒါပေမယ့် သူ့ရဲ့ စွမ်းဆောင်ပေးနိုင်မှုကတော့ တန်ဖိုးနဲ့ နှိုင်းယှဉ်ရင်တောင် သာလွန် ကောင်းမွန်နေတာ တွေ့ရပါတယ်။

### Operating System

အသုံးပြုထားတဲ့ CPUက Intelအမျိုးအစား Celetron 847 Dualဖြစ်ပြီးတော့ အမြန်နှုန်းက 1.1 GHzဖြစ်တဲ့အတွက် မြန်နှုန်းမြင့် Laptopတစ်လုံး မဟုတ်ပေမယ့် အသုံးပြုရတာတော့ လွယ်ကူ မြန်ဆန်စေပါ လိမ့်မယ်။ System Memoryက 2GB DDRပါရှိမှာ ဖြစ်ပြီး HDDက 320GBရှိမှာ ဖြစ်ပါတယ်။ Graphicsအပိုင်းမှာတော့ Intel HD Graphicကို အသုံးပြုထားတာ တွေ့ရတယ်။

### Display

Screenအကျယ်က ၁၄ လက်မ အပြည့်ရှိမှာ ဖြစ်ပြီးတော့ LCD အမျိုးအစား ဖြစ်ပေမယ့် HD LEDပုံစံနဲ့ ပြသပေးနိုင်မှာ ဖြစ်ပါတယ်။ Resolutionက 1366 x 768 Pixel ဖြစ်တဲ့အတွက် ရုပ်ထွက်ပိုင်း ဒီလောက် မည့်လှပါဘူး။

### Body

Laptopရဲ့ အရွယ်အစားက ၁၃.၆ဝလက်မ× ၉.၃ဝလက်မ× ၁.၃၇လက်မ ဖြစ်ပြီး အလေးချိန် ၂.၂ ကီလိုဂရမ် (၄.၈၅ ပေါင်)ရှိမှာ ဖြစ်လို့ အလေးချိန်တော့ အနည်းငယ် များပါတယ်။

### Connectivity

ချိတ်ဆက် အသုံးပြုနိုင်မှု အပိုင်းမှာတော့ 100M Lanနဲ့ Wifiတွေ အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ Internet Chattingတွေအတွက် Webcam ပါရှိမှာ ဖြစ်ပြီး DC In, VGA, Min Inနဲ့ HDMI Portလည်း ပါရှိမှာ ဖြစ်ပါတယ်။ USB Port အပိုင်းမှာတော့ USB 2.0 အမျိုးအစား Port သုံးခု ပါရှိမှာ ဖြစ်တဲ့အတွက် စိတ်ကြိုက် ချိတ်ဆက် သုံးစွဲမှုကို လုပ်ဆောင်နိုင်မှာ ဖြစ်ပါတယ်။ Wireless Lan အတွက် 802.11 b/g/n တပ်ဆင် ပါရှိတာ တွေ့ရပါတယ်။ Wireless Wan အတွက်တော့ တပ်ဆင် ပါဝင်မှု မရှိပါဘူး။ Bluetooth အတွက်တော့ V3.0 (High Speed)ကို အသုံးပြုထားတာ တွေ့ရပါတယ်။

### Other Features

အသံပိုင်းအတွက် 1.5 Wattsသုံး Stereo Speakerနှစ်လုံး ပါရှိပြီးတာကြောင့် အသံထွက်ပိုင်းတော့ မည့်လှပါဘူး။ Multi Card Slotပါရှိတဲ့ အတွက်




SD, SDHC, SDXCနဲ့ MMC ကဒ်တွေကို အသုံးပြုနိုင်မှာပါ။ Power အပိုင်းမှာ 40 Watts သုံး AC Adapterနဲ့ ချိတ်ဆက် အသုံးပြုရမှာ ဖြစ်ပြီးတော့ Batteryကိုတော့ 6 Cells Batteryကို အသုံးပြုထားတာ တွေ့ရပါတယ်။ အာမခံ အပိုင်းကိုတော့ တစ်နှစ်ပေးထားပြီး ဈေးနှုန်းကတော့ ၂၉၉,ဝဝဝကျပ် ဖြစ်ကာ DoDo KoKo ဖုန်း ဝ၁- ၃၈၈ ၆၅၄မှာ ဝယ်ယူ ရရှိနိုင်မှာ ဖြစ်ပါတယ်။

Ref: www.electronichouse.sg

# TV **TCL** T2100



လင်းထက်

TCLရဲ့ မော်ဒယ်သစ် T2100ဟာ Display Screen အရွယ်အစား ၂၄ လက်မ အပြည့်ပြသပေးနိုင်မယ့် TV ကောင်းတစ်လုံး ဖြစ်ပါတယ်။ Displayအမျိုးအစားက LCD ဖြစ်တဲ့အတွက် အခြားသော တန်ကြေးကြီး TVတွေနဲ့ စာရင်တော့ ရုပ်ထွက်ပိုင်း လိုအပ်ချက်ရှိမှာ ဖြစ်ပါတယ်။ Input Portတွေ အဖြစ်နဲ့ AV, Component, SCART, VGA, HDMIနဲ့ USBတွေ တပ်ဆင် ချိတ်ဆက် အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ Aspect Con-trolက 16:9 ရှိမှာ ဖြစ်ပြီး Dynamic Con-trast Ratioက 25000:1ဖြစ်တဲ့အတွက် လှုပ်ရှားမှု မြန်ဆန်တဲ့ ရုပ်သံတွေကို အကောင်းဆုံး ကြည့်ရှု ခံစားနိုင်မှာ ဖြစ်ပါတယ်။ Resolutionက ၁၃၆၆× ၇၆၈ Pixelရှိမှာ ဖြစ်တဲ့အတွက် Pixel ပိုင်းကို ကြည့်မယ် ဆိုရင်တော့ ကြည်လင်ပြတ်သား ကောင်းမွန်တဲ့ ရုပ်ထွက်ကို ရရှိစေနိုင်မှာပါ။ Audio အပိုင်းမှာ Stereo အသံတွေကို ထုတ်လုပ်ပေးနိုင်မယ့် 5 Wattသုံး Speakerနှစ်လုံး တပ်ဆင် ပါရှိတဲ့အပြင် Audio Output အတွက်လည်း Port ပါဝင်တာ တွေ့ရပါတယ်။ Brightness နှုန်းက ၂၅ဝ ဖြစ်ပြီး Viewing Angle အဖြစ်နဲ့ ၁၇ဝ ဒီဂရီကနေအထိ အကောင်းဆုံး ကြည့်ရှုနိုင်မှာ ဖြစ်ပါတယ်။ အရွယ်အစားက မျက်နှာပြင် အကျယ် ၂၂.၇၄ လက်မ၊ အမြင့် ၁၆.၂၆ လက်မနဲ့ အထူ ၆.၂လက်မရှိမှာ ဖြစ်ပြီးတော့ စုစုပေါင်း အလေးချိန်က ၉.၉၂ ပေါင် (၄.၅ ကီလိုဂရမ်)သာ ရှိမှာ ဖြစ်ပါတယ်။ TCL T2100ရဲ့ ဈေးနှုန်းက ၁၄၆,ဝဝဝ ဖြစ်ပြီးတော့ ဝ၁-၃၉၈-၉၃၁မှာ ဝယ်ယူနိုင်မှာ ဖြစ်ပါတယ်။

Ref: www.tech-details.com

## Tablet

# **Zestpro** GSM SIM



5ld

Zestproရဲ့ ပစ္စည်းသစ်က ဒီဇိုင်းပုံစံ ပိုမို ကောင်းမွန်လာပြီး ဖွဲ့စည်းပုံလှပ သေသပ်လာတာ တွေ့ရပါတယ်။ GSM SIM Cardကို ထည့်သွင်း ဖုန်းပြောနိုင်မှာဖြစ်ပြီးတော့ 2G Internet ကိုပါအသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ ရှေ့နောက် Dual Camera ပါဝင်ပြီး 3 MP ရှိမှာ ဖြစ်ပါတယ်။ CPUရဲ့ အမြန်နှုန်းက 1.2 GHz ရှိမှာဖြစ်လို့ မြန်နှုန်းမြင့်တယ်လို့ ဆိုနိုင်မှာ ဖြစ်သလို RAMက 1GBအထိ ပါရှိပြီး Memory Storageကိုတော့ 16GBအဖြစ်နဲ့ ရရှိနိုင်ပါတယ်။ Bluetooth Device ပါဝင်တာကြောင့် Bluetooth Earphone များဖြင့် ချိတ်ဆက်ကာ ဖုန်းပြောခြင်း၊ သီချင်း နားထောင်ခြင်းများ အသုံးပြုနိုင်မှာ ဖြစ်ပြီး Hand Free အဖြစ်လည်း အသုံးပြုနိုင်ပါတယ်။ Wifi ပါဝင်တာကြောင့် Cafe Shopများနှင့် အခြား Wifi ချိတ်ဆက်နိုင်သော နေရာများတွင်လည်း Internet အသုံးပြုနိုင်ပါတယ်။ Android Version 4.0.4 (ICS)ကို အသုံးပြုထားပြီး Resolutionက 1024 x 800 ဖြစ်တာကြောင့် Game အနိမ့်အမြင့် အားလုံးကို ကစားနိုင်မှာပါ။ အရောင်ကိုတော့ အနက်ရောင်၊ အနီရောင်၊ အပြာရောင်နှင့် အဖြူရောင်တို့ကို အနက်ရောင်နှင့် ရောစပ်ထုတ်လုပ်ထားပါတယ်။ Zestproရဲ့ 7″ GSM SIM Tablet ကိုတော့ ဈေးနှုန်း ၉၅,ဝဝဝကျပ်နဲ့ SCS Computer, ဖုန်း 01-290-384မှာ ဝယ်ယူရရှိနိုင်ပါတယ်။

# **ONDA** V818 Mini



ဒေဝီ

တစ်ပတ်အတွင်း ရန်ကုန်ဈေးကွက်ထဲကို ရောက်လာတဲ့ ONDA အမှတ်တံဆိပ် New Tablet V818 Mini၏ သိုလှောင်အားမှာ 16GB၊ Android Version 4.1.1 OS ရှိပြီး၊ CPUမှာ A313 Quad Coreနှင့် GPU 8 Core Power VR SGX 544 ဖြင့် Memory Store 1GB DDR3 ရှိသည်။ Screen Sizeမှ 7.9 inchနှင့် Screen Pixel 162၊ မြင်နိုင်သည့် ရှုထောင့် 17.8ရှိပြီး၊ Resolutionမှ 1024× 768 10S Display ရှိကြောင်းသိရသည်။ Front Camera 0.3 Mega- pixels Back 5.0 Megapixels, Vedio, Music, EarPhone Inerface 3.5mm, Multi-Touch, Ebookများစွာ အသုံးပြုနိုင်ကြောင်းသိရသည်။ WiFi၊ ချိတ်ဆက် အသုံးပြုနိုင်ရန်အတွက်လည်း 802.11b/ 802.11g/ 802.11nနှင့် Battery အသုံးပြုနိုင်စွမ်းမှာ 4000mAh ရှိသည်။ Userများအတွက် ဈေးနှုန်းမှာလည်း အသင့်အတင့် ရှိပြီး အသုံးပြုရာတွင်လည်း စိတ်ကျေနပ်မှု ရှိစေမည့် အရည်အသွေးရှိသည့် Tablet တစ်ခုဟု ဆိုနိုင်ပါသည်။ လက်ရှိဈေးနှုန်းအနေဖြင့် ၁၄၉,ဝဝဝကျပ် ဝန်းကျင်ဟု သိရသည့်အပြင် IDEA Linkနှင့် Unique Computer Centerတွင် ဝယ်ယူ ရရှိနိုင်ပါသည်။ ဖုန်း 01-391-730၊ 01-860-4200၊ 09-731-712-13မှာ စုံစမ်း မေးမြန်းနိုင်ပါသည်။

# Tablet **VIDO** N90



လင်းထက်

Vido N90 Tabletကတော့ Wifi Internetကို Screen sizeကြီးကြီးနဲ့ အသုံးပြုချင်သူများအတွက် အသင့်တော်ဆုံးပဲ ဖြစ်ပါတယ်။ အသုံးပြုထားတဲ့ Systemတွေက CPUမှာ Dual Core 1.6Ghz နဲ့ RAM 1GBထိရှိမှာ ဖြစ်လို့ သင့်ကို အကောင်းဆုံး စွမ်းဆောင်ပေးနိုင်မှာ ဖြစ်ပါတယ်။ Andriod Version 4.1.1 jellybeanကို အသုံးပြုထားတဲ့အတွက် Resolution မြင့်တဲ့ HD Game အနိမ့်အမြင့်များကိုပါ စိတ်ကြိုက် ဆော့ကစားနိုင်ပါတယ်။ Memory Storageက 16GB ထည့်သွင်းပါရှိပြီး Memory ထပ်မြှင့်ချင်ရင်တော့ 32GB အထိ ထည့်သွင်း အသုံးပြုနိုင်ပါတယ်။ ရှေ့နောက် Dual Camera ပါရှိပြီး ကင်မရာတွေရဲ့ စွမ်းအားက 2 MP ရှိပါတယ်။ ကင်မရာစွမ်းအား နည်းတဲ့အတွက် Internet အသုံးပြုမှုနဲ့ ပုံရိပ် ဖမ်းယူမှုတွေမှာ အားနည်းချက် ရှိနိုင်ပါတယ်။ TVနဲ့ချိတ်ဆက်ဖို့အတွက်လည်း HDMI Port ပါဝင်တာက အားသာချက် တစ်ခုပါ။ အနောက်ဘက်ခြမ်းကို ငွေမင်ရောင်နှင့် အရှေ့ဘက်ကို အနက်ရောင်တို့နဲ့ အလှဆင်ထားတာ တွေ့ရပါတယ်။ VIDO N90 Wifi Tabletကို ဈေးနှုန်း ၁၃ဝ,ဝဝဝကျပ်နဲ့ SCS Computer, ဖုန်း 01-290-384မှာ ဝယ်ယူ ရရှိနိုင်ပါတယ်။

## HUAWEI C8813D (GSM/CDMA)




မင်းခန့်

Huaweiရဲ့ C8813Dမော်ဒယ်ကတော့ သင့်တင့်တဲ့ ဈေးနှုန်းနဲ့ GSM/ CDMA နှစ်မျိုးသုံး ဟန်းဆက်ဖြစ်တဲ့ အတွက် ဈေးကွက်မှာ လူကြိုက်များ နေတာ တွေ့ရပါတယ်။ တကယ်လို့ အသုံးတည့်မယ်ဆိုရင် WCDMA စနစ်မှာ တောင်မှ အသုံးပြုနိုင်ဦးမှာ ဖြစ်ပါတယ်။

### Operating System

အသုံးပြုထားတဲ့ CPUက Dual Core အမျိုးအစား Qualcomm MSM8625 ဖြစ်ပြီးတော့ မြန်နှုန်းက 1.2 MHzရှိမှာ ဖြစ်ကာ OSကိုတော့ Android 4.1 သုံးထားပြီး RAMက 1 GB ဖြစ်ပါတယ်။

### Display

Capacitive Touch Screen ဖြစ်ပြီးတော့ Dislpay Screen အရွယ်အစားက ၄.၅ လက်မ ဖြစ်တာကြောင့် မြင်ကွင်းကျယ် ရုပ်သံ ကြည့်ရှုမှုတွေကို အကောင်းဆုံး လုပ်ဆောင် ပေးမှာ ဖြစ်ပြီးတော့ အင်တာနက်သုံးစွဲမှုတွေမှာလည်း အဆင်ပြေစေပါလိမ့်မယ်။ ဒါ့အပြင် စုစုပေါင်း ပြသပေးနိုင်မယ့် အရောင်ပေါင်းက ၁၆ သန်း ဖြစ်တာကြောင့် ရုပ်ထွက် အကောင်းဆုံးကို ကြည့်နိုင်မှာလည်း ဖြစ်ပါတယ်။ Display Resolutionက 854x480 Pixels ဖြစ်တဲ့အတွက် Pixel အပိုင်းမှာတော့ လိုအပ်ချက် အနည်းငယ် ရှိမှာပါ။

### Camera

ကင်မရာကိုတော့ 5 MP စွမ်းအားရှိတဲ့ ကင်မရာကို တပ်ဆင်ထားတာကြောင့် မှတ်တမ်းတင် ရိုက်ကူးရေးတွေ အတွက်တော့ အဆင်ပြေစေမှာပါ။ ဒါ့အပြင် 0.3MPရှိတဲ့ Front Cameraလည်း ပါဝင်တဲ့အတွက် Chattingတွေမှာ အသုံးပြုရ လွယ်ကူမှာပါ။ ကင်မရာတွေရဲ့ အားသာချက်တွေက Auto Focusနဲ့ Face Recoginition စနစ်တွေ ပါဝင်တာ ဖြစ်ပါတယ်။ ရိုက်ကူး ကြည့်ရှု နိုင်မယ့် ပုံရိပ်အမျိုးအစားတွေက JPEG, PNG, GIF, BMPနဲ့ Format တော်တော်များများကို လက်ခံနိုင်မှာ ဖြစ်ပါတယ်။

### Power

Batteryကို Lithium-ionအမျိုးအစားကို တပ်ဆင်ပေးထားပြီး 1700 mAh ပမာဏကို သိုလှောင်ထုတ်လုပ်ပေးနိုင်မှာ ဖြစ်ပါတယ်။ အသုံးပြုနိုင်မယ့် Featureတွေက GPSစနစ်၊ Email, FM Radio, MP 3, QWERTY Keyboard, Video Player, Gravity Response, TV Receiveနဲ့ Messageတွေ အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။

### Other Feratures

Internal Memoryအဖြစ်နဲ့ 4GBပါဝင်မှာဖြစ်ပြီး Expandedလုပ်ချင်သူတွေ အတွက် 32 GBအထိ တိုးမြှင့်သုံးစွဲနိုင်ဦးမှာ ဖြစ်ပါတယ်။ အဓိက အနေနဲ့ Englishဘာသာ စကားနဲ့ အသုံးပြုနိုင်မှာ ဖြစ်ပြီး အခြားဘာသာစကားတွေကိုလည်း ထည့်သွင်းအသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ Connectionအပိုင်း အတွက်တော့ USB 2.0 Portပါဝင်မှာ ဖြစ်တာကြောင့် ကွန်ပျူတာတွေနဲ့ ချိတ်ဆက် အသုံးပြုဖို့ လွယ်ကူမှာပါ။ ဒါ့အပြင် Bluetoothနဲ့ Wifiတွေပါ အသုံးပြုနိုင်မှာ ဖြစ်တဲ့အတွက် Wireless Connection ကိုပါ အကောင်းဆုံး အသုံးပြုနိုင်မှာပါ။ သီချင်းတွေ နားထောင်ဖို့ အတွက်တော့ ၃.၅ မီလီမီတာ ရှိတဲ့ Jackနဲ့ ချိတ်ဆက် နားထောင်နိုင်မှာ ဖြစ်ပါတယ်။ ဈေးနှုန်းက ၁၄၅,၀၀၀ကျပ် ဖြစ်ပြီးတော့ ဖုန်း ၀၁-၃၈၅ ၀၇၇ (KMD Mobile)မှာ ဝယ်ယူနိုင်မှာ ဖြစ်ပါတယ်။

Ref: www.aliexpress.com

## Camera

## SONY DSC H100




Sid

တကယ်လို့ ဈေးသက်သာပြီး မှန်ဘီလူးအားကောင်းတဲ့ ကင်မရာ တစ်လုံးကို ကိုင်ဖို့ စဉ်းစားနေတယ် ဆိုရင်တော့ Sony DSC-H100က အသင့်တော်ဆုံး ဖြစ်မှာပါ။ ပြီးတော့ ခရီးဆောင် ကင်မရာ အနေနဲ့ရော အိတ်ဆောင် ကင်မရာ အဖြစ်ပါ သင့်တော်တဲ့ အချက်တွေကို တွေ့ရှိရပါတယ်။

### Design and Features

မှန်ဘီလူးရဲ့ စွမ်းအားက 16.1 MPတောင်ရှိမှာ ဖြစ်လို့ အိတ်ဆောင် အနေနဲ့ရော မှတ်တမ်းတင် ကင်မရာကောင်း အဖြစ်ပါ အသုံးပြုနိုင်ပါလိမ့်မယ်။ ပြီးတော့ ကိုယ်ထည်အပိုင်းက အနည်းငယ် ကြီးမားအောင် တည်ဆောက်ထားတာမို့ လက်ထဲမှာ အကောင်းဆုံး မြဲမြံအောင် ကိုင်တွယ်နိုင်မှာ ဖြစ်သလို ခလုတ်တွေ အသုံးချရမှုလည်း ကောင်းမွန်အောင် ထောက်ပံ့ပေးနိုင်ပါလိမ့်မယ်။ ကိုယ်ထည်အပိုင်းကို ပလက်စတစ် ဦးစားပေး တည်ဆောက်ထားပြီး၊ လက်ဖြင့် ကိုင်တွယ် ထိတွေ့ရမယ့်နေရာ တွေကို အနည်းငယ် ကြမ်းတမ်းအောင် တည်ဆောက်ထားတာမို့ အသုံးပြုနေရင်း လက်မှ ချောထွက်ခြင်းမျိုး မရှိနိုင်ပါ။ စွမ်းအင် အသုံးချမှု အပိုင်းက တခြား ကင်မရာတွေထက် နည်းနည်း ပိုတယ်လို့ ပြောနိုင်ပြီး၊ စွမ်းအင် အနေနဲ့ကတော့ AAအရွယ် ဓာတ်ခဲလေးလုံး အသုံးပြုရမှာ ဖြစ်ပါတယ်။ ဝေဖန်ရေး သမားတွေကတော့ Built-in ဘက်ထရီ စနစ်မဟုတ်လို့ အားနည်းချက် ဖြစ်စေတယ်လို့ ပြောနေကြပေမယ့် သုံးစွဲသူတွေ ဘက်ကတော့ ဓာတ်ခဲအပိုကို ကြိုက်သလောက် အပိုဆောင်းပြီး သုံးစွဲနိုင်တာ ဖြစ်တာကြောင့် အဆင်ပြေတယ်လို့ ဆိုကြပါတယ်။ နောက်ဆက်တွဲ အဖြစ်နဲ့ကတော့ ဓာတ်ခဲအများကြီး အသုံးပြုရတာကြောင့် အလေးချိန်တော့ ပိုသွားနိုင်ပါတယ်။

ကင်မရာရဲ့ Zoom အနေနဲ့ကတော့ Focal Lengthက ၃၅ မီလီမီတာရှိမှာဖြစ်ပြီး ၄.၅ မီလီမီတာကနေ ၉၄.၅ မီလီမီတာ အတွင်း ချိန်ညှိသုံးစွဲနိုင်မှာ ဖြစ်ပါတယ်။ Focal Lengthရဲ့ စွမ်းအား မြင့်မားမှုက အဝေးမှ ပုံရိပ်တွေကို ဖမ်းယူရိုက်ကူးတဲ့အခါမှာ သင့်ကို သိသာလောက်တဲ့ အရည်သွေးတွေ ပေးစွမ်းနိုင်ပါလိမ့်မယ်။ Optical Zoom အပိုင်းက 21xထိ အမြင့်ဆုံး လုပ်ဆောင် သုံးစွဲနိုင်ပါလိမ့်မယ်။ အမြင့်ဆုံး အသုံးပြုနိုင်မယ့် Shutter Speedက 1/1500စက္ကန့် ဖြစ်ပါတယ်။ ရွေးချယ်သုံးစွဲနိုင်မယ့် Scene Modeတွေက Landscape, Beach, Snow, Fireworks, Gourmet, Pet, Soft Skinနဲ့ Steady Shotတွေ ဖြစ်ပါတယ်။

Display အပိုင်းမှာ ၃လက်မ အကျယ်ရှိမယ့် TFTစနစ်သုံး LCD အမျိုးအစား Screen တပ်ဆင်ပါဝင်ပြီး Dots စုစုပေါင်း ၄၆၀,၀၀၀ ပါရှိမှာ ဖြစ်ပါတယ်။ အဆိုပါ Dots ပမာဏက LCD Screen အတွက်တော့ သင့်တင့်ပါတယ်။ တကယ်လို့ ကိုယ်ကြည့်ချင်တဲ့ ပုံရိပ်တွေက Resolutionတွေ ညံ့နေမယ် ဆိုရင်တောင်မှ အနည်းဆုံး ၂၃၀,၀၀၀ Dotsနှုန်းနဲ့ ပြသပေးမှာ ဖြစ်ပါတယ်။

### Performance

Sonyရဲ့ ပြောပြချက်တွေ အရတော့ H100ကို Indoorတွေရော Outdoorတွေမှာပါ အကောင်းဆုံး စစ်ဆေးပြီး ဈေးကွက်တင်ထားတာ ဖြစ်တယ်လို့ ဆိုပါတယ်။ ဒါ့အပြင် Photoအပိုင်းတွေ မှာသာမကပဲ Video အပိုင်းတွေမှာလည်း အကောင်းဆုံး မှတ်တမ်းတင်နိုင်မှာ ဖြစ်တယ်လို့ ဆိုပါတယ်။ Videoအတွက် Resolutionက 1280x720ရှိမှာ ဖြစ်ပြီး တစ်စက္ကန့်ကို Frameပေါင်း ၃၀ကို အကောင်းဆုံး မှတ်တမ်းတင်နိုင်မှာ ဖြစ်ပါတယ်။ ထုတ်ပေးနိုင်မယ့် Image အမျိုးအစားတွေက JPEG,DCFနဲ့ DPOFတွေ ဖြစ်ပါတယ်။

ဘာသာစကား ရွေးချယ် အသုံးပြုနိုင်မှုက ၁၉မျိုးတောင် ဖြစ်တဲ့အတွက် အားသာချက်တစ်ခု ဖြစ်စေပါတယ်။ USBနဲ့ ချိတ်ဆက် သုံးစွဲနိုင်မှာ ဖြစ်သလို Microphoneလည်း အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ အများဆုံး ရိုက်ကူးနိုင်မယ့် ပုံရိပ်အရေအတွက်က ၃၅၀ ဖြစ်ပါတယ်။ SD Cardကို အသုံးပြုပြီးတော့ Memoryကို နောက်ထပ် Upgradeလုပ်ပြီး သုံးစွဲနိုင်မှာလည်း ဖြစ်ပါတယ်။ အရွယ်အစားက 122.9x81.3x83.2 မီလီမီတာ ဖြစ်ပါတယ်။ အာမခံ တစ်နှစ်ပါရှိပြီး ကင်မရာရဲ့ အလေးချိန် တစ်ခုတည်းတင် ၄၁၅ဂရမ် ရှိမှာ ဖြစ်ပါတယ်။

Ref: www.tech2.in.com

အိုင်စီတီ ဂျာနယ်
Volume 2, Issue 19
MYANMAR ICT JOURNAL

# GADGETS

## Sony 7" **Digital Photo Frame** DPF-C700

မင်းအုန်း



Sony ကုမ္ပဏီထုတ် Digital Photo Frameမော်ဒယ်သစ် DPF-C700ဟာ အရင်က ထွက်ခဲ့တဲ့ Frameတွေထက် အရွယ်အစား ပိုမိုသေးငယ်အောင် ဖန်တီး ထုတ်လုပ်ထားတာ တွေ့ရပြီး Standကိုလည်း ပုံစံသစ်နဲ့ ဖန်တီးထားတာ တွေ့ရပါတယ်။ အသံပိုင်းမှာလည်း ကောင်းမွန်အောင် ထုတ်လုပ်ထားပြီး ပုံထွက်ပိုင်းမှာပါ အထူးကောင်းမွန်တာ တွေ့ရပါတယ်။ Battery Lifeက နာရီပေါင်း ၅၀ကျော် သုံးစွဲနိုင်မှာ ဖြစ်ပြီးတော့ Video Playbackတွေ အတွက်ဆိုရင်တော့ ၁၀နာရီကျော် အသုံးခံမှာ ဖြစ်ပါတယ်။ Connection အပိုင်းမှာ SDHC Cardနဲ့ရော USB Stickနဲ့ပါ ချိတ်ဆက်သုံးစွဲနိုင်မှာ ဖြစ်ပါတယ်။ Touch Screen စနစ်မဟုတ်ပေမယ့် သုံးစွဲရ အရမ်းကောင်းမွန်တာ တွေ့ရပါတယ်။ Auto On/Off Timerစနစ် ပါဝင်မှာ ဖြစ်တာကြောင့် စွမ်းအင် အသုံးချမှုကိုလည်း ချွေတာနိုင်မှာ ဖြစ်ပါတယ်။ ဈေးနှုန်းက ကျပ် ၆၂,၀၀၀ ဖြစ်ပြီးတော့ ဖုန်း ၀၁-၂၅၆-၄၁၇ကို ဆက်သွယ် ဝယ်ယူနိုင်မှာ ဖြစ်ပါတယ်။

Ref: www.productreview.com.au

## Headset **Logitech** H150

ထင်းထက်



Logitechတံဆိပ် H150မော်ဒယ် Headsetကတော့ အသံကြည်လင် ပြတ်သားမှု အပိုင်းမှာ လူကြိုက်များနေပါတယ်။ Stereo အသံထွက် ကောင်းမွန်မှု တစ်ခုတည်းနဲ့တင် မဟုတ်ပဲ Voice Callတွေ အတွက်ပါ ကောင်းမွန်တာ တွေ့ရပါတယ်။ ထူးခြားတာက Noise-canceling လုပ်ပေးနိုင်တာကြောင့် အသံထွက် ကောင်းမွန်တာဖြစ်တယ်လို့ ဆိုပါတယ်။ ဒ့ါအပြင် စိတ်ကြိုက် ချိန်ညှိနိုင်မယ့် Headsetတစ်ခု ဖြစ်ပြီးတော့ Ear Cupကလည်း အလွန်တစ်ရာ မကြီးမားတာကြောင့် အသုံးပြုချိန် ကြာလာလို့ အပူချိန် များလာတာနဲ့ လေးပင်မှုတွေတော့ မဖြစ်နိုင်တော့ပါဘူး။ Connection အပိုင်းမှာတော့ ၃.၅ မီလီမီတာ Jackနဲ့ ချိတ်ဆက်အသုံးပြုရမှာ ဖြစ်တဲ့အတွက် Smart Phone ကအစ PCတွေအထိ စိတ်ကြိုက်ချိန်ညှိသုံးစွဲနိုင်မှာ ဖြစ်ပါတယ်။ အရွယ်အစားက ၉.၄ × ၂.၈ × ၇.၈ လက်မရှိမှာ ဖြစ်ပြီးတော့ အလေးချိန်က ၄အောင်စပဲ ရှိမှာဖြစ်ပါတယ်။ ဒါတောင်မှ ၄အောင်စဆိုတဲ့ အလေးချိန်က ထုတ်ပိုးပြီး အလေးချိန်ဖြစ်လို့ Headset သက်သက်ဆိုရင်တော့ ပေါ့ပါးတာတွေ့ရပါတယ်။ H150ကို ဝယ်ယူချင်ရင်တော့ ဖုန်း ၀၁-၃၇၆-၅၆၄မှာ Headset တစ်ခုကို USD 16နဲ့ ဝယ်ယူ ရရှိနိုင်မှာ ဖြစ်ပါတယ်။

## Exo Life **Samsung Galaxy S4** Power Pack



သန့်စင်

Htc Oneအတွက် Morphie Battery Case ပေါ်ထွက်လာပြီး သိပ်မကြာခင် Samsung Galaxy S 4 အတွက် Battery Case တစ်ခု ထွက်ပေါ်လာပါတယ်။ Exogear Exolife ဟာ Samsungရဲ့ နောက်ဆုံးထွက် Android ဖုန်းများအတွက် Battery Case ဖြစ်ပါတယ်၊ Exoliteဟာ Polycarbonate အသားကို သုံးပြီး ပြုလုပ်ထားတဲ့အတွက် ကွဲအက်ခြင်း၊ ခြစ်ရာ ထင်ခြင်းတို့မှ ကာကွယ် ပေးဖို့အတွက် Polycarbonateကိုသာ အသုံးပြုထားသော်လည်း သူရဲ့နောက်ကွယ်က Power အပြည့်ပေးနိုင်တဲ့ Batteryက စိတ်ဝင်စားဖို့ ကောင်းပါတယ်။ Lithium Polymerနှင့် ပြုလုပ်ထားတဲ့ Batteryဟာ 2600 mAh ပါဝင်ပါတယ်။ ဒီနှုန်းဟာ iphone 5နှင့် HTC Oneတို့အတွက် ထုတ်ထားတဲ့ Battery Caseထက် စွမ်းဆောင်ရည် ပိုကောင်းပါတယ်။ ပါဝင်တဲ့ Batteryဟာဆိုရင် Standby Time နာရီ 300 ခံပြီး၊ 3Gဖြင့် ပြောလျှင် ၁၄နာရီ ဒါမှမဟုတ် 4G အတွက် ဆိုလျှင် ၁၁နာရီ၊ အင်တာနက် အသုံးပြုလျှင် ၉နာရီ၊ သီချင်းနားထောင်လျှင် ၆၂နာရီ ခံနိုင်ပြီး၊ Video ကြည့်မယ်ဆိုရင် ၁၀နာရီ အသုံးခံမှာ ဖြစ်ပါတယ်။ အသုံးပြုရတဲ့ ပုံစံကလည်း လွယ်ကူပါတယ်။ S4ကို Power Packထဲ လျှောသွင်းပြီး အောက်ခြေမှာ ပါတဲ့ ခလုတ်ကို ဖွင့်လိုက်ရုံပဲ ဖြစ်ပါတယ်။ LED မီး (၄)လုံး ပါဝင်မည်ဖြစ်ကာ Battery အခြေအနေကို ပြသပေးနေမှာ ဖြစ်ပါတယ်။ အွန်လိုင်း ဈေးကွက်မှာ သူ့ရဲ့ဈေးနှုန်းက USD 79.95 ဖြစ်ပြီး၊ မေလ ၂၈ရက်က စပြီး ကမ္ဘာ အရပ်ရပ်က ဈေးကွက်ကို ဖြန့်ချိ သွားမယ်လို့ သိရပါတယ်။

## Car Charger Holder **Capdase** Racermount 2.1



မင်းအုန်း

Capdaseတံဆိပ် Car Charger Holder မော်ဒယ်သစ် Racermount 2.1ဟာ iPhone, iPod Touch, Mobile Phone, Game Deviceအတော်များများနဲ့ GPSစက်တွေကို ကားမောင်းရင်း တင်ထားနိုင်မှာ ဖြစ်သလို Chargerအဖြစ်လည်း သုံးစွဲနိုင်အောင် ထုတ်လုပ်ထားတာ တွေ့ရပါတယ်။ အားသာချက်တွေက ဈေးနှုန်းသက်သာခြင်း၊ USB Portနှစ်ခုပါဝင်ခြင်းနဲ့ 12V Lighter Charger ပါဝင်ခြင်းတွေ ဖြစ်ပါတယ်။ အားနည်းချက်ကတော့ ပလတ်စတစ် အမာသားနဲ့ ထုတ်လုပ်ထားတာကြောင့် ထိခိုက်မှု ခံနိုင်ရည် နည်းခြင်း ဖြစ်ပါတယ်။ အသုံးပြုပုံကတော့ Chargerကို ကားမှာ ပါဝင်တဲ့ Cigarettes Lighterနဲ့ ချိတ်ဆက် အသုံးပြုရမှာ ဖြစ်ပါတယ်။ နောက်ပြီး Chargerရဲ့ အထိုင်က ၃၆၀ဒီဂရီ အပြည့် လှည့်နိုင်အောင် ထုတ်လုပ်ထားတာကြောင့် တပ်ဆင်ဖို့အတွက်လည်း နေရာရွေးဖို့ မလိုတော့ပါဘူး။ ဒ့ါအပြင် Fuseကိုလည်း အဖြုတ် အတပ် လုပ်နိုင်မှာပါ။ အမြင့်ဆုံး ထုတ်ပေးနိုင်မယ့် ပမာဏက 2A ဖြစ်ပါတယ်။ ဈေးနှုန်းက ၂၈,၀၀၀ ကျပ် ဖြစ်ပြီး ဖုန်း ၀၁-၃၈၀-၅၃၆မှာ ဆက်သွယ် ဝယ်ယူနိုင်မှာ ဖြစ်ပါတယ်။

Ref: www.ncix.com

## Exo Life **Samsung Galaxy S4** Power Pack



သန့်စင်

ကမ်းခြေမှာ ပါတီ လုပ်တဲ့အခါပဲ ဖြစ်ဖြစ် ပန်းခြံအတွင်းမှာ ကခုန်ချင်တဲ့ အခါမှာပဲ ဖြစ်ဖြစ် Solemateက သင့်ကို အံ့သြမှုတွေ အပြည့် ပေးစွမ်းနိုင်တယ်လို့ ညွှန်းထားပါတယ်။ သင့်အိတ်ထဲကို ထည့်သွားပြီး၊ သင်သွားချင်တဲ့ ဘယ်နေရာမှာမဆို အလွယ်တကူ အသုံးပြုလို့ ရနိုင်လောက်အောင် အကြမ်းဒဏ် ခံနိုင်ပြီး ပေါ့ပါးပါတယ်။ Bluetooth ချိတ်လို့ရတဲ့ Smartphone၊ Tabletတွေ ပါသည့်အခါလည်း Bluetooth 3.0နဲ့ ချိတ်ဆက်ဖွင့်နိုင်ပြီး MP 3 Player, Laptop တို့လို Bluetoothမပါဝင်သည့် ပစ္စည်းများနှင့် ချိတ်ဆက်ချင်ရင်လည်း 3.5mm Cable ပါပါသေးတယ်၊ Bletoothစနစ်က 10 m အဝေးထိ ချိတ်ဆက်နိုင်တော့ အခန်းသေးတစ်ခုမှာမှာ DJ ပါတီ တစ်ခုအတွက် အဆင်ပြေပါတယ်၊ သူ့အရွယ်အစားက အရှည် 172 mm, အကျယ် 64mm, အမြင့် 70 mm ရှိတဲ့အတွက် ထုထည်နေရာ သိပ်မယူသလို အလေးချိန်ကလည်း 610 Gramပဲ ရှိတော့ သယ်ရလွယ်တဲ့ အလေးချိန်မျိုး ဖြစ်ပါတယ်။ Solemateဟာ ရပ်ထားတဲ့ နေရာက ပြန်ဖွင့်လို့ ရနိုင်တယ်။ Woofer အနေနဲ့ သုံးဖို့အတွက်လည်း Bassသံကို ကျယ်လောက်စွာ ထုတ်ပေးနိုင်ပြီး၊ မြင့်မားတဲ့ အသံကြိမ်နှုန်းတွေကိုလည်း ရရှိနိုင်မှာ ဖြစ်ပါတယ်။ အသံထွက်နိုင်တဲ့ မျက်နှာပြင် သုံးဖက် ပါဝင်တယ်။ သူငယ်ချင်းတွေနဲ့ Chat ချင်တဲ့ အခါမှာ ဖုန်းနဲ့ချိတ်ပြီး Skype, Google စသည့် Websiteတွေ ဖွင့်ပြီး၊ Chatလို့ ရနိုင်ပါတယ်။ Batteryကလည်း ဆယ်နာရီအထက် သုံးနိုင်တဲ့အတွက် Speakerတွေထဲမှာ အချိန်ကြာကြာ ဖွင့်နိုင်တဲ့ အမျိုးအစားထဲမှာပါတယ်။ သူ့ရဲ့ ဈေးနှုန်းက ဒေါ်လာ 149.99 ဖြစ်ပြီး နိုင်ငံတကာ ဈေးကွက်တွေမှာ ရရှိနိုင်ပြီ ဖြစ်ပါတယ်။

## Mouse **Elecom** MBL5 DBYL

ထင်းထက်



Elecom တံဆိပ် မော်ဒယ်သစ် M-BL5 DBYLဟာ Wireless LED Mouse ဖြစ်ပြီးတော့ ဂျပန်နိုင်ငံထုတ် ပစ္စည်းသစ် ဖြစ်ပါတယ်။ စွမ်းဆောင် ပေးနိုင်မယ့် နှုန်းက 2.4GHz ဖြစ်တာကြောင့် Gamingတွေ အတွက်ပါ သင့်တော်ပါတယ်။ ရွေးချယ်ဝယ်ယူနိုင်မယ့် အရောင်တွေက အပြာ၊ အဝါနဲ့ ပန်းရောင်တွေ ဖြစ်ပါတယ်။ ကိုယ်ထည်အပိုင်းကို ပေ့ါပါးစေဖို့နဲ့ ကိုင်တွယ် အသုံးပြုရလွယ်ကူစေဖို့ရာအတွက် ပလတ်စတစ်ဦးစားပေး တည်ဆောက်ထားပြီး အကြမ်းခံနိုင်အောင်ပါ ဖန်တီးထားတာ တွေ့ရပါတယ်။


အာမခံအပိုင်းကိုပါ တစ်နှစ်ပေးထားတဲ့အတွက် စိတ်ချလက်ချလည်း သုံးစွဲနိုင်မှာ ဖြစ်ပါတယ်။ တစ်ဆက်တည်း အသုံးပြုနိုင်ဖို့အတွက် ၁၈၁ နာရီကြာအောင် သုံးစွဲနိုင်ကြောင်း ပြောထားပြီး Standby အနေနဲ့ ထားရှိမယ် ဆိုရင်တော့ ၂၇၇ရက် ထားရှိ သုံးစွဲနိုင်မှာ ဖြစ်ပါတယ်။ အသုံးပြုနိုင်မယ့် စနစ်တွေက Windows 7, Vista, XPနဲ့ Windows PCတွေ ဖြစ်ပါတယ်။ တန်ကြေးက ကျပ် ၁၆၀၀၀ ဖြစ်ပြီးတော့ ဖုန်း ၀၁-၂၅၅-၅၅၆မှာ ဝယ်ယူ ရရှိနိုင်မှာ ဖြစ်ပါတယ်။

Ref: www.jabong.com


PHILIPS
sense and simplicity
196V
Stunning LED 18.5" DVI Monitor
LED
Built-in Speakers
10,000,000:1
SmartContrast
5ms
Slim design
LOW
Power
Hg Free
Compatible with
Windows 7
Enjoy great pictures
This attractive, slim display is a delight to use. Essential features like SmartCon-strast that ensures rich bright images makes it a great choice!
Great picture quality
SmartContrast 10000000:1 for incfedible rich black details
Design that complements any interior
Attractive slim, glossy design, Small footprint to blend into any lifestyle
Greener everyday
Energy Star for energy efficiency and low power consumption
Great convenience
Easy display performance tuning with SmartControl lite
SPEAKERS: Great inbuilt sound
LED: Experience vivid and natural colurs
DVI/VGA: The latest digital PC connection
AUTHORISED DISTRIBUTOR IN MYANMAR
STAR UNIVERSE
AUTHORISED IT DISTRIBUTOR
58B Myanma Gon Yaung Housing Than Thu Mar Road Tamwe Township
11211 Yangon Myanmar. Telephone: 01.430.013, 01.549.193, 09.7305.6015

အိုင်စီတီ ဂျာနယ်
Volume 2, Issue 19
MYANMAR ICT JOURNAL

## Animation




Title Name : Maoyū Maō Yūsha (Demon King & Hero)
Genre : Fantasy Drama/Romance
No. of episodes : 12
Studio : Arms
Score : 4 out of 5

Maoyū Maō Yūsha (Demon King & Hero)လို့ အမည်ရတဲ့ Animation Series ဇာတ်လမ်းသစ်ဟာ Mamare Touno ရဲ့ စာအုပ်ရှစ်အုပ်တွဲ Light Novel ဇာတ်လမ်းတွေကို အခြေခံရေးဆွဲထားတာဖြစ်ပြီး ဇာတ်သိမ်းပြီးသား Seriesကို မှီငြမ်းထားတာ ဖြစ်တဲ့အတွက် ဇာတ်လမ်းအစကနေ အဆုံးအထိ ဇာတ်အိမ်နိုင်မာတာကို တွေ့ရမှာဖြစ်သလို Animation Qualityပိုင်းအနေနှင့်လည်း Mezzo DSAနှင့် Hyakka Ryōran Samurai Girls ဇာတ်လမ်းတွေကို ရေးဆွဲခဲ့တဲ့ Arms Studioမှနေ သူတို့ရဲ့ ထုံးစံအတိုင်း လှုပ်ရှားမှု သွက်လက်ပြီး အရောင်အသွေး စုံစုံလင်လင်နှင့် ဖန်တီးပေးထားနိုင်တာကို မြင်တွေ့ရမှာ ဖြစ်ပါတယ်။ Maoyū Maō Yūshaရဲ့ ကြော်ငြာ Screenshots တွေ၊ Trailerတွေကို ကြည့်ရင်ပဲဖြစ်ဖြစ် ဇာတ်လမ်း အစပိုင်း Introကို ကြည့်ရင်ပဲ ဖြစ်ဖြစ် RPG ဂိမ်းတွေထဲမှာ မြင်တွေ့နေကြဖြစ်တဲ့ စွမ်းရည်မျိုးစုံ ပိုင်ဆိုင်တဲ့ Warrior၊ Knight၊ Mage အစရှိတဲ့ သူရဲကောင်းတွေဟာ မိစ္ဆာတပ်ဖွဲ့တွေနှင့် တိုက်ခိုက်ပုံနှင့် ဇာတ်လမ်း စတင်ထားပေမည့် Maoyū Maō Yūshaဟာ Action အသားပေး Fantasy ဇာတ်လမ်းမဟုတ်ဘဲ စိတ်ဝင်စားဖွယ် Dramaနှင့် Romance ဇာတ်လမ်းတစ်ခု ဖြစ်ကြောင်း တွေ့ရမှာပါ။

Demon King & Hero ဇာတ်လမ်းဟာ ကမ္ဘာမှာ သာမန်လူသားများနှင့် မိစ္ဆာများအဖြစ် လူသားများက ယူဆထားတဲ့ Demon မျိုးနွယ်စုများ နေထိုင်ကြပြီး လူမျိုးစု နှစ်စုလုံးဟာ တစ်ဖက်နှင့် တစ်ဖက် နယ်မြေအပြိုင်အဆိုင် သိမ်းပိုက်ရင်း တစ်ဆယ့်ငါးနှစ်ကျော်ကြာ စစ်ပွဲများ ရင်ဆိုင်နေရချိန်မှာ စတင်ထားပါတယ်။ Demonတွေဟာလည်း တကယ်တမ်း သတ္တဝါဆိုးတွေ မဟုတ်ဘဲ လူသားတွေလို ပုံစံမျိုးတွေသာဖြစ်ပြီး အပြန်အလှန် တိုက်ပွဲဝင်နေကြလို့သာ အချင်းချင်း မုန်းတီးနေကြတာ ဖြစ်ပါတယ်။ တစ်နေ့မှာတော့ လူသားများဘက်က အစွမ်းအထက်ဆုံး သူရဲကောင်းဖြစ်တဲ့ Yūsha (Hero)ဟာ စစ်ပွဲများ အမြန်အဆုံးသတ်နိုင်ဖို့အတွက် Demonတွေရဲ့ ခေါင်းဆောင်ဖြစ်တဲ့ Demon Kingကို နှိမ်နင်းဖို့ တစ်ကိုယ်တည်း ဝင်ရောက်လုပ်ကြံရန် ကြိုးပမ်းချိန်မှာ Maō (Demon King)ဟာ အများထင်ထားသလို ကြောက်မက်ဖွယ် သတ္တဝါကြီး မဟုတ်ဘဲ ချောမောလှပတဲ့ ဘုရင်မ တစ်ယောက် ဖြစ်နေတာ တွေ့လိုက်ရပါတယ်။ အဲဒီနောက်မှာတော့ Hero ဟာ Demon Kingရဲ့ တောင်းဆိုအကြံပြုမှုနှင့် လက်ရှိစစ်ပွဲကို ရပ်နားနိုင်ရန်သာ မဟုတ်ဘဲ တာရှည်ငြိမ်းချမ်းရေး ခိုင်မြဲဖို့ကို ပူးပေါင်း ဆောင်ရွက်ကြပုံကို မြင်တွေ့ရမှာ ဖြစ်ပါတယ်။

Maoyū Maō Yūshaဟာ နာမည်ကြီး Drama Animation ဇာတ်လမ်းဖြစ်တဲ့ Spice and Wolf လိုမျိုးပုံစံ အနည်းငယ်ဆင်တူတဲ့ အချက်တွေ ပါဝင်ပေမည့် သီးသန့်ကွဲပြားတဲ့ ဇာတ်လမ်းတစ်ခုအဖြစ် ရပ်တည်နိုင်တာ တွေ့ရပါတယ်။ ဇာတ်ကောင်ဒီဇိုင်းပိုင်းကိုတော့ အရမ်းကြီး အတည်ပေါက်ကြီး ဆွဲထားတာ မရှိဘဲ ဟာသခန်းလေးတွေလည်း ပါဝင်ပေမည့် ပင်မဇာတ်လမ်းကတော့ စစ်နှင့် ငြိမ်းချမ်းရေးဆိုင်ရာ တွေးခေါ်မှုတွေ၊ စစ်ရဲ့ ဆိုးကျိုးတွေ သာမကဘဲ မိမိနိုင်ငံသားများ အကျိုးအမြတ်ရရှိအောင် မတူညီတဲ့ နိုင်ငံတွေ စစ်တိုက်ကြပုံ အစရှိတာတွေကို အခြေခံထားတာပါ။ Demonများရဲ့ နယ်မြေများကို ကျူးကျော်ခြင်းအားဖြင့် အစာရေစာနှင့် လယ်ယာမြေရှားပါးတဲ့ လူသားများအနေနှင့် စီးပွားရေး ပိုမိုထွန်းကားလာနိုင်မှာ ဖြစ်သလို တော်ဝင်မိသားစုနှင့် စီးပွားရေး အခြေစိုက် မြို့တွေကလည်း ပိုမို အမြတ်ရရှိနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် Heroနှင့် Demon Kingတို့ ပူးပေါင်းပြီး စစ်ပွဲများကို တားဆီးမည့် ရေရှည်စီမံကိန်း အနေနှင့် လူသားများ နေထိုင်ရာ မြို့ရွာများမှာ လယ်ယာစိုက်ပျိုးမှု နည်းပညာ ထွန်းကားရန်နှင့် ပညာရေး မြင့်တင်နိုင်ရင် စတင် ကြိုးပမ်းရမှာ ဖြစ်ပါတယ်။ အစပိုင်း Episode အများစုမှာ Demon King အနေနှင့်ပဲ အစီအစဉ်များ ချမှတ် သွားပေမည့် ဇာတ်လမ်းတစ်ဝက်လောက် ရောက်တဲ့အခါမှာတော့ Heroရဲ့ တိုက်ပွဲတွေ ပါဝင်လာသလို အစပိုင်းမှာ ဇာတ်လိုက်နှင့် အုပ်စုကွဲခဲ့တဲ့ မိတ်ဆွေများနှင့်ပါ ပြန်လည်ဆုံတွေ့ရမှာ ဖြစ်ပါ တယ်။ Maoyū Maō Yūshaဟာ Medievalခေတ်မှာ နေရာယူထားတဲ့ Anime Seriesများထဲမှာ ဇာတ်လမ်းအရ ပုံစံ ကွဲပြားသလို စိတ်ဝင်စားဖို့ကောင်းတဲ့ ဇာတ်ကောင်တွေ လည်း ပါဝင်တဲ့ ဇာတ်ကားဖြစ်လို့ Fantasy Drama Seriesတွေ နှစ်သက်သော ပရိသတ်အားလုံးနှင့် သင့်တော်တဲ့ ဇာတ်လမ်းတွဲတစ်ခု ဖြစ်ပါ တယ်။

နေအောင်လတ်

## Moive Review







မင်းခန့်

Fast Fiveရဲ့ နောက်ဆုံး ဇာတ်ဝင်ခန်းကို အားလုံးမှတ်မိ ကြဦးမယ် ထင်ပါတယ်။ သူ့ရဲ့ နောက်ဆက်တွဲ အဖြစ်နဲ့ Dominic Torettoနဲ့ အဖွဲ့တွေဟာ ခိုးယူလို့ ရရှိလာတဲ့ ငွေတွေနဲ့ အဆင်ပြေ ချမ်းသာ နေကြပါတယ်။ ဒါပေမယ့် သူတို့ရဲ့ ရာဇဝတ်မှု မှတ်တမ်းတွေအရ မိမိတို့ရဲ့ မိခင်နိုင်ငံတွေကိုတော့ ပြန်လည် ပြောင်းရွှေ့နေထိုင်လို့ မရပါဘူး။ အဲဒီလို အားနည်းချက် ရှိနေတာကို ကောင်းကောင်း နားလည်လိုက်သူက Diplomatic Security Service (DSS)ရဲ့ စုံထောက် တစ်ယောက် ဖြစ်သူ Luke Hobbs ဖြစ်ပါတယ်။ ဒါကြောင့်လည်း Lukeက အဲဒီ အားနည်းချက်ကို အခွင့်ကောင်း ယူပြီး Dominicတို့ဆီက အကူအညီတစ်ခု တောင်းပါတယ်။ ဆိုလိုရင်းကတော့ Lukeက သူ့ကို ကူညီရင် သူကလည်း Dominicတို့ကို ရာဇဝတ်မှုတွေက လွတ်အောင် ဖုံးကွယ် ပေးမယ်ဆိုတဲ့ သဘောပါပဲ။ သူ လိုချင်တဲ့ အကူအညီကတော့ အင်္ဂလန် အထူးတပ်ဖွဲ့က အရာရှိ Owen Shawနဲ့ Dominicနဲ့ ဇာတ်လမ်းရှိခဲ့သူ Letty Ortiz တို့ရဲ့ မကောင်းမှုတွေကို ပူးပေါင်း ဖော်ထုတ်ပေးဖို့ပဲ ဖြစ်ပါတယ်။ ဒါကြောင့် ရာဇဝတ်မှုက လွတ်မြောက်နိုင်ဖို့ ကြိုးစားမယ့် Dominicတို့ အဖွဲ့နဲ့ အမှန်တရားကို ဖော်ထုတ်မယ့် Lukeတို့ရဲ့ ပူးပေါင်းမှုတွေနဲ့အတူ အရင်က Fast Seriesတွေကလို စိတ်ဝင်စားဖွယ် ကောင်းတဲ့ ဇာတ်ဝင်ခန်းတွေကို ကြည့်ရှုခံစားနိုင်မှာ ဖြစ်ပါတယ်။ Fast and Furious 6ကို Chris Morganက ဇာတ်လမ်းရေးသားပေးထားပြီး ဒါရိုက်တာ Justin Linက ရိုက်ကူးခြင်း ဖြစ်ကာ အဓိက ဇာတ်ဆောင်များအဖြစ် Vin Diesel, Paul Walkerနဲ့ Dwayne Johnsonတို့က သရုပ်ဆောင်ထားပါတယ်။ မေလ ၁၇ ရက်နေ့က အင်္ဂလန်နိုင်ငံမှာ စတင်ပြသခဲ့တာ ဖြစ်ပြီး မေလ ၂၄ ရက်နေ့မှာ ကမ္ဘာတစ်လွှားမှာ ရုံတင်မှာ ဖြစ်ပါတယ်။ ကြာမြင့်ချိန် ၁၃၀ မိနစ် တစ်လျှောက်လုံး စိတ်ဝင်တစား ကြည့်ရှုရမယ့် ဇာတ်ကားကောင်း တစ်ကားဖြစ်ပါတယ်။

## Recommended Drive

# Mazda 6 2012



Sid

၂၀၀၂ ခုနှစ်ကနေ စတင်ထုတ်လုပ်လာခဲ့တဲ့ Mazda6ကို Mazda Atenzaလို့လည်း ခေါ်ကြပါတယ်။ မိသားစုစီး Sedanကား အမျိုးအစား ဖြစ်ပြီး လျင်မြန်စွာ မောင်းနှင်နိုင်မှုနဲ့ အတွင်းပိုင်း ဖွဲ့စည်းမှု ကောင်းမွန်တာကြောင့် သူ့ရဲ့ Seriesတိုင်း အောင်မြင်နေတာ တွေ့ရပါတယ်။ အားသာချက် အဖြစ်ကတော့ နောက်ခန်းမှာ ကျယ်ဝန်းတဲ့ နေရာရှိမှု၊ ကိုယ်ထည်ပိုင်း တောင့်တင်းမှု၊ V6 အင်ဂျင် ရွေးချယ်ဝယ်ယူနိုင်မှုနဲ့ လက်ကိုင်ဘီးပုံစံ အချိုးကျမှုတွေ ဖြစ်ပါတယ်။ အားနည်းချက် အဖြစ်ကတော့ ဆီစားနှုန်း နည်းနည်းများတာ တစ်ခုပဲ ဖြစ်ပါတယ်။ ၂၀၁၂ မော်ဒယ် MAZADA6မှာ မော်ဒယ်ခွဲ ၆ မျိုး ခွဲခြား ထုတ်လုပ်ထားတာမို့ စိတ်ကြိုက်ရွေးချယ်မှု လုပ်နိုင်မှာ ဖြစ်ပါတယ်။ အဲဒီမော်ဒယ်ခွဲ တွေကတော့ i Sport, i Touring, i Touring Plus, i Grand Touring, s Touring Plusနဲ့ s Grand Touringတွေပဲ ဖြစ်ပါတယ်။ ပထမ i Seriesမော်ဒယ်ခွဲ လေးမျိုးမှာ တပ်ဆင်ထားတဲ့ အင်ဂျင်တွေက ၂.၅ လီတာသုံး လေးလုံးထိုး အင်ဂျင်တွေ ဖြစ်ပြီး s Seriesတွေမှာ တပ်ဆင်ထားတာကတော့ ၃.၇ လီတာသုံး V6 အင်ဂျင်တွေပဲ ဖြစ်ပါတယ်။ i Seriesတွေရဲ့ ဆီစားနှုန်းက ဆီတစ်ဂါလံကို မြို့တွင်းတွေမှာ ၂၂ မိုင်နဲ့ အထက်ကနေ အဝေးပြေး လမ်းမတွေထက်မှာ ဆိုရင်တော့ ၃၁ မိုင်နှုန်း လောက်ထိ မောင်းနှင်နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် အလယ်အလတ်တန်းစားကားတွေ အတွက် i Seriesက ဆီစားနှုန်း မဆိုးလှပါဘူး။ s Series တွေရဲ့ ဆီစားနှုန်းကတော့ မြို့တွင်းမှာ ၁၈ မိုင်နှုန်းနဲ့ အဝေးပြေးလမ်းတွေပေါ်မှာဆိုရင် ၂၇ မိုင်နှုန်းလောက်သာ အစီးခံပါလိမ့်မယ်။ ပြီးတော့ ဈေးနှုန်းကို ကြည့်မယ်ဆိုရင်လည်း V6 အင်ဂျင်သုံး မော်ဒယ်တွေက တန်ကြေးလည်း မြင့်တာကြောင့် စီးပွားရေးအရတော့ တွက်ခြေ မကိုက်လှပါဘူး။ i Seriesတွေရဲ့ စွမ်းအားက မြင်းကောင်ရေ ၁၇၀ အားထုတ်ပေးနိုင်မှာ ဖြစ်ပြီးတော့ s Seriesတွေကတော့ မြင်းကောင်ရေ ၂၇၂ ကောင်အားကို ထုတ်ပေးနိုင်မှာ ဖြစ်ပါတယ်။ i Seriesက ၉.၁ စက္ကန့်မှာပဲ မိုင် ၆၀ နှုန်းအထိ မောင်းနှင်နိုင်မှာ ဖြစ်ပြီး s Series ကတော့ ၆.၅ စက္ကန့်ပဲ ကြာပါလိမ့်မယ်။

## "ရန်ကုန်မြို့ရှိ ကား Showroomများ၏ တစ်ပတ်အတွင်း ကားဈေးနှုန်းများ"



### Toyota Wish (White)

Model: 2004, Front/ Back Camera
Engine: 2000 cc
Price: သိန်း 235 ဝန်းကျင်
Contact: Song Thit Nay Car Sale Centre
Phone : 09-861-7838

### Toyota Premio (Black)

Model: 2008, Gasoline
Engine: 2.5 cc
Price: သိန်း 350 ဝန်းကျင်
Contact: Wun Yan Kha Car Sale Center
Phone : 01-230-4501





### Toyota Isis (Black)

Model: 2008, Gasoline, CVT
Engine: 2000 cc
Price: သိန်း 325 ဝန်းကျင်
Phone : 01-566-106, 01-566-109

### Honda Fit (Black)

Model: 2008, Gasoline, Alloy Wheel
Engine: 1500 cc
Price: သိန်း 138 ဝန်းကျင်
Contact: Wun Yan Kha Car Sale Centre
Phone : 01-230-4501





### Toyota Rush (Gray)

Model: 2006, Gasoline, 4 auto
Engine: 1500 cc
Price: သိန်း 360 ဝန်းကျင်
Phone : 01-566-106, 01-566-109

### Toyota Kluger (Gray)

Model: 2003, TV, Alloy wheel
Engine: 2400 cc
Price: သိန်း 315 ဝန်းကျင်
Contact: Wun Yan Kha Car Sale Centre
Phone : 01-230-4501



စည်သူမိုးမိုင် တင်ဆက်သည်။

အိုင်စီတီ ဂျာနယ်
Volume 2, Issue 19
MYANMAR ICT JOURNAL

## Game Rreview






မင်းခန့်

Mars War Logsက ရုပ်ထွက်ကောင်းကောင်းနဲ့ တန်ကြေးနည်းပြီး စိတ်ဝင်စားစရာ PC Gameကောင်းကောင်း ကစားချင်သူတွေ အတွက် အကောင်းဆုံး ဖြစ်မှာပါ။ ဒါ့အပြင် PC Gameတွေမှာတင် မဟုတ်ပဲ Xbox 360မှာလည်း ကစားနိုင်မှာ ဖြစ်ပါတယ်။ ဒီ Gameမှာ ကစားသူက Royအဖြစ်နဲ့ ဝင်ရောက်ကစားရမှာ ဖြစ်ပြီးတော့ အင်္ဂါဂြိုလ်ပေါ်မှာ ဖြစ်ပွားနေတဲ့ စစ်ပွဲတွေ မှာဝင်ရောက် ကစားရမှာ ဖြစ်ပါတယ်။ ရာစုနှစ် တစ်ခုကို ကျော်လွန်ပြီးတဲ့နောက်မှာ လူသားတွေဟာ အင်္ဂါဂြိုလ်ပေါ်ကိုရောက်ရှိ အခြေချနေထိုင်နေကြစဉ်မှာ သူတို့ အသက်ရှင်နေထိုင်ရေးအတွက် အရေးအပါဆုံး အရာတစ်ခုကြောင့် အချင်းချင်းအကြားတိုက်ပွဲတွေ ဖြစ်လာပါ တော့တယ်။ အဲဒီအရာကတော့ ရေဖြစ်ပြီး၊ တိုက်ပွဲမှာ အဖမ်းဆီးခံ လူသားRoyက သူ့ရဲ့ လွတ်မြောက်ရာ လွတ်မြောက်လမ်းကို ရှာဖွေသွားလာရပုံတွေကို ကိုယ်တိုင်ဝင်ရောက် ကစားရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် Royကြုံတွေ့ရမယ့် အရာတွေက လူသားရန်သူတွေ တင်မဟုတ်ပဲ အင်္ဂါဂြိုလ်ပေါ်က သတ္တဝါဆိုးတွေရဲ့ အန္တရာယ်တွေကိုလည်း ရင်ဆိုင်ဖြေရှင်းရမှာ ဖြစ်ပါတယ်။ Mars: War Logsရဲ့ Developerက Spidersဖြစ်ပြီးတော့ Publisherက Focus Home Interactive ဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ် ဧပြီလ ၂၆ ရက်နေ့မှာ စတင်ဖြန့်ချိခဲ့တာ ဖြစ်ပြီး အက်ရှင်ဦးစားပေး Game တစ်ခုဖြစ်ပါတယ်။ တစ်ခုရှိတာက Single Modeအဖြစ်နဲ့သာ ဝင်ရောက် ဆော့ကစားနိုင်မှာ ဖြစ်လို့ အဖွဲ့လိုက် ကစားတတ်တဲ့ သူတွေနဲ့တော့ မကိုက်လှပါဘူး။ Gameတစ်ခုလုံးကို ပြီးဆုံးအောင် ကစားဖို့အတွက် အချိန် ၁၀ နာရီယူရမှာ ဖြစ်တယ်လို့ ပြောထားတာမို့ အချိန်ပေး ကစားရမယ့် Gameတစ်ခုပါပဲ။ သုံးစွဲသူတွေရဲ့ Review အရတော့ မှတ်ချက်ကောင်းတွေ ရရှိထားပြီး ဖြန့်ချိပုံကတော့ Optical Discအဖြစ်နဲ့ရော Downloadအဖြစ်နဲ့ပါ ရယူနိုင်တာမို့ အဆင်ပြေပါတယ်။

# ဒီတစ်ပတ်မှာတော့ Billboardရဲ့ ထိပ်ဆုံးမှာ ရှိနေတဲ့ Music Albumတွေကို ဖော်ပြပေးလိုက်ပါတယ်။

**1. Can't Hold Us**




**Vocalist**
Macklemore& Ryan Lewis
**Featuring**
Ray Dalton

**2. Just Give Me A Reason**




**Vocalist**
P!nk
**Featuring**
Nate Ruess

**3. Mirrors**




**Vocalist**
Justin Timberlake

**4. When I Was Your Man**




**Vocalist**
Bruno Mars

**5. Stay**




**Vocalist**
Rihanna
**Featuring**
Mikky Ekko

**6. Come and Get It**




**Vocalist**
Selena Gomez
**Featuring**
Ray Dalton

**7. Thrift Shop**




**Vocalist**
Macklemore and Ryan Lewis
**Featuring**
Wanz

**8. Radioactive**




**Vocalist**
Imagine Dragon

**9. I Love It**




**Vocalist**
Icona Pop

**10. Cruise**




**Vocalist**
Florida Georgia Line
**Featuring**
Nelly

## NEW PC GAMES FOR THIS WEEK

မင်းခန့် စုစည်းသည်

### Resident Evil Revelations




Genre - Survival Horror

Nintendo 3DSမှာ ထွက်ရှိထားတဲ့ RE - Revelationsကို Graphicsပိုင်း အရည်အသွေး မြှင့်တင်ပြီး HD Versionဖြင့် ပြန်လည် ထုတ်လုပ်ထားခြင်း ဖြစ်ပါတယ်။ Action အသားပေး RE 5တို့ RE 6တို့လို မဟုတ်ဘဲ Resident Evil ဂိမ်းတွေရဲ့ မူရင်းဇစ်မြစ်ဖြစ်တဲ့ Survival Horror ဘက်ကို ပြန်လည် အသားပေးထားတဲ့ ဂိမ်းဖြစ်ပြီး Chris Redfieldနှင့် Jill Valentine တို့နေရာက ဝင်ရောက် ကစားရမည့် နောက်ကြောင်းပြန်ဂိမ်းတစ်ခု ဖြစ်ပါတယ်။

### Star Drive




Genre - Startegy Action

အာကာသအတွင်းမှာ နယ်မြေတွေ ချဲ့ထွင်ရမည့် Strategy Action ဂိမ်းသစ်ဖြစ်ပြီး ကစားသူဟာ မတူညီတဲ့ မျိုးနွယ်စုများကို ရွေးချယ်နိုင်မှာပါ။ မြို့များ ဆောက်လုပ်ရတဲ့ Strategyနှင့် Simulation Gameplay သာမက ရန်သူများနှင့် တိုက်ခိုက်ရမှာ အာကာသတွင်းနှင့် ဂြိုဟ်ပေါ်မှာ တိုက်ခိုက်ရတဲ့ Action Gameplayတွေလည်း ပါဝင်လို့ Science Fiction Game ပရိသတ်များ သဘောကျမှာ ဖြစ်ပါတယ်။

### Metro Last Light




Genre - First Person Shooter

FPSနှင့် Horror ဂိမ်းသစ်ဖြစ်တဲ့ Metro - Last Lightဟာ Metro 2033ဂိမ်း၏ တိုက်ရိုက် အဆက်ဖြစ်ပြီး အနာဂတ်ကာလ Post-Apocalypse ခေတ်မှာ ဝင်ရောက် ကစားရမှာပါ။ Metro 2033မှ Main Character ဖြစ်တဲ့ Artyom နေရာမှ ဆက်လက် ကစားရမှာဖြစ်ပြီး မြေအောက် အတွင်း နေထိုင်သည့် ရန်သူလူသားများ၊ Mutant သတ္တဝါဆန်းများဖြင့် ရင်ဆိုင် တိုက်ခိုက်ရမှာ ဖြစ်ပါတယ်။ Multiplayer မပါဝင်ဘဲ Single Player Story Mode သီးသန့် ဇာတ်လမ်း အသားပေး ဂိမ်းဖြစ်ပါတယ်။

### Anomaly 2




Genre - Tower Defense

Mobile Deviceတွေမှာ ခေတ်စားခဲ့တဲ့ Anomaly Warzone Earthနှင့် Anomaly Koreaတို့ရဲ့ အဆက်ဖြစ်တဲ့ Anomaly 2ဟာ 2018 ခုနှစ်မှာ နေရာယူထားပြီး Tower Defense နှင့် Offense အမျိုးအစား ဖြစ်ပါတယ်။ စက်ရုပ် ဂြိုဟ်သားများ၏ ခံတပ် Towerများကို ဖျက်ဆီးရမည့် Commander နေရာမှ ဝင်ရောက် ကစားရမှာပါ။ ရန်သူများကို တိုက်ခိုက်ဖို့ Vehicle Unitများ၊ ခံတပ် Tower တိုင်များ တည်ဆောက်ကာ ကျူးကျော်လာသူများအား တားဆီးရမည့် Gameplayလည်း ပါဝင်လာပါတယ်။

နေအောင်လတ် တင်ဆက်သည်။

အိုင်စီတီ ဂျာနယ်
Volume 2, Issue 19
MYANMAR ICT JOURNAL

# တိုင်းပြည်ရဲ့ လျှပ်စစ်စွမ်းအင်ကို လိုအပ်မှုထက် ပိုမို ထုတ်လုပ်နိုင်ရန် လိုအပ်

TZO

သဘာဝသယံဇာတပေါကြွယ်ဝသော မြန်မာနိုင်ငံတွင် နျူကလီယား ဓာတ်အားပေး စက်ရုံများ တည်ထောင်ရန် လတ်တလော မလိုအပ်သေးကြောင်း၊ သဘာဝ သယံဇာတ များကို စနစ်တကျ သုံးစွဲလျှင် ၂၀၂၀ပြည့်နှစ်မှ ၂၀၃၀ပြည့်နှစ်အထိ လျှပ်စစ်ဓာတ်အား လိုအပ်မှုကို ဖြည့်ဆည်းပေးနိုင်မည် ဖြစ်ကြောင်း၊ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ အတွင်းရေးမှူး ဦးသိန်းလွင်က မေလ ၁၈ ရက်နေ့တွင် ပြောကြားခြင်း ဖြစ်သည်။ ၎င်းက လက်ရှိသယံဇာတ အရင်းအမြစ်များကို စနစ်တကျ အသုံးပြုရန်လိုကြောင်း၊ တိုင်းပြည် တိုးတက်ရန် ဆိုပါက စွမ်းအင်ပမာဏကို တိုင်းပြည်၏ လိုအပ်မှုထက် ပိုမို ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ လက်ရှိတွင် နျူကလီးယား စက်ရုံတည်ထောင်ဖို့ မလိုအပ်သေးသော်လည်း သံယံဇာတ အရင်းအမြစ်များသည် ကုန်ခမ်းသွားနိုင်သည့်အတွက် နောင်နှစ်ပေါင်း ၃၀ကျော်လျှင်မူ လိုအပ်လာ မည်ဟု ယူဆကြောင်း ပြောပါသည်။ နောင်အနာဂတ်၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်အတွက် လိုအပ်လျှင် နျူကလီးယား ဓာတ်အားပေး စက်ရုံကို တည်ထောင်သင့်ကြောင်း၊ ၎င်းအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားသင့်ကြောင်းနှင့် ကျောင်းသင်ခန်းစာများတွင် နျူကလီးယားနှင့် သက်ဆိုင်သော အခြေခံ ဗဟုသုတများ ထည့်သွင်း သင်ကြားပေးခြင်းဖြင့် နောင် မျိုးဆက်သစ်များအတွက် အထောက်အကူပြုနိုင်မည်ဟု ဆိုသည်။ ကမ္ဘာပေါ်တွင် နျူကလီယား ဓာတ်ပေါင်းဖို ၄၄၃ခုရှိပြီး ၂၀၁၁ခုနှစ် စာရင်းများအရ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှု စုစုပေါင်း ၃၇၀ဂစ်ဂါဝပ် ထုတ်လုပ် လျက် ရှိကြောင်း၊ အမေရိကန်နိုင်ငံတွင် ၁၀၄ရုံ၊ ပြင်သစ်တွင် ၅၈ရုံ၊ ရုရှားတွင် ၃၂ရုံ၊ တောင်ကိုရီးယားတွင် ၂၁ရုံ၊ ကနေဒါတွင် ၁၇ရုံ၊ ယူကရိန်းတွင် ၁၅ရုံ စသဖြင့် အသုံးပြုလျက် ရှိကြောင်း၊ တရုတ်နိုင်ငံတွင် လက်ရှိနျူကလီယား ဓာတ်အားပေးစက်ရုံ ၅၀ထပ်မံ တည်ဆောက်ရန် အတည်ပြုထားပြီး ဖြစ်ကြောင်း၊ သဘာဝ ပတ်ဝန်းကျင်နှင့် စီးပွားရေး သုတေသန သိပ္ပံမှ သိရသည်။ လက်ရှိ ဆောင်ရွက်နေဆဲ စီမံကိန်း အပါအဝင် ဆောင်ရွက်မည့် စီမံကိန်းများ အားလုံးတွင် စီးပွားရေးအရ တွက်ခြေကိုက်မှု ရှိ၊ မရှိ ပြည်တွင်း လိုအပ်ချက်ကို ဦးစားပေးမှု ရှိ၊ မရှိ သဘာဝပတ်ဝန်းကျင် ထိခိုက်မှု အနည်းဆုံး အစီအမံများ ရှိ၊ မရှိ စသည်တို့ကို အခြေခံပြီး လုပ်ငန်း ဆောင်ရွက်၍ တိုက်တွန်းထားကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီမှ ပြောကြားကြောင်း သိရသည်။

# ဒုတိယအကြိမ် မြန်မာ့မီဒီယာ ဖွံ့ဖြိုးရေး ညီလာခံ ကျင်းပပြီးစီး

TZO

ပြန်ကြားရေး ဝန်ကြီးဌာနနှင့် Myanmar Media Development Thematie Working Groupတို့မှ ကြီးမှူး၍ "ဒုတိယအကြိမ် မြန်မာ မီဒီယာ ဖွံ့ဖြိုးရေး ညီလာခံကို မေ ၂၀ရက်နေ့မှ ၂၁ရက်နေ့အထိ ရန်ကုန်မြို့၊ ကန်တော်ကြီး ပဲလေ့စ်ဟိုတယ်တွင် ကျင်းပခဲ့ကြောင်း သိရသည်။ အဆိုပါ ညီလာခံ၌ ဒီမိုကရေစီ အသွင် ကူးပြောင်းချိန်ကာလ မီဒီယာ၏ အခန်းကဏ္ဍ အောင်မြင်မှုများ အခက်အခဲများနှင့် လျှောက်လှမ်းရမည့် လမ်းစဉ်ဟူသော ခေါင်းစဉ်အောက်တွင် အစိုးရ အရာရှိများ၊ ပုဂ္ဂလိကနှင့် နိုင်ငံပိုင် သတင်းဌာနများ၊ အရည်အသွေးမြင့် သတင်းစာ ဆရာများ၏ အသင်းအဖွဲ့များ၊ သတင်းစာ ပညာသင် ကျောင်းများ၊ အရပ်ဘက် အဖွဲ့အစည်းများနှင့် နိုင်ငံတကာ အဖွဲ့အစည်းများက ယခင်နှစ်တွင် ဖြစ်ပေါ်ခဲ့သည့် မြန်မာ့မီဒီယာ လောက၏ တိုးတက်မှု အခက်အခဲများကို ဆွေးနွေးခဲ့ကြသည်။ ညီလာခံဖွင့်ပွဲသို့ တက်ရောက်ခဲ့သည့် ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးအောင်ကြည်က "ပထမအကြိမ် မီဒီယာ ညီလာခံက မြန်မာနိုင်ငံရဲ့ သမိုင်းဝင် မီဒီယာကဏ္ဍ အရွေ့ကို အားပေးကူညီခဲ့လို့ ယခုအချိန်မှာ ကျွန်တော်တို့ အားလုံးက မီဒီယာ ဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းပေါ် အတူတကွ တက်လှမ်းနိုင်တာ ဖြစ်တယ်"ဟု ပြောကြားခဲ့ပါသည်။ ပထမအကြိမ် မီဒီယာဖွံ့ဖြိုးရေး ညီလာခံကို ၂၀၁၂ခုနှစ် မတ်လ၌ ကျင်းပခဲ့ကြောင်း သိရပါသည်။

# Kasperskyက အမေရိကန်သို့ ဆော့ဖ်ဝဲရောင်းချရန် ပြင်ဆင်




Image Credit: www.tws3d.com

TZO

အာရှဒေသတွင် နာမည်ကျော်ကြားသည့် ကွန်ပျူတာ ဗိုင်းရပ်စ်နှိမ်နင်းရေး ဆော့ဖ်ဝဲ ထုတ်လုပ်သည့် ရုရှားနည်းပညာ ကုမ္ပဏီ ဖြစ်သော Kasperskyက အမေရိကန် ပြည်ထောင်စု အစိုးရအတွက် ဗိုင်းရပ်စ် နှိမ်နင်းသည့် ဆော့ဖ်ဝဲများ ရောင်းချရန် ပြင်ဆင်လျက်ရှိကြောင်း၊ ယင်းကုမ္ပဏီ၏ ပြောကြားချက်ကို ကိုးကား၍ Reuters သတင်းဌာနက ဖော်ပြထားသည်ကို တွေ့ရသည်။ အမေရိကန် ကုမ္ပဏီတွေဟာ ရာနှုန်းပြည့် ယုံကြည်စိတ်ချမှု ရှိတယ်။ အဲဒါကြောင့် ကျွန်တော်တို့ အနေနဲ့ ကျွန်တော်တို့ဟာ ၂၀၀ရာခိုင်နှုန်း ယုံကြည်ရတဲ့သူတွေ ဖြစ်တယ်ဆိုတဲ့ အချက်ကို သက်သေပြကြရပါလိမ့်မယ်။ ကျွန်တော်တို့ဟာ အမေရိကန်တွေထက် ပိုပြီး အမေရိကန်ဆန်ကြရပါမယ်"ဟု Kasperskyကုမ္ပဏီ တည်ထောင်သူနှင့် စီအီးအိုဖြစ်သူ အူဂျိန်နီကက်စ် ပါစကီးက ရိုက်တာ ဆိုက်ဘာလုံခြုံရေး ကွန်ဖရင့်တွင် ပြောကြားခြင်း ဖြစ်သည်။ အမေရိကန် ပြည်ထောင်စုရှိ ကွန်ပျူတာ ဗိုင်းရပ်စ်နှိမ်နင်းရေး ဆော့ဖ်ဝဲများတွင် အရောင်းရဆုံး စာရင်း၌ ပါဝင်သော Kasperskyသည် ယခုလတ်တလော ကာလများတွင် Intel Corp၏ Mc A fee, Symantec Corpနှင့် Trend Miero Incတို့၏ ဈေးကွက်ဝေစု အမြောက်အမြားကို ရယူနိုင်ခဲ့သည်။ ရုရှားနိုင်ငံ၊ မော်စကိုမြို့တွင် အခြေစိုက်သော Kaspersky အနေဖြင့် ကမ္ဘာပေါ်တွင် နည်းပညာ ထုတ်ကုန်အများဆုံး ဝယ်ယူသည့် အဖွဲ့အစည်းဖြစ်သော အမေရိကန် အစိုးရကို နည်းပညာများ ရောင်းချရန် ကြိုးစားနေသည်မှာ မှန်ကန်ကြောင်း ၎င်းက ဆိုပါသည်။

သို့ရာတွင် နည်းပညာ ကျွမ်းကျင်သူများက အမေရိကန် အစိုးရသည် မော်စကိုအစိုးရအနေဖြင့် ၎င်း၏ ကွန်ယက်ထဲသို့ ဝင်ရောက် နှောင့်ယှက်နိုင်သော Functionများ ပါဝင်နိုင်ခြေရှိသည့် ရုရှားထုတ်ကုန်များကို အသုံးပြုလေ့မရှိသဖြင့် Kaspersky၏ ကြိုးပမ်းချက်မှာ အောင်မြင်ဖွယ် မရှိဟု သုံးသပ်ကြသည်။ မစ္စတာ ကက်စပါကီကမူ ၎င်းအနေဖြင့် အမေရိကန်နိုင်ငံသားများ ဌားရမ်းကာ အမေရိကန် ပြည်ထောင်စုတွင် ရုံးခန်းခွဲသစ် ဖွင့်လှစ်ပြီး ကွန်ပျူတာ ပရိုဂရမ်အသစ်များ ရေးဆွဲခြင်း၊ စမ်းသပ်မှုများ ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ပေးသွားမည်ဟု ဆိုသည်။ ယင်းကဲ့သို့ အမေရိကန် နိုင်ငံသားများနှင့် ဖွဲ့စည်းထားသော နည်းပညာ အဖွဲ့သစ်အနေဖြင့် လျှပ်စစ်ဂျင်နရေတာများ၊ ရေကောင်းရေသန့် စနစ်များ၊ စက်ရုံများနှင့် အခြားသော စက်မှုလုပ်ငန်းများကို ထိန်းချုပ်မည့် ကွန်ပျူတာများအတွက် လည်ပတ်မှုစနစ် (Operating System)များကို ထုတ်လုပ် သွားရန် စီစဉ်ထားကြောင်းလည်း ပြောကြားသည်။ ယခုကဲ့သို့ အမေရိကန် ပြည်ထောင်စု နည်းပညာ ဈေးကွက်နှင့် ဝါရှင်တန် အစိုးရအတွက် ဆော့ဖ်ဝဲများ ရောင်းချရန် ကြိုးပမ်းရခြင်းမှာ ၂၀၁၀ခုနှစ်အတွင်း သုံးစွဲသူများအတွက် ဆော့ဖ်ဝဲ ရောင်းချမှု ကျဆင်းခဲ့ရခြင်းကို တုံ့ပြန်သည့်မဟာဗျူဟာ တစ်ရပ်လည်း ဖြစ်သည်ဟု မစ္စတာကက်စပါစကီ၏ အဆိုအရ သိရသည်။

# မြန်မာနိုင်ငံတွင် ရေအားလျှပ်စစ် ထုတ်ရန် ဩစတြေးလျ ကုမ္ပဏီလာမည်

TZO

မိုးလွန်ကာလများ၌ လျှပ်စစ်မီး အပြည့်အဝ မပေးနိုင်သေးသော မြန်မာနိုင်ငံတွင် ဩစတြေးလျ ရေအားလျှပ်စစ် ကုမ္ပဏီ Andritz Hydro Gmbttက လာရောက်ရင်းနှီးမြှုပ်နှံပြီး ရေအားလျှပ်စစ် ထုတ်လုပ်မည်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန (DICA) သိရပါသည်။ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက အခြေအနေကို လာပြီး လေ့လာတာ ဖြစ်နိုင်ကြောင်း၊ သူတို့ စီမံကိန်းတွေက ပတ်ဝန်းကျင် ထိခိုက်မှုမရှိကြောင်း ပြောပါသည်။ ကမ္ဘာတစ်ဝန်း နိုင်ငံပေါင်း ၁၅နိုင်ငံတွင် ရေအားလျှပ်စစ်စီမံကိန်း ၃၀ကျော်ကို စီမံခန့်ခွဲ လုပ်ကိုင်နေသော ယင်းကုမ္ပဏီသည် DICAထံမှ တရားဝင် ကိုယ်စားလှယ် ရုံးခွဲ ဖွင့်လှစ်ခွင့်ကို မေလ ၁၆ရက်နေ့က ရရှိခဲ့ပြီး ဝန်ဆောင်မှု လုပ်ငန်းအဖြစ် မှတ်ပုံတင်ထားခြင်း ဖြစ်သည်။ ၁၈၅၂ခုနှစ်တွင် စတင် တည်ထောင်ခဲ့ပြီး အကြီးစား စက်မှုလုပ်ငန်းများ လုပ်ကိုင်သော အဆိုပါ ကုမ္ပဏီသည် ဩစတြေးလျနိုင်ငံ Grazမြို့တွင် အခြေစိုက်ပြီး အဆိုပါ မြို့ရှိ Andritz ဒေသအား အစွဲပြု၍ ကုမ္ပဏီအမည် ပေးထားခြင်း ဖြစ်သည်။ Andritz လုပ်ငန်းအုပ်စုသည် စက္ကူနှင့် ပျော့ဖတ်လုပ်ငန်း၊ ရေအားလျှပ်စစ် လုပ်ငန်း၊ သတ္တုလုပ်ငန်း၊ ဇီဝလောင်စာ ထုတ်လုပ်သည့် လုပ်ငန်းများ လုပ်ကိုင်လျက်ရှိသည်။ ပြည်တွင်း ရေအားလျှပ်စစ်စီမံကိန်းတွေက ပွင့်လင်း မြင်သာမှု သိပ်မရှိဘူး။ ဥရောပ ကုမ္ပဏီတွေကျတော့ စနစ်တကျနဲ့ ပတ်ဝန်းကျင် ထိခိုက်မှု မရှိအောင် ဆောင်ရွက်ထား၊ သမ္မတကြီး ဥရောပ ခရီးစဉ်တုန်းက ဝင်လေ့လာခဲ့သေးတယ်"ဟု စီးပွားရေး ပညာရှင် တစ်ဦးက ပြောပါသည်။ စင်ကာပူနိုင်ငံ၏ လျှပ်စစ်ဓာတ်အား အသုံးပြုမှု ၂၅ရာခိုင်နှုန်း ထောက်ပံ့ပေးနေသော တရုတ် လျှပ်စစ် ဓာတ်အား ထုတ်လုပ်ရေးကုမ္ပဏီ Tusa Power Generationကလည်း မြန်မာနိုင်ငံတွင် ရေအားလျှပ်စစ် စီမံကိန်းများ အကောင်အထည်ဖော်ရန် စီစဉ်နေသည်ဟု စင်ကာပူ မီဒီယာများတွင် ဖော်ပြထားကြောင်း သိရသည်။

# အဆင့်မြင့် လေအိတ် ဘတ်စ်များ ဆီးဂိမ်းအမီ ရန်ကုန်မြို့တွင်း ပြေးဆွဲမည်

TZO

ဘတ်စ်ကား ယာဉ်လိုင်းများစွာ ပြေးဆွဲလျက်ရှိသော ရန်ကုန်မြို့တွင်း၌ ခရီးသည်များ သက်သောင့်သက်သာ စီးနင်းနိုင်သော ယာဉ်များမရှိသဖြင့် ခရီးသည်များ ငြိမ့်ငြောင်းစွာစီးနိုင်သည့် အဆင့်မြင့် လေအိတ်ယာဉ်များ မြို့တွင်းတွင် မကြာမီ ပြေးဆွဲသွားမည် ဖြစ်ပြီး ကနဦး အစီအစဉ် အဖြစ် အစီး ၂၀၀နီးကျင်ဖြင့် ပေးဆွဲသွား မည်ဖြစ်ကြောင်း၊ မေတ္တာလှိုင်း မော်တော် ယာဉ်အသင်း မန်နေဂျင်းဒါရိုက်တာ ဦးကျော်သီဟက ပြောကြားသည်ဟု သိရသည်။ ယခု ပြေးဆွဲမည့် အဆင့်မြင့် ယာဉ်လိုင်းအတွက် သက်ဆိုင်ရာများ၏ ခွင့်ပြုချက် ရရန် စောင့်ဆိုင်းနေကြောင်း၊ ကားများက ရောက်နေပြီး အသင့် ပြေးဆွဲနိုင်ရန် ချို့ယွင်းချက်မရှိအောင် ပြင်ဆင်နေကြောင်း၊ ခွင့်ပြုချက် ရသည်နှင့် ပြေးဆွဲသွားမည် ဖြစ်ကြောင်း သိရသည်။ ဘတ်စ်ကားများ အနေဖြင့် မြို့တွင်း ဘတ်စ်ကားမျိုး မဟုတ်ပဲ ကိုရီးယား သမ္မတနိုင်ငံတွင် ခရီးတို ပြေးဆွဲသည့် ကားအမျိုး အစား ဖြစ်ကြောင်း၊ လက်ရှိတွင် အစီး ၂၀ခန့် ပြေးဆွဲမည်ဟု ရည်မှန်းထားပြီး ကားပုံစံ ဒီဇိုင်းသည် အဝေးပြေးကားများ ပုံစံဖြစ် ကြောင်း၊ လေအေးပေးစက်ကိုလည်း အမြဲ ဖွင့်ပေးထားမှာ ဖြစ်ကြောင်း၊ လေအိတ်ကား ဖြစ်သည့်အတွက် ခရီးသည်များ သက်သောင့်သက်သာ စီးနိုင်မှာ ဖြစ်ကြောင်း၊ ယာဉ်စီးကားခ ကျပ် ၂၀၀နှင့် ခရီးစဉ် အစအဆုံး ကျပ် ၃၀၀ သတ်မှတ်ထားပြီး ဆီးဂိမ်းအမီ ပြေးဆွဲရန် စီစဉ်ထားကြောင်း၊ ထိုင်ခုံအပြည့် ၄၅ယောက် စီးနင်းနိုင်ပြီး ဆီးဂိမ်းသို့ လာရောက်မည့် ခရီးသည်များနှင့် နိုင်ငံခြားသားများ အမြင်၌ အဆင့်မီအောင် ပြုလုပ်ခြင်း ဖြစ်ကြောင်း၊ ဆီးဂိမ်းပြီးလျှင်လည်း ဆက်လက် ပြေးဆွဲသွားမည် ဖြစ်ကြောင်း သိရသည်။ မေတ္တာလှိုင်း မော်တော်ယာဉ်လိုင်းသည် သာကေတနှင့် လှိုင်သာယာမြို့နယ် (အဝေးပြေး)သို့ ပြေးဆွဲပေးလျက်ရှိသော မြို့တွင်း ခရီး သည်တင် ယာဉ်လိုင်း တစ်ခု ဖြစ်ပါသည်။

# လူထုဆက်သွယ်ရေး ကွန်ရက် တမ်ဘလာကို Yahooက ဝယ်တော့မည်

TZO

Yahoo ကုမ္ပဏီသည် ရေပန်းစားနေသော လူထုဆက်သွယ်ရေး ကွန်ရက်တစ်ခု ဖြစ်သော ဘလောဂ့်ဂင်း ဆားဗ်စ် ဝန်ဆောင်မှု ကုမ္ပဏီ "တမ်ဘလာ"ကို ဒေါ်လာ ကုဋေ ၁၁၀ဖြင့် ဝယ်ယူရန် သဘောတူလိုက်ပြီဟု ဆင်ဟွာ သတင်းတစ်ရပ်အရ သိရသည်။ ဤကိစ္စသာ အကောင်အထည်ပေါ်ပါက ၂၀၁၂ခုနှစ်၊ ဇူလိုင်လက Yahoo၏ အမှုဆောင် အရာရှိချုပ် (CEO)တာဝန်ကို လက်ခံခဲ့သော မာရစ္စ မေယာ အတွက် အကြီးဆုံးသော လုပ်ရပ် ဖြစ်လာမည် ဖြစ်သည်။ ယင်းသည် Facebook ကုမ္ပဏီက "အင်နိစတာဂရမ်" (Instagram) ကွန်ဖြန့်ကုမ္ပဏီကို ဒေါ်လာ ကုဋေ ၁၀၀ဖြင့် ဝယ်ယူခဲ့ပုံမျိုးဟု ဆိုနိုင်ပါသည်။ ယခုအခါ အင်တာနက် ကမ္ဘာကို Google၊ Facebook နှင့် Twitter တို့က ကြီးစိုးနေရာ Yahoo ကလည်း ဖဲ့ယူရန် ဆန္ဒရှိနေသည်။ သို့ရာတွင် ဂူးဂဲလ်ကဲ့သို့ စလုံး ရေစမှ ထူထောင်ရန် ခက်ခဲသောကြောင့် ယခုကဲ့သို့ အောင်မြင်ပြီးသား ကွန်ဖြန့် ကုမ္ပဏီ "တမ်ဘလာ" ဝယ်ယူခဲ့ခြင်း ဖြစ်သည်။ "တမ်ဘလာ"ကို အသက် (၂၆)နှစ် အရွယ် ဒေးဗစ်ကာ့ပ်က ၂၀၀၇ ခုနှစ်၌ စတင် ထူထောင်လာပြီး အောင်မြင်လာခြင်း ဖြစ်သည်ဟု ဆို၏။ Yahooက ဝယ်ယူပြီးသည့် နောက်တွင်လည်း ဒေးဗစ်ကာ့ပ်ကသာ ဆက်လက် ကိုင်တွယ်သွားမည့် သဘောရှိကြောင်း သိရပါသည်။

အိုင်စီတီ ဂျာနယ်
Volume 2, Issue 19
MYANMAR ICT JOURNAL

MYANMAR JOB SEARCH
Powered by

အောက်ဖော်ပြပါ အချက်အလက်များသည် www.myanmarjobsearch.comမှ အလုပ်ရှာဖွေနေသူများ၊ အလုပ်ရှင်များနှင့် သူတို့၏ ခေါ်စာများ ဖြစ်သည်။ အလုပ်ရှာဖွေသူများနှင့် ဝန်ထမ်းခေါ်ယူလိုသော လုပ်ငန်းရှင်များအနေဖြင့် www.myanmarjobsearch.comတွင် မိမိတို့၏ လုပ်ငန်းပိုင်းဆိုင်ရာ လိုအပ်ချက်များကို အခမဲ့ ဝင်ရောက်ဖြည့်စွက်ခြင်းဖြင့်သော်လည်းကောင်း၊ classified@myanmarict.comသို့ email ပေးပို့ခြင်းဖြင့်သော်လည်းကောင်း ဤစာမျက်နှာတွင် ပါဝင်ဖော်ပြနိုင်မည် ဖြစ်သည်။

လုပ်ငန်းရှင်များအနေဖြင့် www.myanmarjobsearch.comတွင် Employeeအနေဖြင့် Registerလုပ်ပြီး အသေးစိတ် အချက်အလက်များကို ရရှိနိုင်သည်။ အလုပ်ရှာဖွေနေသူများအနေဖြင့် JobSeekerအနေဖြင့် Registerလုပ်ပြီး အောက်ဖော်ပြပါ Positionများကို ဝင်ရောက်ဖြည့်စွက်နိုင်သည်။

## အလုပ်ရှာဖွေနေသူများ (Job Seeker)

### Accounting

| | |
|---|---|
| NAME | eikhine |
| SEEKING | Network Engineer or IT |
| AGE | 25 |
| Contact | 420026349 |
| NAME | Thet Mon Soe |
| SEEKING | Accountant |
| AGE | 26 |
| Contact | 949594853 |
| NAME | Su Myat Mon |
| SEEKING | Accounting |
| AGE | 26 |
| Contact | 420102147 |
| NAME | Chit Chit Po |
| SEEKING | Admin |
| AGE | 21 |
| Contact | 09-401-531-18 |
| NAME | May Su |
| SEEKING | Accountant |
| AGE | 23 |
| Contact | 09-421-100-204 |

### Management, Executive

| | |
|---|---|
| NAME | San Lwin |
| SEEKING | Manager |
| AGE | 36 |
| Contact | 09-400-028-92 |
| NAME | Zin Mar Thein |
| SEEKING | Purchasing Manager |
| AGE | 26 |
| Contact | 09-429-496-7295 |
| NAME | U Saw Naing Win |
| SEEKING | Phone Hardware & Software |
| AGE | 25 |
| Contact | 09-732-470-96 |
| NAME | Win Min Htun |
| SEEKING | Admin Manager or Operation Manager |
| AGE | 34 |
| Contact | 09-420-718-092 |

### Education and Training

| | |
|---|---|
| NAME | Hlaing Minn Paing |
| SEEKING | Network Engineer |
| AGE | 24 |
| Contact | 09-432-066-36 |

### Engineering

| | |
|---|---|
| NAME | Zin Win Htut |
| SEEKING | Site Engineer, Project Engineer, Site Supervisor & Project |
| AGE | 25 |
| Contact | 09-428-113-322 |
| NAME | Ei Khine |
| SEEKING | Network Engineer or IT |
| AGE | 25 |
| Contact | 09-420-026-349 |
| NAME | Yiywe Aung |
| SEEKING | Autocad Engineer |
| AGE | 22 |
| Contact | 09-735-516-02 |

### Computer/ ICT/ Electronics

| | |
|---|---|
| NAME | Phyo Thi Ha |
| SEEKING | Software Engineer/ Developer |
| AGE | 25 |
| Contact | 09-421-017-745 |
| NAME | Lu Lu Aung |
| SEEKING | Network Engineer |
| AGE | 24 |
| Contact | 09-100-5209 |
| NAME | Aye Min |
| SEEKING | Hardware/ Network Engineer |
| AGE | 24 |
| Contact | 09-429-496-7295 |
| NAME | Wonnakoko |
| SEEKING | Software Developer |
| AGE | 25 |
| Contact | 09-506-8854 |

### Web Site Development

| | |
|---|---|
| NAME | Kaung Khant Kyaw |
| SEEKING | Web Designer |
| AGE | 20 |
| Contact | 09-429-496-7295 |
| NAME | May Thu Aung |
| SEEKING | Web Developer, Web Design |
| AGE | 19 |
| Contact | 09-514-2775 |

## အလုပ်ရှင်များ၏ ခေါ်စာများ (Vacant Position)

### Profit Computer Training Centre

| | | |
|---|---|---|
| VACANT | Networking and Server | 2 |
| | Web Designer | 2 |
| | Graphic Designer | 2 |
| | Computer Basic DTP | 2 |
| PHONE | 09-420-160-229, 09-730-847-51 | |
| ADDRESS | Yangon. | |

### Isola Garden Cafe and Restaurant

| | | |
|---|---|---|
| VACANT | Service Crew | |
| | Data Entry | 4 |
| | Administrative Assistant | 2 |
| PHONE | 01-532-124 | |
| ADDRESS | 80 University Avenue Rd, Bahan T/S, Yangon, Myanmar | |

### Advanced Technologies And Solutions

| | | |
|---|---|---|
| VACANT | Network & A+ Trainer | 1 |
| | Website Development Trainer | 2 |
| | J2SE & J2EE Trainer | 1 |
| | .Net with C# Programming Trainer | 1 |
| PHONE | 652288, 521125, 652320 | |
| ADDRESS | အခန်း(၄)၊ MICT Park၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ | |

### RAINMAKER SERVICES COMPANY LIMITED

| | | |
|---|---|---|
| VACANT | Public Relation Executive cum Admin Officier | 1 |
| PHONE | 01-154-4221 | |
| ADDRESS | No.191, 4th Floor, U Chit Maung Street, Bahan Township, Yangon | |

### Pytheas Infosys Pte Ltd

| | | |
|---|---|---|
| VACANT | PHP Developer | 5 |
| PHONE | +65 97928305 | |
| ADDRESS | Singapore Management University, Victoria St, Singapore Postal Code:178901 | |

### Apple Ion Co.,Ltd

| | | |
|---|---|---|
| VACANT | Manager | 1 |
| | Marketing Executive | 2 |
| | Marketing Staff | 5 |
| | Driver | 1 |
| | Web Designer | 1 |
| PHONE | 01-525935, 01-534679, 01-524379, 01-505247, 01-5058248 | |
| ADDRESS | No.62A, Bawdiyeiktha-Thanlwin Road, Bahan Township, Yangon | |

### RAINMAKER SERVICES COMPANY LIMITED

| | | |
|---|---|---|
| VACANT | Public Relation Executive Cum Admin Officier | 2 |
| PHONE | 01-544221 | |
| ADDRESS | No.191, 4th Floor, U Chit Maung Street, Bahan Township, Yangon | |

### GLASS PALACE MANUFACTURING CO., LTD.

| | | |
|---|---|---|
| VACANT | Accounting | 1 |
| PHONE | 01-400-194 | |
| ADDRESS | NO.9 SOUTH HORSE RACE COURSE RD, TAMWE TOWNSHIP, YANGON, MYANMAR | |

## FREE CLASSIFIED

သင်ရောင်း/ဝယ်လိုသော ပစ္စည်းများကို ဤစာမျက်နှာတွင် ပါဝင်ဖော်ပြနိုင်ရန် classified@myanmarict.comသို့ email ပေးပို့လိုက်ပါ။

### FOR SALES (ရောင်းမည်)

| | |
|---|---|
| Condition | Used |
| Description | 99% New ASUS K45VM Intel Core i7 Ram 8GB H.D.D 750 Graphic 2GB 2-year & 8 Month Warranty Card |
| Quantity | 1 |
| Price | K 620,000 |
| Condition | Used |
| Description | Acer 4752 Intel Core i3 Ram 6GB H.D.D 500GB Display 14" |
| Quantity | 1 |
| Price | K 330,000 |
| Contact | 01-248-076 |

### FOR SALES (ရောင်းမည်)

| | |
|---|---|
| Condition | Used |
| Description | 99% New Sony Xperia Ion With Original Box & Accessories (Red Color) |
| Quantity | 1 |
| Price | K 230,000 |
| Condition | Used |
| Description | iPad Mini 32 Wifi+4G 7 Month Warranty iPad Mini 16GB+4G 8 Month Warranty iPad 2 32GB Wifi |
| Quantity | 1 |
| Price | K 300,000 |
| Contact | 09-501-6694 |

### SALES/ BUY (ရောင်းသည်။ ဝယ်သည်။ အလဲထပ်လုပ်ပေးသည်။

| | |
|---|---|
| Condition | Used |
| Description | iPhone 5, 4S & 4G iPad 1, 2, 3, 4 & Mini. SAMSUNG S4, S3, S2, Note 2, Note 1 & ETC. SONY ERICSSON, HTC & HUAWEI. APPLE & ANDRIOD HANDSET HANDSET GSM, WCDMA, CDMA SIM CARD |
| Contact | 09-422-450-819 |

### FOR SALES (ရောင်းမည်)

| | |
|---|---|
| Condition | Used |
| Description | iPad2 16GB White |
| Quantity | 1 |
| Price | K 270,000 |
| Condition | Used |
| Description | iPad 3 64GB 4G + Wifi Black |
| Quantity | 1 |
| Price | K 480,000 |
| Condition | Used |
| Description | Samsung Galaxy s2 GT- i9100 Black |
| Quantity | 1 |
| Price | K 220,000 |
| Contact | 09-517-8341 |


Free Registration at
miff.doattend.com
Date - 1st June 2013
Venue - MICT Park, Hlaing Tsp, Yangon.
Time - 9:00 AM - 5:00 PM
Facebook- www.facebook.com/MyanmarIFF
Contact - 09 450025616, 09 43025529
Myanmar Internet Freedom Forum
မြန်မာ့ အင်တာနက် လွတ်လပ်ခွင့် ဖိုရမ်
မြန်နှုန်းမြင့် အင်တာနက်
ဆိုက်ဘာ အန္တရာယ်ကျင့်မှုများ
၂၁ ရာစုရဲ့ Netizen တစ်ယောက်ဆိုရင်
ဒီ ဖိုရမ်ကို မဖြစ်မနေ လာရောက်ဖို့
ဖိတ်ခေါ်လိုက်ပါတယ် ။
အွန်လိုင်းပေါ်က ပညာရေး
လွတ်လပ် ပွင့်လင်းသော အင်တာနက်
လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်
Organized by
Myanmar ICT for Development Organization
www.myanmarido.org
You can do it


GAME HIVE
VIDEO GAMES SALES & SERVICE
Special Online Game Promotion!
Special Promotion အဖြစ် Free-to-play Up-to-date Online ဂိမ်းသစ် များကိုအထူးအစီအစဉ်ဖြင့် ရောင်းချပေးသွားမှာ ဖြစ်ပါတယ်!
နောက်ဆုံးပေါ် PC, PS3, Xbox360, Wii, DS, 3DS, PSP, PSVita ဂိမ်းစက်၊ ဂိမ်းခွေများနှင့် ရှားပါး PS1/PS2 ဂိမ်းခွေများ
PC တွင် PS1 ၊ PS2 နှင့် Nintendo Wii ဂိမ်းများ ကစားနိုင်ရန်ဆောင်ရွက်ပေးမည့် Emulation Service
PS3 Downgrade Service နှင့် Xbox360, Nintendo Wii, PSP, Nintendo DS Update/ Modify Service
နယ်အမှာများကိုလည်း စတင်လက်ခံနေပြီး Service ပိုင်းနှင့် Quality ပိုင်းကို အာမခံဖြင့် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်
Location: No.93 Ground Floor, 39th Street (Lower Block)
Opening Time: Everyday 9:30 am to 8 pm
Contact: 09 7311 8550, 09 4500 41500
အသစ်ထွက်ရှိသည့် ဂိမ်းခွေများစာရင်းနှင့် Promotion အစီအစဉ်များကို
http://www.facebook.com/groups/gamehive
တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါပြီ


Websites များကို အချိန်တိုအတွင်း ဈေးနှုန်းသင့်တင့်စွာဖြင့် ရေးဆွဲပေးနေပါပြီ
Website Packages
Domain ( .com/ .net/ .org/.info/ .biz ) - 15000 k per year
Mini Package
No. of pages : 2 pages
Plus/Extra : 7000 kyats
Storage : 5 MB
Description
Banner, Logo, Text, Images, Animation, Update Services
45000 kyats
Standard Package
No. of pages : 7 pages
Plus/Extra : 9000 kyats
Storage : 20 MB
Description
Banner, Logo, Text, Images, Animation, Visitor Counter, Update Services, Form, Email, Facebook, Google Search, Map
Maximum Package
No. of pages : +20 pages
Plus/Extra : 9000 kyats
Storage : 100 MB
Description
Banner, Logo, Text, Images, Animation, Visitor Counter, Update Services, Form, Email, Facebook, Google Search, Map, Movie
0973215521
Call NOW
Future Point
Computer Language Web Services
အမှတ် (၃၈/၁) ၊ ဘော်ဇင်လမ်း (7MART ဘေး) ၊
ဘော်ဇင်လမ်းသွယ် (၃) ၊ သုဝဏ္ဏ ၊ ရန်ကုန် ။
မှတ်တိုင် - လမ်းဆုံမှတ်တိုင်

အိုင်စီတီ ဂျာနယ်
Volume 2, Issue 19
MYANMAR ICT JOURNAL

# ဘ၀ကို ပျော်ပျော်ရွှင်ရွှင်နဲ့ ဖြတ်သန်းစေချင်တဲ့ . . .

## နန်းသီရိမောင်



နွေဦးလွင်

Q: မင်္ဂလာပါ၊ ညီမရေ၊ ICTဂျာနယ်ရဲ့ ပရိသတ်တွေကို နှုတ်ခွန်းဆက်စကားလေး ပြောပေးပါဦး။

A: ဟုတ်ကဲ့၊ မင်္ဂလာပါ အစ်ကို၊ ICTရဲ့ ပရိသတ်ကြီးလည်း မင်္ဂလာပါလို့။

Q: ညီမအနေနဲ့ အနုပညာလောကထဲ စတင်ဝင်ရောက်ခဲ့တဲ့ ခုနစ်ကလေးကို ပြောပြပေးပါဦး။

A: ၂၀၁၀ ပြည့်နှစ်ထဲမှာပါ။

Q: ညီမကို ဘယ်လိုအနုပညာ ပုံရိပ်တွေနဲ့ ပရိသတ်က သတိထားမိလာတယ်လို့ ထင်လဲ။

A: အစောပိုင်းမှာ မဂ္ဂဇင်း Coverတွေမှာပေါ့နော်၊ နောက် TVကြော်ငြာ တချို့နဲ့ သီချင်းတွေမှာ သရုပ်ဆောင်ရင်း ပရိသတ်တွေ လက်ခံလာတာပါ။

Q: အခု လတ်တလော အနုပညာလှုပ်ရှားမှုတွေလည်း ပြောပေးပါဦး။

A: အခု လောလောဆယ်တော့ Showတွေ ဆိုနေတယ်၊ Sea Gameအတွက် ဇာတ်လမ်းတိုလေးတစ်ခုကို ကိုနေတိုး၊ ကိုမြင့်မြတ်တို့နဲ့ ရိုက်ဖို့ရှိတယ်။

Q: ဒီနေ့ခေတ် နည်းပညာဆိုတဲ့အပေါ် ... ညီမရဲ့ အမြင်လေးကို ပြောပြပဲ့လား။

A: နည်းပညာဆိုတာတော့ ညီမအမြင်ပေါ့နော်၊ လူနေမှု အဆင့်အတန်းကို တိုးတက်ပြောင်းလဲစေတဲ့ အရာပေါ့၊ လူမှုအဖွဲ့အစည်းအတွက် မရှိမဖြစ်လိုအပ်တဲ့ အရာလို့ထင်ပါတယ်။

Q: နည်းပညာ ပစ္စည်းနဲ့ ပတ်သက်ပြီး ညီမ အခုလက်ရှိ အသုံးပြုနေတဲ့ ဖုန်းအမျိုးအစားက...။

A: Samsung အမျိုးအစားပါ၊ ညီမအတွက်တော့ အင်တာနက်တွေသုံးတဲ့နေရာမှာလည်း အဆင်ပြေတယ်...။ နောက်ပြီးတော့ iPadလည်း သုံးဖြစ်တယ်။

Q: အခုလက်ရှိ ညီမစီးဖြစ်နေတဲ့ ကားအမျိုးအစားက...။

A: Toyota Prado ပါ ၊ ကားကိုတော့ ကိုယ်တိုင် မမောင်းဖြစ်ပါဘူး။

Q: ဒါနဲ့ အခုရက်ပိုင်း ကားလမ်းတွေ ကြပ်နေတယ်ဆိုတဲ့ သတင်းတွေအပေါ် ညီမရဲ့ အမြင်က...။

A: ဟုတ်တယ်၊ ဒီရက်ပိုင်း ကားတွေ တော်တော်ကြပ်နေတယ်လေ၊ ကိုယ်တိုင်လည်း တွေ့ကြုံနေရတော့ လမ်းပိတ်တတ်တဲ့ နေရာတွေရောက်ရင် အရမ်းစိတ်ညစ်ရတယ်။

Q: ဒါနဲ့ အင်တာနက် သုံးဖြစ်လား၊ အဆင်ပြေမှုရော ရှိလား။

A: အင်တာနက်ကတော့ သုံးဖြစ်တယ်၊ Connectionက တစ်ခါတစ်လေတော့ သိပ်မကောင်းဘူး၊ ညီမက ဖုန်းနဲ့ အသုံးများတော့ နည်းနည်းတော့ အချိန်ပေးရတာပေါ့။

Q: ပရိသတ်တွေနဲ့ရော ဘယ်လိုမျိုး အဆက်အသွယ်လုပ်ဖြစ်လဲ...။

A: Facebookကပဲ ဆက်သွယ် ဖြစ်ပါတယ်။ ကိုယ်တိုင်လည်း အင်တာနက် အသုံးများတော့လေ၊ နာမည်ကတော့ နန်းသီရိမောင်နဲ့ပါပဲ။

Q: ညီမရဲ့ အကြိုက်ဆုံး အဝတ်အစား ဒီဇိုင်းကိုလည်း ပြောပေးပါဦး။

A: အကြိုက်ဆုံးရယ်လို့တော့ မရှိပါဘူး၊ ကိုယ့်ကိုယ်ကို ယုံကြည်မှုလည်းရှိမယ်၊ ကြည့်လို့လည်း ကောင်းမယ်ဆိုရင် ဘယ်ဒီဇိုင်းမဆို သဘောကျပါတယ်။

Q: ညီမ အနှစ်မြို့က်ဆုံး အနုပညာရှင်က...။

A: Angelina Jolieပါ၊ သူ့ရဲ့ လူမှုရေး လုပ်ဆောင်ချက်တွေရော၊ အနုပညာ သရုပ်ဆောင်မှု တွေရော အားလုံးကို သဘော ကျ နှစ်ခြိုက်လို့ပါ။

Q: အမြဲတမ်း လုပ်ဖြစ်တဲ့ ကျန်းမာရေး လေ့ကျင့် ခန်းရှိလား မသိဘူး။

A: အမြဲတမ်း လုပ်ဖြစ်တဲ့ လေ့ကျင့်ခန်းရယ်တော့ မရှိပါဘူး၊ အားလပ်ရက်တွေမှာ ရေကူးတယ်၊ နောက်ပြီး အစားအသောက်ရှောင်တယ်ပေါ့နော်၊ အချိုရည်တို့ ရေခဲရည်တို့ တော့ မသောက်ဖြစ်ဘူး။

Q: စိတ်ရှုပ်စရာတွေ ရှိတဲ့အခါ ဘယ်လိုမျိုး ဖြေဖျောက်လဲ...။

A: စိတ်ရှုပ်စရာတွေ ရှိရင် Shoppingသွားဖြစ်တယ်၊ အဝတ်အစား သစ်ဝယ်တယ်၊ နောက်ပြီး Chocolateနဲ့ Candy စားလိုက်ရရင် ကျေနပ်သွားတယ်။

Q: ကျေးဇူးပါပဲ ညီမရယ်၊ အစ်ကိုတို့ ICTပရိတ်သတ်ကို စကားလက်ဆောင်လေး ပြောပေးပါဦး။

A: ဟုတ်ကဲ့၊ ICTပရိတ်သတ်ကြီးအနေနဲ့ စိတ်ချမ်းမြေ့ပျော်ရွှင်ပါစေလို့၊ စိတ်ညစ်စရာတွေ ရှိရင်လည်း အတတ်နိုင်ဆုံး ပျော်အောင်နေပြီး ရခဲလှတဲ့ လူ့ဘဝကြီးကို ပျော်ပျော်ရွှင်ရွှင်နဲ့ ဖြတ်သန်းပါလို့။

# ကားမောင်းနေရင်း ဖုန်းပြောတတ်သလား

TZO

ကားမောင်းနေရင်း ဖုန်းပြောရင် အန္တရာယ် များတယ်ဆိုတာ ပြောနေ၊ ဆိုနေကြ၊ ရေးသားနေကြတာကို ကြားနေ တွေ့နေကြပါလိမ့်မယ်။ အန္တရာယ်များတယ် ဆိုတာ ဘယ်အတိုင်းအတာ အထိများသလဲ။ သိကြတဲ့အတိုင်း ယာဉ်မတော်တဆမှု တစ်ခု ဖြစ်ပြီဆိုတာနဲ့ အနည်းဆုံး ထိခိုက်ဒဏ်ရာ ရနိုင်တဲ့ အခြေအနေကနေ အဆုံးစွန် အသက်အန္တရာယ် ထိပါးနိုင်တဲ့အထိ ဖြစ် သွားတတ်ကြပါတယ်။ ဖြစ်သွားပြီးတော့မှ အမိကယ်ပါ၊ အဖ ကယ်ပါ၊ ပြောလို့ မရတော့ပါဘူး။

ကိုဘအေးတို့နိုင်ငံမှာ အခုဆိုရင် မော်တော်ကားတွေများမှ များလို့ ဆိုရအောင် ကိုယ်ပိုင်ကားတွေ၊ အငှားယာဉ်တွေ၊ လိုင်းကား ဘတ်စ်ကားတွေဟာ အထူး သဖြင့် ရန်ကုန်မြို့ပေါ့ဗျာ။ (ရန်ကုန်ကပဲ အရှုပ်ဆုံး လို့ ထင်ပါတယ်) ဟိုတစ်ချိန်က ထက်စာရင် လမ်းတွေပေါ်မှာ ပြည့်ကြပ်နေတာ တွေ့ရမှာပါ။ တစ်နေရာကနေ တစ်နေရာသွားဖို့ အချိန်ကြာမှာစိုးလို့ ဘတ်စ်ကား မစီးတော့ဘဲ Taxi ငှားစီးတော့လည်း မထူးဖူး။ လက်တွေ့က ပိတ်နေတော့ ကြာတာပဲ။ တစ်ခါကဆိုရင် အနော်ရထာလမ်းပေါ်မှာ သိမ်ဖြူလမ်း၊ မီးပွိုင့်ကနေ ဘားလမ်း မှတ်တိုင် ရောက်ဖို့ နာရီဝက် ကြာပါတယ်ဆိုရင် ယုံမလား။ စိတ်မရှည်တဲ့ သူတွေကတော့ လမ်းဆင်း လျှောက်ကြတာပေါ့။ အဲဒါကြောင့် ကိုဘအေးက ချမ်းသာရင် ကားဝယ် မစီးတော့ပဲနဲ့ ဟတ်စကီး (ဟယ်လီကော်ပတာ)ပဲ ဝယ်စီးတော့ မယ်လို့။ အဲသလို ကားတွေ များလာ သလိုပဲ အခုဆိုရင် တန်ဖိုးနည်း ဖုန်းတွေကလည်း ချထားပေးနေတော့ နောက်ဆိုရင် ပဲပြုတ်သည်တောင် ဖုန်းကိုင်နိုင်တော့မယ့် အခြေအနေလို့ ပြောရမလို ဖြစ်နေပါတယ်။ နောင်သုံးနှစ်အတွင်းမှာ မြန်မာနိုင်ငံ လူဦးရေရဲ့ ၇၀ရာခိုင်နှုန်းအထိ ဖုန်းကိုင်နိုင်လိမ့်မယ်လို့ သက်ဆိုင်ရာ တာဝန်ရှိသူတွေရဲ့ ပြောကြားချက်အရလည်း သိရပါတယ်။ ကမ္ဘာကြီးနဲ့ ချိတ်ဆက်ပေးနေတဲ့ အင်တာနက်တွေနဲ့ အပြိုင် လက်ရှိကိုင်တွယ် အသုံးပြုနေကြတဲ့ လက်ကိုင်ဖုန်းတစ်လုံးရဲ့ သက်ရောက်မှု အတိုင်းအတာကလည်း ဆက်သွယ်မှု ဧရိယာ အတွင်းကနေ တစ်ဦးနဲ့ တစ်ဦး တစ်နေရာနဲ့ တစ်နေရာ အကြောင်းကိစ္စရှိလို့ ပြောစရာ၊ ဆိုစရာ၊ တိုင်ပင်စရာ ရှိရင် အရေးကြီးသည် ဖြစ်စေ၊ အရေးမကြီးသည် ဖြစ်စေ၊ ဖုန်းကဏန်းလေး တစ်ချက်လောက် နှိပ်လိုက်ရုံနဲ့ အရမ်းကို အဆင်ပြေ ခရီး ရောက်နေတာကတော့ အမှန်ပါပဲ။ ဒီကနေ့ မြန်မာနိုင်ငံမှာ လက်ကိုင်ဖုန်းတွေကို တွင်တွင်ကျယ်ကျယ် အသုံးပြုနေကြပြီး နိုင်ငံတော်အစိုးရရဲ့ အစီအမံနဲ့ ကျေးလက် ဒေသအထိ ဈေးနှုန်းချိုသာစွာ သုံးစွဲနိုင်ဖို့ စီစဉ် ဆောင်ရွက်လျက် ရှိပါတယ်။ ဒီအခါမှာ မော်တော်ယာဉ် စီးနင်း အသုံးပြုတဲ့ မြို့နေ လူတန်းစားများကနေ မော်တော်ဆိုင်ကယ်၊ စက်ဘီးစီးနင်းတဲ့ ကျေးလက်နေ ပြည်သူ များပါ မကျန် လက်ကိုင်ဖုန်းများကို သုံးစွဲနိုင်ကြမှာ ဖြစ်ပါတယ်။ ဒါပေမယ့် နေရာတကာမှာ အကျိုးနဲ့ အပြစ် ဒွန်တွဲနေတဲ့ သဘာဝအတိုင်း လက်ကိုင်ဖုန်းများဟာ စနစ်တကျ သုံးတတ် ရင်လူနေမှု စနစ်ရဲ့ အရေးအရာ အားလုံးမှာ အကျိုးတရား များစွာ ရရှိနိုင်ပြီး မသုံးတတ်ရင်တော့ အန္တရာယ်ကို ဖိတ်ခေါ်နေသလို ဖြစ်တတ် ပါတယ်။

အခုဆိုရင် နယ်မြို့တွေကနေ ကျေးရွာတွေအထိ လက်ကိုင်ဖုန်းတွေကို တွင်တွင်ကျယ်ကျယ် သုံးစွဲနေကြပြီ ဖြစ်လို့ အချို့က မော်တော်ယာဉ်မောင်းနှင်နေစဉ်ဖြစ်ဖြစ်၊ မော်တော်ဆိုင်ကယ်တို့ စက်ဘီးတို့ စီးနင်းနေသည် ဖြစ်ဖြစ်၊ လက်ကိုင်ဖုန်းများနဲ့ ဖုန်းပြောဆိုတတ်ကြတဲ့အတွက် အန္တရာယ်ကို ဖိတ်ခေါ်သလို ဖြစ်နေတာ တွေ့ရပါတယ်။ အဲဒီသလို မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နဲ့ စက်ဘီးတို့ကို စီးနင်း မောင်းနှင်နေရင်း လက်ကိုင်ဖုန်းကို သုံးစွဲ ပြောဆိုတာဟာ အသက်နဲ့ ရင်းပြီး ပေးဆပ် ရတဲ့ နစ်နာဆုံးရှုံးမှုတွေ ဖြစ်နိုင်ပါတယ်။ ဖြစ်လာလို့ရှိရင် ကိုယ်ပိုင်ကား ဆလွန်းကားနဲ့ ဖြစ်ဖြစ်၊ အငှားယာဉ် Taxiနဲ့ပဲ ဖြစ်ဖြစ်၊ သူတို့က ထိခိုက်မှု ဖြစ်ရင် အများဆုံး၊ ၅ယောက် ၆ယောက်လောက်၊ လိုက်ထရပ်လောက် ဆိုရင် ဆယ့်လေး ငါးယောက်လောက်၊ ဘတ်စ်ကားဆိုရင်တော့ အနည်းဆုံး အစိတ်၊ သုံးဆယ် လောက် ထိခိုက်မှု ဖြစ်လာနိုင်ပါတယ်။ ဘတ်စ်ကား ဒရိုင်ဘာဆိုပြီး အထင်မသေးနဲ့နော်။ ဖုန်း ကိုင်နိုင်တဲ့သူတွေ ရှိတယ်။ သူတို့ ကား မောင်းရင်း ဖုန်းပြောတာကိုတော့ ကိုဘအေး မှာ ကားစီးရင်း အသဲတယားယား ရင်တ ထိတ်ထိတ်နဲ့၊ ပိုဆိုးတာက ရှေ့မှာ စစ်ဆေး ရေး ရှိတယ်ဆိုရင် နဂိုက စွပ်ကျယ် နဲ့မို့လို့ ကားမောင်းနေရင်း မထသ အင်္ကျီ ကောက် စွပ်နေတာပါပဲ။

ဒီနေ့လို ခေတ်မီ နည်းစနစ်တွေ တီထွင်သုံးစွဲနေကြတဲ့ ကာလမှာ မော်တော်ယာဉ်များအတွင်းမှာ ခေတ်မီအီလက်ထရောနစ် ပစ္စည်းတွေ ဖြစ်တဲ့ တီဗီ၊ ဗီစီဒီ ကြည့်တာ၊ စီဒီခွေတွေ ဖွင့်ပြီး နားထောင်တာ၊ ယုတ်စွအဆုံး၊ FM ရေဒီယိုလေး ဖွင့်ပြီး နားထောင်တာကနေ ဖုန်းကို လက်နဲ့ ကိုင်ပြီး တစ်မျိုး Hand Freeနဲ့ တစ်ဖုံ သုံးစွဲနေကြတာ ဖြစ်ပြီး၊ တိုးတက်ခေတ်မီလာတဲ့ နည်းပညာတွေနဲ့ မော်တော်ယာဉ် မောင်းနှင်နေရင်း စီးပွားရေး လုပ်ငန်းတွေကို စီမံခန့်ခွဲတာ၊ သတင်းစကားတွေ ရေးသားပေးပို့တာတွေကို မိမိကားထဲမှ နေ၍ လုပ်ဆောင်နိုင်ကြပြီ ဖြစ်ပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး နိုင်ငံတကာ ကျွမ်းကျင်သူတွေကတော့ ကားများမှာ တပ်ဆင်ထားတဲ့ စကားပြော လက်ကိုင်ဖုန်းများနဲ့ အလားတူ ပစ္စည်းများဟာ ကျွန်ုပ်တို့ အနေနဲ့ သတိမမူ မိတဲ့အခါ ဘေးအန္တရာယ်ဆီကို တည့်တည့် မတ်မတ် တွန်းပို့နေကြောင်း၊ သတိပေး စကားပြောကြားခဲ့ပါတယ်။ အခုဆိုရင် တချို့ကားတွေမှာ စတီယာရင်မှာပဲ Built-in တပ်ဆင်ထားတဲ့ ဖုန်းစနစ်နဲ့ စကားပြောနိုင်တာ တွေ့ရပါတယ်။ ဖုန်းနားကြပ်နဲ့ ဖြစ်ဖြစ် Bluetoothနဲ့ ဖြစ်ဖြစ် စကားပြောနိုင်ပါတယ်။ ကိုဘအေးတို့ တီဗီမှာ ကြည့်ရတဲ့ ကိုရီးယား ဇာတ်လမ်းတွဲတွေထဲမှာ ဆိုရင် ကားမောင်းနေရင်း ဖုန်းပြောချင်ရင် နားကြပ်လေးတွေတပ်ပြီး ပြောတာတွေ့ဖူးပါတယ်။ တစ်ခါတစ်လေ အဲဒီလို ပြောနေရင်း ဒေသထွက်လာတာ၊ ယူကျုံးမရ ဝမ်းနည်းရတာတွေ ဖြစ်လာတဲ့အခါ မောင်းလာတဲ့ ကားကို လမ်းဘေးထိုးရပ်ပြီး စိတ်ပြေပျောက်တဲ့အထိ နေလေ့ရှိတာ တွေ့ရပါတယ်။

ယာဉ်မောင်းနေတုန်း ဖုန်းပြောရာမှာ ဖုန်းပေါ်မှာ စကားများ ရန်ဖြစ်တာ၊ လုပ်ငန်းဆိုင်ရာ ကိစ္စတွေ ဆွေးနွေးပြောကြားတာ၊ ချစ်ရေးချရာ စကားတွေ ပြောဆိုတာ စတာတွေဟာ ယာဉ်မောင်းရဲ့ စိတ်အာရုံကို ယာဉ်မောင်းနှင် နေရာက အခြားတစ်နေရာကို ရောက်ရှိစေပြီး အန္တရာယ်ကို လက်ယက်ခေါ်ရာ ရောက်ပါတယ်။ နိုင်ငံတကာ လေ့လာသူတွေက ပြောတာမှာ စိတ်မချမ်းမြေ့ဖွယ် သုံးသပ်ချက်များအရ ယာဉ်မောင်းများမှာ ယာဉ်တိုက်ခိုက်မှု လေးကြိမ်ဖြစ်တိုင်း၊ တစ်ကြိမ်က ယာဉ်မောင်းနေစဉ် ဖုန်းပြောခြင်းကြောင့် ဖြစ်ရတယ်လို့ ဆိုပါတယ်။

ဩစတြေးလျနိုင်ငံ၊ နယူဘောက်ဝေးပြည်နယ်၊ Mulwalaမြို့ဟာ ဘရစ်ဆိုတဲ့ အမျိုးသမီးတစ်ယောက်က ကားမောင်းနေရင်း၊ ဖုန်းပြောတယ်၊ Messageတွေ ပို့တယ်။ ဓာတ်ပုံတွေ ပို့တယ်။ သူမ ကုမ္ပဏီဝန်ထမ်းတစ်ယောက် ဖြစ်ပြီး၊ သူမရဲ့ ကျောက်ကပ်နဲ့ ရိုးတွင်းခြင်ဆီ လှူဒါန်းဖို့ စိတ်ဝင်တစားနဲ့ အမြဲတမ်း စုံစမ်းနေတဲ့ လူတစ်ယောက် ဖြစ်တယ်။ တစ်နေ့တော့ သူ့အမေ Vicki Richardsonဆီကို မိတ်ဆွေတစ်ယောက်က ဘရစ်ကားမောင်းနေရင်း ဖုန်းသုံးနေတယ်လို့ သတိပေးလာတယ်။ ဒါကို ဘဝင်မကျတဲ့ သူ့အမေက သမီးရေ ဒါဟာ ဘယ်လောက် အန္တရာယ်များလဲလို့ ပြောလိုက်တော့ ကျွန်မ စိတ်မကောင်းပါဘူး။ မေမေလို့ ပြောပြီး နောင်မလုပ်ဖို့ ကတိပေးခဲ့တယ်။ ဘရစ်ဟာ သမီး အလိမ္မာလေး ဖြစ်ပေမယ့် အကျင့်ဆိုတာ ပျောက်နိုင်ဖို့ ခက်တဲ့အတွက် တစ်နေ့မှာ အလုပ်သွားရင်း ကားမောင်းစဉ် ဖုန်းကို အသုံးပြုနေတာကြောင့် အလျင်စလို ကားကွေ့ရာကနေ ကားနဲ့ သစ်ပင်တိုက်ပြီး အသက်ဆုံးခဲ့ရပါတယ်။ ဗစ်တိုးရီးယားမှာ ရှိတဲ့ ယာဉ်ကြောမတော်တဆမှု ဆိုင်ရာ ကော်မရှင် (Traffic Aecident Commission)က ကားမောင်းနေရင်း ဖုန်းသုံးစွဲမှုအတွက် ဥပဒေကြမ်း ပြုပြင်မယ် ဆိုတော့ ဘရစ်ရဲ့ အဖြစ်ကို အခြားသူတွေ နမူနာရအောင် ပြည်နယ်ဝန်ကြီးချုပ် တက်ဒ်ဘေလျူ (Ted Baillien) က (Boole's Law)ဘရစ်ရဲ့ ဥပဒေအဖြစ် သတ်မှတ်သွားမယ့် အကြောင်း ပြောခဲ့ပါတယ်။ သူမရဲ့ အမေကတော့ သူ့ရဲ့ သမီးက ကမ္ဘာကို ကောင်းမွန်စွာ ပြောင်းလဲချင်ခဲ့တဲ့ သူတစ်ယောက်ဖြစ်ကြောင်း၊ ဒီဝမ်းနည်းဖွယ် အဖြစ်မှာ အဆိုးထဲက တစ်ခုတည်းသော ကောင်းကွက်ကတော့ သူမျှော်လင့်သလို သူဟာ ကမ္ဘာကို ပြောင်းလဲစေနိုင်ခဲ့တာ ဖြစ်ကြောင်း၊ သူမ သမီးရဲ့ သေဆုံးမှုဟာ ကမ္ဘာမှာ ရှိတဲ့ အခြားသော လူသားပေါင်းများစွာရဲ့ အသက်ကို ကယ်တင်နိုင်ဖို့ စံနမူနာ ဖြစ်မယ်လို့ ပြင်းထန်စွာ မျှော်လင့်ကြောင်း ပြောပါတယ်။

မော်တော်ယာဉ် မောင်းနှင်စဉ် အန္တရာယ်ကင်းရှင်း စေဖို့အတွက် နိုင်ငံတကာ ကျွမ်းကျင်သူတွေက အောက်ပါအတိုင်း အကြံပြုထားကြောင်း သိရပါတယ်

(က)ယာဉ်မောင်းနှင်နေစဉ် ဖုန်းမခေါ်ပါနှင့် ဖုန်းမပြောပါနှင့် ။

(ခ) သင်၏ကားပေါ်မှ ဖုန်းခေါ်ဆိုမှု၊ ဖုန်းပြောကြားမှုများကို ပြုလုပ်ရာတွင် အလုံခြုံဆုံး နည်းလမ်းမှာ သင်ခရီး မထွက်မီနှင့် ခရီးပြီးဆုံးချိန်တွင် ပြုလုပ်ခြင်းပင် ဖြစ်သည်။

(ဂ) ယာဉ်မောင်းနှင်နေစဉ် ဖုန်းနံပါတ်ကို နှိပ်၍ ဖုန်းခေါ်ခြင်းကသာ အဓိက ပြဿနာ ဖြစ်သည်ဟု မယူဆပါနှင့်။

(ဃ) ကားဖုန်းဖြင့် စကားပြောခြင်းသည် ရေဒီယိုနားထောင်ခြင်း၊ တေးသီချင်း၊ နားထောင်ခြင်းထက် စိတ်အာရုံကို ပျက်ပြားစေပါသည်။ ဒါကြောင့် ကားကြီးမောင်းမောင်း ကားလေး မောင်းမောင်း မော်တော်ယာဉ် မောင်းနှင်ရာမှာ ကားမောင်းသူရဲ့ အချိန်ပြည့် သတိရှိမှုဟာ အထူး လိုအပ် ကြောင်း ပြောလိုပါတယ်။ လက်ကိုင်ဖုန်းနဲ့ စကားတစ်ခွန်း ပြောရုံမျှနဲ့ လမ်းမပေါ် ဂရုစိုက်နေရတာကို မလစ်ဟင်းသင့်ပါ။ နိုင်ငံတကာနဲ့ ယှဉ်ပြီး ခေတ်မီလာကြပြီ ဖြစ်တဲ့ ကိုဘအေးတို့ မြန်မာ တိုင်းရင်းသားတွေဟာလည်း နိုင်ငံတကာတွေမှာလိုပဲ မော်တော်ယာဉ် မောင်းနှင်စဉ်နဲ့ စီးနင်းစဉ် အချိန်ကာလတွေမှာ လိုက်နာရမယ့် စည်းကမ်းတွေ လိုက်နာပြီး ဘေးအန္တရာယ်အပေါင်း ကင်းဝေးပါစေကြောင်း ဆန္ဒပြုလိုက်ရပါတယ်။


Image Credit: www.howto.drprem.com



ICT MYANMAR JOURNAL အိုင်စီတီ ဂျာနယ်
Volume 2, Issue 19
THE WEEK OF MAY 27 - JUNE 2, 2013
WHISTLEOUT

# လေပြွန်ရောင်ခြင်း (Bronchitis) အကြောင်း သိကောင်းစရာ

မနောဖြူလေး

အခုတလော လည်ချောင်းထဲမှာ တစ်ဆို့ဆို့ ကြီး ဖြစ်နေလို့ ဘာကြောင့် ခဏခဏ ဖြစ်နေတာလဲ။ ဘာတွေ လုပ်ရမလဲ။ ဘာတွေ ရှောင်ရှားရမလဲဆိုတာ သိချင်တာနဲ့ ခင်မင်ရ တဲ့ ဆရာဝန်တစ်ယောက်နဲ့ မေးမြန်းမိပါ တယ်။ လေပြွန်ရောင်တဲ့ လက္ခဏာများလား ပေါ့။ ဘာကြောင့် လေပြွန်ရောင်ရသလဲ။ တကယ်လို့ လေပြွန်ရောင်လာခဲ့ရင် ဘာတွေ လုပ်ရမလဲ နောက် ဘာတွေ လိုအပ်မလဲ ဆိုတာ သိရှိခဲ့ရတဲ့အတွက် သင်လည်း တကယ်လို့သာ ဒီလို ခံစားခဲ့ရမယ်ဆိုရင် ကြိုတင် ပြင်ဆင်နိုင်အောင်လို့ မေးမြန်းထားသမျှ ပြန်လည် မျှဝေလိုက်ရခြင်းပင် ဖြစ်ပါတယ်။

လေပြွန်ရောင်ခြင်းဆိုသည်မှာ အဆုတ်အတွင်း လေဖြတ်သန်းရာ လမ်းကြောင်း တစ်လျှောက်ရှိ အချွဲမြှေးလွှာ (mucous membrane) ရောင်ရမ်းခြင်းကို ခေါ်ပါတယ်။ လေပြွန်ပတ်လည်ရှိ အချွဲမြှေး ရောင်ရမ်းခြင်း နဲ့အတူ ချွဲသလိပ် များပြားလာခြင်း ကြောင့် လေပြွန် ကျဉ်းမြောင်းလာ၍ ချောင်းဆိုး သလိပ် ထွက်လာပြီး မောလာတတ်ပါ တယ်။ လေပြွန်ရောင်ခြင်းကို -

1. လတ်တလော လေပြွန်ရောင် ခြင်း (Acute Bronchitis)နဲ့
2. နာတာရှည် လေပြွန်ရောင်ခြင်း (Chronic Bronchitis)ဟု ခေါ်ဝေါ် သတ် မှတ်ထားပါ တယ်။

လတ်တလော လေပြွန်ရောင်ခြင်း ဆိုသည်မှာ အချိန် ကာလ ၆ပတ် ထက် လျော့နည်းပြီး လေပြွန်ရောင်ခြင်းကို ခေါ်ပြီး အသက်ရှူလမ်းကြောင်း ပိုးဝင်မှုကြောင့် ဖြစ်ပေါ်ပါတယ်။ ၉၀% ခန့်က ဗိုင်းရပ်စ် ပိုးဝင်မှုကြောင့် ဖြစ်ရပြီး ကျန် ၁၀% ကသာ ဘက်တီးရီးယား ပိုးကြောင့် ဖြစ်ပါတယ်။ လက္ခဏာများကတော့ ချွဲသလိပ် ထွက်၍ ချောင်းဆိုးခြင်း၊ နုံးခွေ အားလျော့လာခြင်းတို့ ဖြစ်ပေါ်တတ်ပြီး အချို့မှာ ဖျားလာခြင်းနဲ့ အသက်ရှူရာတွင် ရင်ကျပ်ပြီး ဂီစီသံမြည်ခြင်းတို့ ဖြစ်ပေါ်တတ်ပါတယ်။ ပန်းနာရင်ကျပ် ရောဂါဖြစ်ပွား သူများတွင်လည်း လေပြွန်ရောင်ခြင်း ဖြစ်ပေါ်တတ်ပြီး ပန်းနာကြောင့် လေပြွန်ရောင်ခြင်း (Asthmatic Bronchitis)လို့ ခေါ်ပါတယ်။ လတ်တလော လေပြွန် ရောင်ခြင်း ဖြစ်ပေါ်ပါက


- အိမ်တွင် လုံလောက်စွာ အနား ယူပါ။
- အရည် များများ သောက်ပေးပါ။
- ဆေးလိပ် လုံးဝ မသောက်ပါနဲ့။
- ဖျားနာ ကိုက်ခဲခြင်းရှိပါက ပါရာ စီတမော သောက်နိုင်ပါတယ်။
- ချွဲပျော် ဆေးများ ကို ဆရာဝန် ညွှန်ကြားသည့် အတိုင်း သောက်သုံးပါ။
- ချွဲမထွက်လျှင် (သို့) ချွဲနည်း သွားလျှင် ချောင်းဆိုး ပျောက်ဆေး (Cough Suppressant) သောက်နိုင်ပါတယ်။
- များသောအားဖြင့် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်သဖြင့် ပဋိဇီဝဆေး (Antibiotic)များ မလိုအပ်ပါ။ ဘက်တီး ရီးယားကြောင့် ဖြစ်ပါက သင့်တော်သော ပဋိဇီဝဆေး လိုအပ်ပါတယ်။

ပုံမှန် ကျန်းမာသော သူများမှာ လတ်တလော လေပြွန်ရောင်ပြီး နောက် ပုံမှန် လေပြွန် အခြေအနေသို့ ပြန်ရောက် နိုင်ပါတယ်။

နာတာရှည် လေပြွန်ရောင်ခြင်း ဆိုသည်မှာ ချောင်းဆိုးခြင်းဟာ တစ်နှစ်မှာ ၂ လမှ ၃ လ ဆက်တိုက် ဆိုးပြီး အနည်းဆုံး နှစ်နှစ် အထိ ဖြစ်ပွားခြင်းကို ခေါ်ဆိုပါတယ်။ ဆေးလိပ် သောက်ခြင်းဟာ နာတာရှည် လေပြွန် ရောင်ခြင်းရဲ့ အဓိက အကြောင်း တစ်ရပ် ဖြစ်ပါတယ်။ နာတာရှည် လေပြွန် ရောင်ခြင်းဟာ အကြောင်း အမျိုးမျိုး ပေါ် မူတည်ပြီး ဖြစ်ပွားတတ်ပါတယ်။ ပိုးဝင် လေပြွန်ရောင်ခြင်း မကြာခဏ ဖြစ်လျှင် သော်လည်းကောင်း၊ အသက်ရှူ လမ်း ကြောင်း တစ်လျှောက် အမှုန်အငွေ့ တစ်မျိုးမျိုး ကြာရှည်စွာ ထိတွေ့နေရလျှင် သော်လည်းကောင်း လေပြွန် အချွဲ မြှေးလွှာ အမြဲ ရောင်ရမ်းပြီး လေပြွန်မွေးမျှင် (Cilia) များ ပျက်စီးကာ နာတာရှည် လေပြွန်ရောင် ခြင်း ဖြစ်ပေါ်စေပါတယ်။ ကျောက်မီးသွေး မိုင်းလုပ်သားများ၊ သီးနှံ ဆွတ်ခူးရသူများ၊ သတ္တု လုပ်ငန်း လုပ်ကိုင် သူများသည် အခြားသူများထက် နာတာရှည် လေပြွန် ရောင်ခြင်း ပိုမို ဖြစ်ပွားကြောင်း တွေ့ရပါတယ်။ နာတာရှည် လေပြွန်ရောင်ခြင်း ဖြစ်ပွားလျှင်

- ဆေးလိပ် လုံးဝ ဖြတ်ရပါမယ်။
- ဆရာဝန် ညွှန်ကြားမှု မရှိပဲ ချောင်းဆိုး ပျောက်ဆေး (Cough Suppressant) များကို မသုံးရပါ။ ချွဲပျော်ဆေး (Expectorant) များ ကို အသုံးပြုနိုင်ပါတယ်။
- လေပြွန်ကျဉ်းမြောင်းခြင်း (Broncho-constriction) ဖြစ်ပေါ်ပါက လေပြွန်ကျယ်ဆေး (Bronchodilator)နဲ့ စတီး ရွိုက်ဆေး (Steroid)များကို အသုံးပြုနိုင်ပါ တယ်။
- သလိပ်အရောင် ပြောင်းခြင်း၊ ပုံမှန်ထက် များလာခြင်း ဖြစ်ပေါ်ပါက သင့်တော်သော ပဋိဇီဝ ဆေးကို (၅) ရက်မှ (၁၀)ရက်ထိ သောက်ရပါမယ်။

လေပြွန်ရောင်ခြင်း မဖြစ်စေရန် ဆေးလိပ် မသောက်ရပါ။ မိမိ နေအိမ်တွင်း ဆေးလိပ်သောက်ခြင်းကို တားမြစ်ရပါ မယ်။ လူထူထပ်သော၊ အခိုးအငွေ့ များသော၊ ဖုံမှုန့် ထူထပ်သော နေရာများကို ရှောင်ရှားရပါမယ်။ အအေးမိ ဖျားနာပါက လုံလောက်စွာ အနားယူပါ။ ဆရာဝန် ညွှန်ကြားသည့် ဆေးကို လိုက်နာ သောက်သုံးပါ။ အာဟာရ ပြည့်ဝစွာ စားသုံးပါ။ မကြာခဏ လက်ဆေးပါ။ အစာအသောက် အသုံး အဆောင် ပစ္စည်းများ မျှဝေ သုံးစွဲခြင်း ရှောင်ကြဉ်ပါ။ နာတာရှည် လေပြွန်ရောင် သူများဟာ အေးသော ရာသီတွင် နွေးထွေးစွာ ဝတ်ဆင်ခြင်းဖြင့် အအေးမမိအောင် ကာကွယ် နေထိုင်ပါ။ နမိုးနီးယား ကာကွယ်ဆေး (Pneumonia Vaccine)၊ တုပ်ကွေး ကာကွယ်ဆေး (Flu Vaccine)များကို ထိုးနှံထားပါ။ အစရှိသဖြင့် ကာကွယ် နေထိုင်သင့်ပါကြောင်း သိထားသမျှ ပြန်လည် ရေးသား လိုက်ရပါတယ်။ အားလုံး အဆုတ် ရောဂါ အပေါင်းမှ ကင်းဝေးကြပါစေ...။




"ဆေးလိပ် သောက်ခြင်းဟာ နာတာရှည် လေပြွန် ရောင်ခြင်းရဲ့ အဓိက အကြောင်း တစ်ရပ် ဖြစ်ပါတယ်။ နာတာရှည် လေပြွန် ရောင်ခြင်းဟာ အကြောင်း အမျိုးမျိုး ပေါ် မူတည်ပြီး ဖြစ်ပွားတတ်ပါတယ်။ ပိုးဝင် လေပြွန် ရောင်ခြင်း မကြာခဏ ဖြစ်လျှင်"



BrightBrightBrightBrightBrightBrightBrightBright
မြို့ပြကျေးလက် ဆက် ဆက် ဆက် စရာ Bright ဖွင့်လှစ်လိုက်ပြီ။
Bright Mobile
အထူးနှုန်း
Whole Sales & Retial
နိုင်ငံတော်၏ ထားသုံးထားအတွက် အထူးနှုန်းနှင့်ရောင်းပေးပါမည်။
♛ ဗုဒ္ဓ၏သားတော်၊ ရဟန်းသံဃာတော်များ၊ သီလရှင်များ၊ စာသင်တိုက်ဓမ္မာရုံများ။
♛ ကျေးရွာ/မြို့နယ်များ၏ ကျောင်းသားများ၊ စာသင်ကျောင်းများ၊ ပင်စင်စား ဆရာ/မများ။
♛ တိုင်းပြည်အတွက် ကိုယ်အင်္ဂါပေးဆပ်ခဲ့သော တပ်မတော်သားများ၊ ပင်စင်စားဝန်ထမ်းများ။
♛ ဝယ်ယူအားပေးလိုသူများ သက်ဆိုင်ရာအသိအမှတ်ပြုကတ်များ ယူဆောင်လာပါရန်။
ဒုတိယထပ် ကားပါကင် ဆိုင်အမှတ် -D5၊ ဝင်ပေါက်အမှတ်(၃)မှ လှေကား(သို့) ဓာတ်လှေကားဖြင့်ကြွပါ။
YUZANA PLAZA (2nd Fl) CAR PARKING (D5) 09-73106085, 09-5198346
No.(64/476), INN TAW ST. INDUSTRIAL ZONE (2), S/ DAGON TSP. YANGON. 01-591201,09-31048594
10000 ≤Handset မျိုးစုံ ≤40000 (Myanmar Font), ပါပြီး(android) ဖုန်းများ
BrightBrightBrightBrightBrightBrightBrightBright

ဘယ်လိုဆိုင်မျိုးရဲ့ အရောင်းပိုင်းကို ထိန်းချုပ်ချင်ပါသလဲ။
"R-SCS"®
ရိုးရှင်းလွယ်ကူစွာ သုံးနိုင်သော
"စားသောက်ဆိုင် အရောင်းထိန်းချုပ်ကွပ်ကဲမှုစနစ်"
၁၄ ရက် စမ်းသပ် အသုံးပြုနိုင်သော အစီအစဉ် စတင်နေပါပြီ
Zillion Com
09-49220434
zillioncom.com
www.facebook.com/zillioncomictsolution

အိုင်စီတီ ဂျာနယ်
Volume 2, Issue 19
MYANMAR ICT JOURNAL

# စိတ်ကို ကောင်းအောင်ခြယ်လှယ်တဲ့ စေတသိက် သဘောကိုသိကြည့်ခြင်း

၁. အမှန်ဖြစ်တဲ့ အကြောင်းကိုသာ ယုံကြည်တဲ့ သဒ္ဓါ စေတသိက်

၂. ကုသိုလ်ကောင်းမှုဆိုင်ရာကို အောက်မေ့ခြင်း၊ အမှတ်ရနေတဲ့ သတိ စေတသိက်

၃. ညစ်ပတ်ယုတ်ညံ့တဲ့ အကုသိုလ်ကိစ္စတွေကို ပြုလုပ်ရမှာ ရှက်တဲ့ ဟိရီ စေတသိက်

၄. မကောင်းမှု အကုသိုလ် ဒုစရိုက်မှန်သမျှကို ပြုလုပ်ရမှာ ကြောက်တဲ့ ဩတ္တပ္ပ စေတသိက်

၅. လိုချင်တပ်မက်တဲ့ သဘောတွေမပါတဲ့ အလောဘ စေတသိက်

၆. ဒေါသရဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ အဒေါသ စေတသိက်

၇. အမှန်ကို အမှန်အတိုင်း၊ အမှားကို အမှားအတိုင်း သိမြင်တဲ့ အမောဟ စေတသိက်

၈. သူတစ်ပါး တိုးတက်အောင်မြင် ချမ်းသာတာကို လိုလားတဲ့ မေတ္တာ စေတသိက်

၉. ဆင်းရဲတဲ့ဒုက္ခိတ သတ္တဝါတွေကို မြင်ရ၊ ကြားရရင် သနားကြင်နာတဲ့ ကရုဏာ စေတသိက်

၁၀. သူတစ်ပါး အောင်မြင်ချမ်းသာတာကို မြင်ရ၊ ကြားရရင် ဝမ်းသာကျေနပ်တဲ့ မုဒိတာ စေတသိက်

၁၁. သတ္တဝါတွေအားလုံးအပေါ်မှာ လျစ်လျူရှုထားနိုင်တဲ့ ဥပေက္ခာ စေတသိက်

၁၂. ဝစီဒုစရိုက်သုံးခုကို ရှောင်ကြဉ်တဲ့ သမ္မာဝါစာ စေတသိက်

၁၃. ကာယဒုစရိုက်သုံးခုကို ရှောင်ကြဉ်တဲ့ သမ္မာကမ္မန္တ စေတသိက်

၁၄. ဝစီဒုစရိုက်လေးခုနဲ့ ကာယဒုစရိုက်သုံးခုကို ရှောင်ပြီး အသက်မွေးဝမ်းကျောင်းတဲ့ သမ္မာအာဇီဝ စေတသိက်

မှတ်ချက် - စိတ်ကိုကောင်းအောင် ခြယ်လှယ်ကြတဲ့ စေတသိက် ၁၄မျိုးဟာ ပူးတွဲဖော်ပြထားတဲ့ စိတ်အမိပ္ပာယ်တစ်ခုတည်းကိုသာ တာဝန်ယူ ဖော်ထုတ်ဆောင်ရွက်တယ်။

(၁) အမှန်ဖြစ်တဲ့အကြောင်းကိုသာ ယုံကြည်တဲ့ သဒ္ဓါ စေတသိက်

စိတ်ကိုကောင်းအောင် ပံ့ပိုးပေးတဲ့ စေတသိက်ဖြစ်လို့ ဒီသဒ္ဓါစေတသိက်က လူတွေဆီမှာ ရှိသင့်တဲ့ စိတ်အမျိုးအစားပဲ။ ကံ ကံရဲ့အကျိုးကို အမှန်တကယ် ရှိတဲ့ အကြောင်းအရာအဖြစ် ယုံကြည်တဲ့ သဒ္ဓါစိတ်အစစ်။ စိတ်ကိုကြည်လင်အောင် စင်ကြယ်အောင် ပြုလုပ်ပေးတဲ့သဘောဟာ သဒ္ဓါစေတသိက်။

အတိတ်ကာလ၊ ပစ္စုပ္ပန်ကာလ၊ အနာဂတ်ကာလဆိုတဲ့ အချိန်တွေရဲ့ ရှိနှင့်ပြီးသား သဘာဝနဲ့ ပတ်သက်ပြီး အချိန်သုံးခုရဲ့ မှန်ကန်တဲ့အကြောင်းအရာတွေကို ယုံကြည်တဲ့ သဒ္ဓါအစစ်။ သဒ္ဓါသဘောက ကုသိုလ်အစစ်။ သဒ္ဓါအစစ်လို့ဆိုနေတော့ သဒ္ဓါအတုလည်း ရှိနေတဲ့သဘောဖြစ်လာတယ်။ ဟုတ်တယ်။ အယူအဆမှားနေတာကို ယုံကြည်ခြင်းဟာ သဒ္ဓါနဲ့ရာဂ ရောနေတယ်။ လူတစ်ယောက်နဲ့ တစ်ယောက် ချစ်ခင်၊ ကြင်နာခြင်းအပေါ်မှာ အခြေခံတဲ့သဘောက ရာဂ(ပေမ)။ သံယောဇဉ်နဲ့ ချစ်ခြင်းသဘောတွေ ပါနေရင် သဒ္ဓါ အတု။

(၂) ကုသိုလ်ကောင်းမှုဆိုင်ရာကို အောက်မေ့ခြင်း အမှတ်ရနေရတဲ့ သတိ စေတသိက်

မိမိတည်ဆောက်နေတဲ့ ကိုယ်ကျင့်တရား ကောင်းအောင် ထိန်းသိမ်း စောင့်ရှောက်နေမှုကို မပျက်စေဘဲ သတိထားခြင်း၊ လောဘတွေ ဒေါသတွေ မဖြစ်အောင် သတိထားခြင်း၊ အမှန်တရားနဲ့ ပတ်သက်ပြီး ပြောဆိုဆုံးမနေတဲ့ ပညာရှိတွေရဲ့စကားကို နားထောင်တဲ့နေရာမှာ မှတ်မိအောင် သတိထားပြီး နားထောင်ခြင်း၊ သတိထားပြီး နားထောင်ခဲ့သမျှ အကြောင်းအရာတွေကို အမှတ်ရနေခြင်းသဘောဟာ၊ အောက်မေ့ခြင်း၊ မမေ့မလျော့ခြင်းစတဲ့ စိတ်ကိုကောင်းအောင် ပံ့ပိုးပေးတဲ့ စေတသိက်ဟာ သတိအစစ်ပဲ။

(တစ်စုံတစ်ယောက်ကို အောက်မေ့တာ သတိအတု။ တစ်စုံတစ်ယောက်က ချိန်းတဲ့တစ်ခုခုကို အမှတ်ရတာ သတိအတု။ တစ်စုံတစ်ယောက်က ပြုစုတာ၊ အလေးထားတာ၊ ဂရုစိုက်တာတွေကို အမှတ်ရတာဟာ တဏှာသဘောပါတဲ့ သတိအတု။ ဒီလို သတိအတုတွေက အမှတ်အသားကောင်းတဲ့ သညာစေတသိက်သဘောထဲ ပါသွားတယ်။ အမှတ်ရတာချင်း အတူတူ သညာစေတသိက်နဲ့ သတိစေတသိက် မတူဘူး။

(၃) စိတ်ကိုသန့်ရှင်းစင်ကြယ်အောင် တည်ဆောက်ထားတဲ့သူတွေဟာ ညစ်ပတ်ယုတ်ညံ့တဲ့ အကုသိုလ်ကိစ္စတွေကို ပြုလုပ်ရမှာ ရှက်တဲ့ ဟိရီစေတသိက်

အသိဉာဏ် ကြီးမားအောင် အားထုတ်ထားတဲ့သူတွေဟာ အမှားမှန်းသိနေတဲ့ အကုသိုလ်ကိစ္စတွေကို ပြုလုပ်ရမှာ ရှက်ကြတယ်။ ဘာသာသာသနာရဲ့ ဂုဏ်သိက္ခာ၊ လူ့အသိုင်းအဝိုင်းရဲ့ ဂုဏ်သိက္ခာ၊ မိဘမျိုးရိုး ဂုဏ်သိက္ခာကို ထိန်းသိမ်းစောင့်ရှောက်တဲ့သူတွေဟာ သာသနာ့ဂုဏ်သိက္ခာ၊ လူ့ဂုဏ်သိက္ခာ၊ မိဘဂုဏ်သိက္ခာကို ထိခိုက်မယ့် အလုပ်ဆိုရင် ဘာ့ကြောင့်ပဲဖြစ်ဖြစ် ပြုလုပ်ရမှာ ရှက်ကြတယ်။ ဒါဟာ ရှက်ခြင်းအစစ် ဟိရီ စေတသိက်။ ရှက်ခြင်းအတုက လူရှေ့ထွက်ပြီး ကိုယ်မသိတာကို မသိဘူးပြောရမှာ ရှက်နေတာမျိုးဟာ ဟိရီအတု၊ မသိလို့မေးချင်တဲ့နေရာမှာ ကိုယ်မသိတာကို သူများရှေ့မှာ မေးရတာ ရှက်နေတာမျိုးဟာ ရှက်ခြင်းအတု၊ ယောက်ျားနဲ့ မိန်းမစတွေ့တဲ့နေရာမှာ တစ်ယောက်နဲ့ တစ်ယောက် ရှက်နေတာမျိုးက ရှက်ခြင်းအတု။

ရှေ့တစ်ပတ်ဆက်ရန်

ဤစိတ်လေ့ကျင့်ခန်းများကို အသေးစိတ် သိလိုပါက www.athithedi.comတွင် သွားရောက် လေ့လာနိုင်ပါသည်။

## Graphic & Web Designကို လူအနည်းငယ်ဖြင့် သင်ကြားပေးမည့် သင်တန်း



Image Credit: www.duoh.com

သန့်စင်

လူအများအပြားဖြင့် သင်တန်း တက်ရောက်ရသည်ကို မနှစ်သက်သောသူများ အတွက် Graphic Design Web Design သင်ကြားနိုင်မည့် သင်တန်းတစ်ခုကို ညွှန်း လိုက်ပါသည်။ ကွန်ပျူတာ အခြေခံ သင်တန်း၊ Graphic Design၊ Web Design များကို UK မှ Bachelor of Computing & Information Studies ဘွဲ့ရ ကိုယ်တိုင် ရက်အနည်းငယ်အတွင်း အတတ်သင်ကြားပေးမည်ဖြစ်ပြီး Class တစ်ခုလျှင် သင်တန်းသား ၂ဦးသာ လက်ခံ သင်ကြားပေးသွားမည် ဖြစ်သည်။ အခြေခံနှင့် Graphic သင်တန်းအတွက် သင်တန်း ကာလ တစ်လသာ ကြာမြင့်မည် ဖြစ်ပြီး Web Design သင်တန်းအတွက် ၂လ ကြာမြင့်မည် ဖြစ်သည်။ အဆိုပါ သင်တန်းတွင်ပင် English နှင့် Chinese ဘာသာစကား သင်တန်းကို ဖွင့်လှစ်ထားပြီး အခြေခံ Basic မှ Advanced အထိ BA ဘွဲ့ရ ရေကြောင်းသိပ္ပံ ဆရာ၊ ဆရာမများ၊ UFL (Chienese)မှ Diploma ဘွဲ့ရ ဆရာများ ကိုယ်တိုင် သင်ကြားပေးမည် ဖြစ်သည်။ Speaking သင်တန်း အတွက်လည်း သင်တန်းသား ငါးဦးသာ လက်ခံ သင်ကြားသွားမည်ဖြစ်သည်။ အဆိုပါ သင်တန်းနှင့် ပတ်သက်ပြီး စုံစမ်းလိုပါလျှင် Future Point Computer Language Web Service 09-732-155-21, အမှတ်၃၈ ဘော်ဇင် လမ်း (7mart အနီး) ဘော်ဇင် လမ်းသွယ် (၃) သုဝဏ္ဏမြို့နယ်တွင် စုံစမ်းနိုင်သည်။

CARTOON BY

စမ်းချောင်း ကိုကိုအောင်



# စီးပွားရေးဆိုင်ရာ စိန်ခေါ်မှုများအကြောင်း James Cook University၏ ပါမောက္ခတစ်ဦး လာရောက်ဟောပြောမည်

သန့်စင်

ပြည်ပနိုင်ငံများမှ စီးပွားရေးပိတ်ဆို့မှု ရုပ်သိမ်းပြီးနောက် မြန်မာနိုင်ငံသည် ဈေးကွက်စီးပွားရေးကျယ်ပြန့်လာမှုအပေါ် ကောင်းမွန်စွာ အသုံးချနိုင်ရန် အတွက် နိုင်ငံတကာနှင့် ယှဉ်ပြိုင်ကာ စီးပွားရေး လုပ်ဆောင်ရမည့် နည်းလမ်းများနှင့် စိန်ခေါ်မှုများ အကြောင်း ကို James Cook University၏ Professor John Vongမှ Doing Business in Emerging Market & How to Manage the Risk ခေါင်းစဉ်ဖြင့် မေလ(၂၉)ရက်၊ ဗုဒ္ဓဟူးနေ့၊ နံနက်(၁၀)နာရီမှ နေ့လည် (၁)နာရီထိ၊ Summit Parkview Hotel တွင် ဟောပြောမည်ဖြစ်ကြောင်း CROWN Educationမှ သိရသည်။ ပါမောက္ခ John Vongသည် James Cook Universityနှင့် Nanyang Technology University, Singapore တွင် MBA ဘာသာရပ်ကို ပို့ချ ပေးလျှက်ရှိပြီး၊ အမေရိကန် တက္ကသိုလ် များသို့ ဧည့်ပါမောက္ခ အဖြစ် Seminar များတွင် ဟောပြော ပို့ချပေးလျှက်ရှိသော ပါမောက္ခ တစ်ဦးဖြစ်သည့်အပြင် နိုင်ငံပေါင်း (၁၇) ခုရှိ ကမ္ဘာ့ ကုလသမဂ္ဂ အေဂျင်စီများ၊ ကမ္ဘာ့ဘဏ်နှင့် AusAid အစရှိရှိသော အဖွဲ့အစည်း အသီးသီးတွင် တာဝန် ထမ်းဆောင်ခဲ့ကာ UN Missionမှ ပေးအပ် ချီးမြှင့်သော Lifetime Achievement Awardကိုလည်း ချီးမြှင့်ခြင်း ခံထားရသည့် ပုဂ္ဂိုလ်တစ်ဦးလည်း ဖြစ်သည်။ "မြန်မာနိုင်ငံရဲ့လက်ရှိ အပြောင်းအလဲနဲ့ အခွင့်အလမ်းတွေ ကြောင့် လူငယ်တွေ ပညာသင်မယ်ဆိုရင် စီးပွားရေးနဲ့ ဆက်စပ်တဲ့ ဘာသာရပ်ကို ယခင်က ထက်ပိုပြီး စိတ်ဝင်စားလာတာ တွေ့ရပါတယ်။ ကဏ္ဍအသီးသီးမှာ ရှိတဲ့ စီးပွားရေး လုပ်ငန်းလုပ်တဲ့ သူတွေအနေနဲ့ Global Environmentမှာ ပြိုင်ဆိုင်မှု ပိုများ လာတဲ့ အတွက် နိုင်ငံတကာက အတွေ့အကြုံရှိ ကုမ္ပဏီကြီးတွေ ကော်ပိုရေးရှင်းကြီးတွေနဲ့ ယှဉ်ပြိုင်လုပ်ကိုင်နိုင်မယ့် မျိုးဆက်သစ်တွေ လိုပါတယ်။ ဒီဟောပြောပွဲမှာ Prof: John Vongက ၎င်း၏ အတွေ့အကြုံများနှင့် အတူ ဈေးကွက်စီးပွားရေး ဖော်ဆောင်ရာတွင် ယှဉ်ပြိုင်မှု၊ စိန်ခေါ်မှုများကို ထည့်သွင်း ပြောကြားမှာဖြစ်တဲ့ အတွက် ဗဟုသုတ တွေ အများကြီး ရရှိစေမှာ ဖြစ်ပါတယ်" ဟု JAMES COOK UNIVERSITY ၏ BEST Agent Award 2010နှင့် BEST PARTNERSHIP Award 2012ဆု ရရှိထားသော CROWN Educationမှ ပညာရေး အတိုင်ပင်ခံ ဦးအောင်ကျော်ဆန်းမှ ပြောကြားသည်။ မြန်မာနိုင်ငံမှ ကျောင်းသူကျောင်းသားများ အနေဖြင့် Master of Business Administration (MBA) လေ့လာသင်ယူရန် အများအပြား စိတ်ဝင်စားကြသော်လည်း၊ MBA သင်ယူရခြင်း၏ အနှစ်သာရများ၊ MBA လေ့လာ သင်ယူမည့်သူများ သိရှိထားသင့်သည့် အချက်များ၊ MBAကို အထူးပြုသင်ယူခြင်းနှင့် ပတ်သက်သည့် အချက်အလက်များကိုလည်း ရှင်းလင်း ပြောကြားသွားမည်ဖြစ်ကြောင်း သိရသည်၊ အဆိုပါဟောပြောပွဲအတွင်း James Cook University တွင် လေ့လာ သင်ယူနိုင်မည့် စီးပွားရေးဆိုင်ရာ ဒီဂရီများ၊ Professional Accounting နှင့် Business Administrationကို တွဲဖက်လျက် Joint ဒီဂရီ၊ အထူးပြုဘာသာရပ်များဖြင့် လေ့လာသင်ယူနိုင်မည့် MBA အကြောင်းများအပြင် နိုင်ငံတကာ ကျောင်းသားများကို စင်ကာပူနိုင်ငံနှင့် ဩစတြေးလျ နှစ်နိုင်ငံလုံးတွင် လေ့လာ သင်ယူနိုင်ရန် စီစဉ်ထားခြင်း၊ တက္ကသိုလ်နှင့် ချိတ်ဆက် ထားသော ကုမ္ပဏီ (၈၅)ခုတွင် Corporate Field Trip များ၊ အလုပ်သင် အဖြစ် အလုပ်အကိုင် ရှာဖွေပေးမည့် အစီအစဉ်များ အကြောင်းကိုပါ လေ့လာနိုင်ကြောင်း သိရသည်။ အဆိုပါဟောပြောပွဲသို့ တက်ရောက်လိုသူများ အနေဖြင့် CROWN Education၊ အမှတ် (၂၇၀)၊ ပထမထပ်၊ အခန်း(1 C)၊ မြေနီကုန်း၊ ပြည်လမ်း၊ ကောင်းမြတ်မွန် ဆေးခန်း အပေါ်ထပ်၊ ဖုန်း ၀၉-၇၃၂ ၇၃၂ ၇၇၊ ၀၉-၅၀၈-၅၁၈၅သို့ စာရင်းပေးသွင်း၍ တက်ရောက် နိုင်ပါသည်။

# နိုင်ငံတကာ အဆင့်မီ ဝက်ဘ်ဆိုက် ရေးသားနည်းဆိုင်ရာ သင်တန်းဖွင့်လှစ်မည်



Image Credit: vietnammarketing.vn

သန့်စင်

အိုင်တီနည်းပညာများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့် အညီ Website များ၏ အခန်းကဏ္ဍမှာလည်း လွန်စွာ အရေးပါလာသဖြင့် ခေတ်မီဆန်းသစ်သော Websiteများအား စနစ်တကျ ရေးဆွဲတတ်စေရန် ရည်ရွယ်ပြီး Website ရေးဆွဲနည်း သင်တန်းကို Myanmar WWW Institute (M3WI)မှ ထပ်မံ ဖွင့်လှစ်သွားမည် ဖြစ်သည်။ ယင်းသင်တန်းတွင် Website တစ်ခုအား ဖန်တီးပုံကို အခြေခံမှစပြီး ကျွမ်းကျင် အဆင့်အထိ ရောက်အောင် သင်ကြားပေးမည် ဖြစ်သည်။ အဆိုပါ သင်တန်းတွင် အင်တာနက်ပေါ်၌ မိမိသိရှိလိုသည့် အကြောင်းအရာများအား မည်ကဲ့သို့ ရှာဖွေရမည် မည်ကဲ့သို့ အသုံးပြုရမည်ကို သိရှိစေရန်အတွက် Introduction to Internet & WWW ၊ Web Pageများ ရေးသားရန်အတွက် မရှိမဖြစ် အရေးပါဆုံးဖြစ်သော HTML၊ Web Pageများအားပိုမို စနစ်ကျလှပအောင် ပြုလုပ်နိုင်သော CSS၊ User ထည့်သွင်းထားသော Dataများကို စစ်ဆေးရန်အတွက် JavaScript၊ Web Pageများ ရေးသားရာတွင် ပါဝင်မည့် အချက်များနှင့် လိုက်နာရမည့် အချက်များအား သင်ကြားပေးမည့် Web Design စသည့် ဘာသာရပ်များအား သင်ယူရမည် ဖြစ်သည်။ ထို့ပြင် Web Pageများကို အလွယ်တကူ ဖန်တီးနိုင်ရန်အတွက် Dreamweaver၊ Animationများ ပြုလုပ်နိုင်ရန်အတွက် Adobe Photoshop & Flash လူအများ သိရှိစေရန် အတွက် မည်ကဲ့သို့ Marketing ပြုလုပ်ရမည်ကို သိရှိနိုင်စေရန် eMarketing၊ အင်တာနက်ပေါ်တွင် Data Interchange ပြုလုပ်ရန်အတွက် XML၊ ကွန်ပျူတာများ Network ချိတ်ဆက်ရာတွင် လိုအပ်သော Protocol တစ်ခု ဖြစ်သည့် TCP/IP စသည့် ဘာသာရပ်များလည်း ပါဝင်မည် ဖြစ်သည်။ ထို့အပြင် သင်တန်းသားများအား Assignmentများ၊ Project များကို ကိုယ်တိုင် ပြုလုပ်စေခြင်းဖြင့် ပိုမိုတတ်ကျွမ်း နားလည်စေမည် ဖြစ်သည်။ ထို့ကြောင့် လက်တွေ့ လုပ်ငန်းခွင်တွင် အမှန်တကယ် အကျိုးသက်ရောက် ဖြစ်ထွန်းစေမည် ဖြစ်သည်။ ၎င်းသင်တန်းအား ကွန်ပျူတာကို ကောင်းစွာ အသုံးပြုတတ်သူ မည်သူမဆို တက်ရောက်နိုင်မည် ဖြစ်သည်။ သင်တန်းကာလမှာ (၄)လခန့် ကြာမြင့်မည် ဖြစ်ပြီး သင်တန်းချိန်မှာ (စနေ+တနင်္ဂနွေ) ညနေ ၄:၀၀မှ ၇:၀၀ နာရီအထိ ဖြစ်သည်။ သင်တန်းသားဦးရေ ကန့်သတ်ထားသဖြင့် တက်ရောက်လိုသူများအနေဖြင့် ကြိုတင်စာရင်း ပေးသွင်းကြရမည် ဖြစ်သည်။ အဆိုပါ သင်တန်းများကို Myanmar WWW Institute (M3WI) သင်တန်းတည်ရှိရာ အဆောင် (၅)၊ အခန်း (၄)၊ မြန်မာ အင်ဖိုတက်ခ်၊ လှိုင်တက္ကသိုလ် နယ်မြေ၊ ရန်ကုန်မြို့။ (ဖုန်း) ၆၅၂-၂၈၈၊ ၅၂၁-၁၂၅တို့သို့ ဆက်သွယ် စုံစမ်းနိုင်ပါသည်။

# ဂျပန်နိုင်ငံ APU၏ 100% Scholarship ဆုကို မြန်မာနိုင်ငံမှ ကျောင်းသူတစ်ဦး ရရှိ

သန့်စင်

ဂျပန်နိုင်ငံ Ritsumeikan Asia Pacific Universityသို့ ၂၀၁၂ခုနှစ် September Intakeတွင် Bachelor of Business Administration အထူးပြု ဘာသာရပ် Strategic Management & Organization ဖြင့် တက်ရာက်ရန် လျှောက်ထားခဲ့သော မကလျာဝေသည် APUမှ ချီးမြှင့်သော 100% Scholarshipကို ဒုတိယအကြိမ် ဆွတ်ခူးရရှိသွားကြောင်း SR Worldwide Educationမှတစ်ဆင့် သိရသည်။ ပထမအကြိမ် ၁၀၀ ရာခိုင်နှုန်း Scholarshipကို ရရှိသွားသော မြန်မာနိုင်ငံမှ ကျောင်းသူ မဝင့်ကေခိုင်သည် 2013 April Intake မှစပြီး ဂျပန်နိုင်ငံ Ritsumeikan Asia Pacific Universityတွင် Bachelor of Business Administration အထူးပြု ဘာသာရပ် Marketingဖြင့် တက်ရောက်နေပြီ ဖြစ်ကြောင်း၊ ယင်း 100% Scholarship၏ တန်ဖိုးမှာ ပျမ်းမျှအားဖြင့် ကျပ်သိန်း ၁၃၀ခန့်ရှိပြီး တက္ကသိုလ် ပထမနှစ်အတွက် ပေးအပ် ချီးမြှင့်ကြောင်း သိရှိရပါသည်။ APUသည် ဂျပန်နိုင်ငံ Beppu မြို့တွင် တည်ရှိပြီး နိုင်ငံတကာ ကျောင်းသားအများစု တက်ရောက် သင်ကြားလျက်ရှိသည့် ဂျပန်နိုင်ငံ၏ ထင်ရှားသော International University တစ်ခုလည်း ဖြစ်ပါသည်။ ယင်း APU သို့ ကျောင်းတက်ရန် လျှောက်ထားရာတွင် ဂျပန်ဘာသာစကား တတ်မြောက်ရန် မလိုအပ်ဘဲ English ဘာသာစကား တတ်မြောက်ကျွမ်းကျင်ရုံဖြင့် လျှောက်ထားနိုင်သည်။ ယင်း APUတွင် Bachelor Programအပြင် Masterနှင့် Ph.D Programများကိုလည်း လျှောက်ထားနိုင်မည်ဖြစ်ပြီး မြန်မာနိုင်ငံ ကျောင်းသူ၊ ကျောင်းသားများအတွက် ကမ်းလှမ်းထားသော Scholarship အမျိုးအစားများမှာ 100%, 80%, 65%, 50%နှင့် 30%တို့ ဖြစ်သည်။ ကျောင်းလျှောက်ထားလိုသူများ အနေဖြင့် တစ်နှစ်လျှင် Aprilနှင့် September Intakeတို့အတွက် လျှောက်ထားနိုင်ပြီး ယခု 2014 April Intakeအတွက် ကျောင်းလျှောက်ထားလိုသူများ အနေဖြင့် ၂၀၁၃ခုနှစ်၊ နိုဝင်ဘာလ၊ ၃၀ရက်နေ့တွင် နောက်ဆုံး လျှောက်ထားရမည် ဖြစ်ပါသည်။ ယင်း Scholarshipများကို လျှောက်ထားလိုသူများအတွက် အသေးစိတ် သိရှိလိုပါက SR Worldwide Education ဖုန်းနံပါတ် 01-246-188, 387-022, 09-548848နှင့် 09-543-8848တို့သို့ ဆက်သွယ် စုံစမ်း မေးမြန်းနိုင်ကြောင်း သိရှိရပါသည်။



# Toyotaနဲ့ သူ့ရဲ့ ဖခင်ကြီး Kiichiro Toyod


Mr.Kiichiro Toyod

လင်းထက်

Toyota Motor Corporationကို အတိုကောက်အဖြစ်နဲ့ TMCလို့ ခေါ်ပြီးတော့ ဂျပန်နိုင်ငံ အခြေစိုက် မော်တော်ကား ထုတ်လုပ်တဲ့ ကုမ္ပဏီကြီး တစ်ခု ဖြစ်ပါတယ်။ ကုမ္ပဏီရဲ့ ပင်မရုံးချုပ်က ဂျပန်နိုင်ငံ၊ နာဂိုယာရဲ့ အရှေ့ဖက် အက်ချီအရပ်မှာ တည်ရှိတာ ဖြစ်ပါတယ်။ ၂၀၁၀ ခုနှစ် မှတ်တမ်းများအရ Toyotaမှာ ဝန်ထမ်းပေါင်း ၃၀၀,၇၃၄ဦးကို ခန့်အပ် တာဝန်ပေးထားပြီး ၂၀၁၁ခုနှစ် အရောက်မှာတော့ General Motorsနဲ့ Volkswagen Groupပြီးရင် တတိယမြောက် ကားထုတ်လုပ်မှု အများဆုံး ကုမ္ပဏီကြီး ဖြစ်ပါတယ်။ ပြီးတော့ အတိတ်သမိုင်းတစ်လျှောက် ပြန်ကြည့်မယ်ဆိုရင်လည်း Toyotaဟာ တစ်ကမ္ဘာလုံး ကားကုမ္ပဏီတွေနဲ့ အတိုင်းအတာမှာ ၁၁ခုမြောက် အကြီးဆုံး ဖြစ်တာကို တွေ့ရမှာပါ။ ၂၀၁၂ ခုနှစ် ဇူလိုင်လအတွင်း Toyotaရဲ့ ထုတ်ပြန်ချက်များအရ Toyotaဟာ ကားအစီးရေ သန်း ၂၀၀ကျော် ထုတ် လုပ်ရောင်းချနိုင်ခဲ့ပြီဖြစ်ကြောင်း သိရပါတယ်။ ကုမ္ပဏီကို တည်ထောင်ခဲ့ သူကတော့ Kiichiro Toyodaဖြစ်ပြီး ၁၉၃၇ခုနှစ်မှာ လုပ်ငန်းတွေ စတင်ခဲ့တာ ဖြစ်ပါတယ်။ ဒါပေမယ့် တစ်ကယ်တမ်း မှာတော့ ၁၉၃၄ ခုနှစ်ကတည်းက Toyodaက Type A Engineကို စမ်းသပ်ထုတ်လုပ်နိုင်ခဲ့ပြီ ဖြစ် သလို ၁၉၃၆ခုနှစ် အရောက်မှာလည်း Toyota AAအမည်ရှိတဲ့ ကားကို ထုတ်လုပ် နိုင်ခဲ့ပြီ ဖြစ်ပါတယ်။ TMC လုပ်ငန်းအုပ်စုမှာ ပါဝင်တဲ့ ကုမ္ပဏီတွေကတော့ Toyota (Scion Brand အပါအဝင်), Lexus, Dai-hatsuနဲ့ Hino Motorsတွေ ဖြစ်ပါတယ်။

Kiichiro Toyodaကို ၁၈၉၄ ခုနှစ် ဇွန်လ ၁၁ ရက်နေ့မှာ မွေးဖွားခဲ့ပြီး ၁၉၅၂ ခုနှစ် မတ်လ ၂၇ ရက်နေ့မှာ ကွယ်လွန်ခဲ့ပါတယ်။ Toyoda Loom Worksတည်ထောင်သူ Sakichi Toyodaရဲ့ သားဖြစ်ပါတယ်။ Toyodaရဲ့ စိတ်ကူးက Toyoda Loom Worksကို ကားထုတ်လုပ်မှု စက်ရုံအဖြစ် ပြောင်းလဲဖို့နဲ့ နောက်ပိုင်း သူ့ရဲ့ အားထုတ်မှုတွေကြောင့် Toyota Motor Corporation ဖြစ်လာခဲ့ရတာ ဖြစ်ပါတယ်။

Ref: www.wikipedia.com

# ဂျပန်နိုင်ငံ APU၏ 100% Scholarshipဆုကို မြန်မာနိုင်ငံမှ ကျောင်းသူတစ်ဦး ရရှိ




သန့်စင်

ဂျပန်နိုင်ငံ Ritsumeikan Asia Pacific Universityသို့ ၂၀၁၂ခုနှစ် September Intakeတွင် Bachelor of Business Administration အထူးပြု ဘာသာရပ် Strategic Management & Organizationဖြင့် တက်ရောက်ရန် လျှောက်ထားခဲ့သော မကလျာဝေသည် APUမှ ချီးမြှင့်သော 100% Scholarshipကို ဒုတိယအကြိမ် ဆွတ်ခူးရရှိသွားကြောင်း SR Worldwide Educationမှ တစ်ဆင့် သိရသည်။

ပထမအကြိမ် ၁၀၀ ရာခိုင်နှုန်း Scholarshipကို ရရှိသွားသော မြန်မာနိုင်ငံမှ ကျောင်းသူမဝင့်ကေခိုင်သည် 2013 April Intake မှစပြီး ဂျပန်နိုင်ငံ Ritsumeikan Asia Pacific Universityတွင် Bachelor of Business Administration အထူးပြုဘာသာရပ် Marketingဖြင့် တက်ရောက်နေပြီ ဖြစ်ကြောင်း၊ ယင်း 100% Scholarship၏ တန်ဖိုးမှာ ပျမ်းမျှအားဖြင့် ကျပ်သိန်း ၁၃၀ခန့်ရှိပြီး တက္ကသိုလ် ပထမနှစ်အတွက် ပေးအပ်ချီးမြှင့်ကြောင်း သိရှိရပါသည်။ APUသည် ဂျပန်နိုင်ငံ Beppuမြို့တွင် တည်ရှိပြီး နိုင်ငံတကာ ကျောင်းသား အများစု တက်ရောက် သင်ကြားလျက်ရှိသည့် ဂျပန်နိုင်ငံ၏ ထင်ရှားသော International University တစ်ခု လည်း ဖြစ်ပါသည်။

ယင်း APUသို့ ကျောင်းတက်ရန် လျှောက်ထားရာတွင် ဂျပန်ဘာသာစကား တတ်မြောက်ရန် မလိုအပ်ဘဲ Englishဘာသာစကား တတ်မြောက်ကျွမ်းကျင်ရုံဖြင့် လျှောက်ထားနိုင်သည်။ ယင်း APUတွင် Bachelor Programအပြင် Mastersနှင့် Ph.D Program များကိုလည်း လျှောက်ထားနိုင်မည်ဖြစ်ပြီး မြန်မာနိုင်ငံ ကျောင်းသူ၊ ကျောင်းသားများ အတွက် ကမ်းလှမ်းထားသော Scholarship အမျိုးအစားများမှာ 100%, 80%, 65%, 50%နှင့် 30%တို့ဖြစ်သည်။ ကျောင်းလျှောက်ထားလိုသူများ အနေဖြင့် တစ်နှစ်လျှင် Aprilနှင့် September Intakeတို့ အတွက် လျှောက်ထားနိုင်ပြီး ယခု 2014 April Intakeအတွက် ကျောင်း လျှောက်ထားလိုသူများ အနေဖြင့် ၂၀၁၃ခုနှစ်၊ နိုဝင်ဘာလ၊ ၃၀ရက်နေ့တွင် နောက်ဆုံး လျှောက်ထားရမည် ဖြစ်ပါသည်။

ယင်း Scholarshipများကို လျှောက်ထားလိုသူများအတွက် အသေးစိတ် သိရှိလိုပါက SR Worldwide Education ဖုန်းနံပါတ် 01-246-188, 387-022, 09-548848နှင့် 09-543-8848တို့သို့ ဆက်သွယ် စုံစမ်း မေးမြန်းနိုင်ကြောင်း သိရှိရပါသည်။

# English 4 Skillsအား အွန်လိုင်းမှာ သင်နိုင်မည်


Image Credit: www.onlineschools.com

Sid

အခြေခံ အင်္ဂလိပ်စာ သင်တန်း (General English 4 Skills)အား သင်တန်းချိန်ပေး၍ မတက်ရောက်နိုင်သူများ အတွက် အွန်လိုင်းမှ နေ၍ အခမဲ့သင်ကြားပေးသွားမည် ဖြစ်ကြောင်း သိရပါသည်။ သင်တန်းအား ဇွန်လ ၃ ရက်နေ့မှ စတင်၍ သင်ကြားပေးသွားမည် ဖြစ်ပြီး သင်တန်းကာလမှာ ၃ လဖြစ်ကြောင်းလည်း သိရပါသည်။ သင်တန်းတက်ရောက်လိုသူများသည် siraungkou.umk@gmail.comသို့ အမည်နှင့် Emailလိပ်စာများ ပေးပို့ကာ စာရင်းပေးသွင်း တက်ရောက်နိုင်မည် ဖြစ်ပါသည်။ သင်တန်းပုံစံမှာ တနင်္လာနေ့မှ ကြာသာပတေး နေ့အတွင်း သင်ခန်းစာသစ်များနှင့် မေးခွန်းများအား ပေးပို့သင်ကြားသွားမှာ ဖြစ်ပြီး သင်တန်းသားများမှ အဖြေများအား သောကြာနေ့မှ တနင်္ဂနွေအတွင်း ပြန်လည် ပေးပို့ ဖြေကြားသွားရမှာ ဖြစ်ကြောင်းလည်း သိရပါသည်။ သင်ခန်းစာများနှင့် ပတ်သက်၍ မေးမြန်းလိုသည်များအားလည်း Emailနှင့် ဖြစ်စေ တယ်လီဖုန်းနှင့် ဖြစ်စေ မေးမြန်းနိုင်မှာ ဖြစ်ကြောင်းလည်း သိရပါသည်။ သင်တန်း ပြီးဆုံးချိန်တွင် အရည်အချင်းစစ် စာမေးပွဲ ဖြေဆိုရမည် ဖြစ်ပြီး အောင်လက်မှတ်များကိုတော့ ထုတ်ပေးမှာ မဟုတ်ကြောင်းနှင့် ရမှတ်များကိုတော့ ပြန်ကြားပေးမှာ ဖြစ်ကြောင်း သိရပါသည်။ သင်တန်းနှင့် ပတ်သက်၍ အချက်အလက်များအား wwwsiraungkou -umk.blogspot.comတွင် ဝင်ရောက် ကြည့်ရှုနိုင်ပြီး ဖုန်း ၀၉-၄၂၁-၇၅၂-၅၆သို့ ဆက်သွယ် မေးမြန်းနိုင်ကြောင်း သိရပါသည်။

NEW YEAR. NEW YOU. NEW KNOWLEDGE. NEW SUBSCRIPTION.
FOR 3 MONTHS K6500
FOR 6 MONTHS K13000
FOR 1 YEAR K23000
GET 1 MONTH FREE FOR ONE YEAR SUBSCTIPTION
CALL NOW 01-430-897 01-553-918 OR CIRCULATION@MYANMARICT.COM

အိုင်စီတီ ဂျာနယ်
Volume 2, Issue 19
MYANMAR ICT JOURNAL

ယခင်အပတ်မှ အဆက်

# သင့်ကို အလုပ်ရှင်က အလေးပေးလာဖို့ . . .

Sid



Image Credit: www.blog.thecompanywarehouse.co.uk

## သင့်တင့်အောင် ဝတ်ဆင်ပါ

အဝတ်အစား ဝတ်ဆင်တဲ့ အခါမှာလည်း ကိုယ်နဲ့ လိုက်ဖက်ကောင်းမွန်မယ့် အဝတ်အစားကိုသာ ရွေးချယ်ဝတ်ဆင် သင့်ပါတယ်။ သင့်တင့်အောင် ဝတ်ဆင်တယ်ဆိုတဲ့ နေရာမှာလည်း ကိုယ်ရဲ့ ရာထူး၊ ဌာနနဲ့ ဂန်းကျင်တို့ကိုလိုက်ပြီး ဝတ်ဆင်ခြင်းကို ဆိုလိုတာပါ။

ပထမဆုံး တစ်ချက်ဖြစ်တဲ့ ရာထူးနေရာမှာတော့ အဝတ်အစား ဝတ်ဆင်ရာမှာ အဓိကျတဲ့ အချက်ဖြစ်ပါတယ်။ ကိုယ်ကိုယ်တိုင်က ဌာနရဲ့ အကြီးအကဲ တစ်ယောက်ဖြစ်နေပေမယ့် ကောင်းမွန်သေသပ်အောင် တစ်နည်းပြောရရင် လူကြီးသူကောင်း ပုံစံ ဝတ်စာဆင်ယင်မှုမျိုး မရှိဘူးဆိုရင် လူအများရဲ့ ကဲ့ရဲ့မှု ဒါမှမဟုတ် မလေးမစား ဆက်ဆံမှုတွေကို ရရှိခံစား ရနိုင်ပါတယ်။ တကယ်လို့ အကြီးအကဲ မဟုတ်ဖူးဆိုရင်တောင်မှ အနည်းဆုံး သေသပ် လှပအောင်တော့ ဝတ်ဆင်ဖို့ လိုအပ်မှာပါ။

ဒုတိယ တစ်ချက်ဖြစ်တဲ့ ဌာန အပိုင်းအခြားကလည်း အရေးကြီးလှ ပါတယ်။ ကိုယ်တိုင်က ဆောက်လုပ်ရေး လုပ်ငန်း တစ်ခုခုဆိုတာမျိုးမှာ လုပ်ကိုင်နေသူ ဖြစ်ပေမယ့် လုပ်ငန် းခွင်နဲ့ သင့်တင့်အောင် ဝတ်ဆင်မှလည်း အများအမြင်တော်မှာ ဖြစ်ပါတယ်။ ဒါကလည်း ချင်းချက်ဖြစ်ပြီး လုပ်ငန်းအတော်များများကတော့ တူညီဝတ်စုံ ဒါမှမဟုတ် သေသပ်အောင် ဝတ်ဆင်လုပ်ကိုင်ရတဲ့ အလုပ်တွေ ဖြစ်ပါတယ်။

နောက်ဆုံး တစ်ချက်ဖြစ်တဲ့ ဂန်းကျင်နဲ့ လိုက်ဖက်အောင် နေထိုင်ဖို့ ဆိုတဲ့ အချက်ကတော့ အရေးမကြီးလှပါဘူး။ ဘာကြောင့်လဲဆိုတော့ အထက်မှာ ဖော်ပြခဲ့ပြီး အချက်တွေက သူ့ထက် ပိုအရေးကြီးလို့ ဖြစ်ပါတယ်။ ဒီလို သင့်တင့်အောင်၊ သေသပ်အောင်၊ ဝတ်ဆင်မှုကြောင့်လည်း သင့်ကို အလုပ်ရှင်က အလေးပေးမှု တစ်စုံတစ်ရာ ရရှိနိုင်သလို တစ်ဦးတစ်ယောက်ချင်းစီ အတွက် သာမကပဲ ဌာနတစ်ခုလုံး ဒါမှ မဟုတ် တစ်ရုံးလုံးကိုပါ အလေးပေးမှု နှစ်မြို့က်မှုကို ရရှိစေနိုင်ပါတယ်။

နောက်ဆုံး အနေနဲ့ သင်ဟာ ညှော့ကြို တစ်ဦးဖြစ်နေခဲ့ရင်တောင်မှ သင်အနေနဲ့ သေသပ်လှပတဲ့ ဝတ်စုံဝတ်ဆင်ပြီး သင့် အလုပ်ရှင် ဒါမှမဟုတ် ဧည့်သည်တွေကို ကြိုဆိုသမှုပြုမယ်ဆိုရင် သင်နဲ့ ဆက်ဆံ ပြောဆိုရသူတွေ အားလုံးရဲ့ သဘောကျ နှစ်မြို့က်မှုတွေကို ရရှိမှာ အမှန်ဖြစ်ပါတယ်။

## ယဉ်ကျေးစွာ ဆက်ဆံပါ

လူ့ဘောင် လူ့လောက တစ်လျှောက် နေ့စဉ်ဖြတ်သန်း ကျင်လည်မှုများမှာ ယဉ်ကျေးမှုဆိုတဲ့ စကားလုံးနဲ့ ယဉ်ကျေးမှုဆိုတဲ့ အရာဟာ အလွန်အရေးပါလှပါတယ်။ အကြောင်းကတော့ လူသားတစ်ယောက် ဒါမှမဟုတ် လူ့အဖွဲ့အစည်း တစ်ခုအတွက် ယဉ်ကျေးမှုဟာ အရေးပါဆုံး ဖြစ်တာကြောင့်ပါ။ ဒါကလည်း လူတိုင်း သိရှိနားလည် ပြီးထားသလို လူနဲ့ တိရိစ္ဆာန်ဆိုတဲ့ ကြားက စည်းလည်း မဟုတ်ပါလားဗျာ။ ဒါကြောင့် ဂန်ထမ်းတွေဖြစ်တဲ့ ကျွန်တော်တို့တွေ အတွက် အရေးအကြီးဆုံးက ယဉ်ကျေးစွာ ဆက်ဆံဖို့နဲ့ ချိုသာစွာ စကားပြောဆိုတတ်ဖို့ ဖြစ်ပါတယ်။

ယဉ်ကျေးပျူငှာစွာ ပြောဆို ဆက်ဆံတတ်သူကို အလုပ်ရှင် တစ်ယောက်က မည်မျှလောက်ထိ သဘောကျ နှစ်မြို့က်မယ်ဆိုတာကို အထူးပြောစရာ မလိုအပ်လောက်အောင်ပါပဲ။ အကြောင်းကတော့ ယဉ်ကျေးပျူငှာသူများကို လုပ်ငန်းခွင် နေရာတွေမှာသာ မကပဲ နေရာစုံ၊ ဒေသစုံတွေမှာ သဘောကျနှစ်မြို့က်ကြမြဲ ဖြစ်ပါတယ်။ သင်ကိုယ်တိုင်လည်း အလုပ်ရှင် တစ်ယောက် မဟုတ်သည့် တိုင်အောင် နေ့စဉ်လူနေမှုဘဝ ပြောဆိုဆက်ဆံမှုတွေမှာ ယဉ်ကျေးစွာ ပြောဆိုဆက်ဆံမှုတွေကို မျှော်လင့်နေတာ အမှန်ပါပဲ။ အဆုံးစွန်အနေနဲ့ လဘက်ရည်ဆိုင် ထိုင်တဲ့နေရာမှာတောင် လူတိုင်း လူတိုင်း ဆက်ဆံရေးကောင်းမွန်တဲ့ ဆိုင်တွေကိုမှ ရွေးချယ် တတ်ကြတာ သာဓကေပါ။

ဒီတော့ လုပ်ငန်းရှင် တစ်ယောက်အဖြစ်နဲ့ ကိုယ့်လုပ်ငန်း အောင်မြင်ဖို့ရာအတွက် ဆက်ဆံရေး ပြေပြစ်ကောင်းမွန်တဲ့ ဂန်ထမ်းတွေကိုပဲ အလိုချင်ဆုံး ဖြစ်သလို အဲဒီလို ဆက်ဆံရေး ပြေပြစ်ကောင်းမွန်တဲ့ ဂန်ထမ်းတွေကိုလည်း အလုပ်ရှင်တွေက သဘောကျ နှစ်မြို့က်မြဲ ဖြစ်ပါတယ်။ အထက်မှာ ဆိုခဲ့သလို အသေးစား လုပ်ငန်းလေးတစ်ခုဖြစ်တဲ့ လဘက်ရည်ဆိုင်ရှင် တစ်ဦးဟာ သူ့ဆိုင်ရဲ့ ရောင်းချနိုင်မှု ပမာဏ ပိုမိုတိုးတက်အောင် လုပ်ကိုင်ဆောင်ရွက်နေကြတဲ့ ဂန်ထမ်းတွေကို ဆက်ဆံရေး ပြေပြစ်ကောင်းမွန်ဖို့ အထူးမှာကြားထားမှာ ဖြစ်သလို အမှန်တကယ်လည်း ဆက်ဆံရေး ပြေပြစ်ကောင်းမွန်သူတွေကို သဘောကျ နှစ်မြို့က်ကြပါတယ်။

ယဉ်ကျေးစွာ ပြောဆို ဆက်ဆံတတ်မှုဟာ လုပ်ငန်းခွင်မရွေး၊ အချိန်မရွေး၊ နေရာဒေသ မရွေးလိုအပ်တဲ့ လိုအပ်ချက်ဖြစ်ပါတယ်။ သင်အနေနဲ့ အလွယ်မြင်သာနိုင်တဲ့ ဥပမာတွေ အနေနဲ့ စာသင်ကျောင်း တစ်ကျောင်းမှာ ကျောင်းဆရာ၊ ဆရာမတွေသာ လိုအပ်မှာ ဖြစ်ပြီး အလုပ်ကြမ်းသမားတွေ၊ အင်ဂျင်နီယာတွေ မလိုအပ်တာ အမှန်ပါ။ ဒီလိုပဲ ဆောက်လုပ်ရေး လုပ်ငန်းခွင် တစ်ခုမှာ ဆောက်လုပ်ရေး ဂန်ထမ်းတွေသာ လိုအပ်မှာဖြစ်ပြီး ကျောင်းဆရာ၊ ဆရာမတွေနဲ့ ဆောက်လုပ်ရေး လုပ်ငန်းတွေက မအပ်စပ်လှတာ တွေ့နိုင်ပါတယ်။ ဒါပေမယ့် အဲဒီနေရာတွေမှာ တူညီတဲ့ လိုအပ်ချက်တော့ ရှိပါတယ်။ အဲဒါကတော့ ကျောင်းဆရာ၊ ဆရာမတွေပဲ ဖြစ်ဖြစ်၊ အင်ဂျင်နီယာတွေ၊ ဆောက်လုပ်ရေး ဂန်ထမ်းတွေပဲ ဖြစ်ဖြစ် ယဉ်ကျေးပျူငှာစွာ ပြောဆိုဆက်ဆံ တတ်ဖို့ပဲ ဖြစ်ပါတယ်။

ဒါကြောင့် လူအများနဲ့ ပြောဆို ဆက်ဆံရတဲ့ လုပ်ငန်းအမျိုးအစားမှာ ဖြစ်စေ၊ ပတ်ဂန်းကျင်နဲ့ ပြောဆိုဆက်ဆံရမှု နည်းပါးတဲ့ လုပ်ငန်းတွေမှာဖြစ်စေ ယဉ်ကျေးမှု ရှိခြင်းက အဓိက ကျလှပါတယ်။ တကယ်တမ်း တက်လမ်းကို မျှော်ကိုးပြီး ခေါင်းဆောင် တစ်ယောက်ဖြစ်ဖို့၊ ပီသဖို့ရာအတွက်လည်း ယဉ်ကျေးမှု ရှိဖို့လိုအပ်ပါတယ်။ ဒို့အပြင် ဂန်ထမ်းချင်း လေးစားရတဲ့ ဂန်ထမ်းကောင်း တစ်ယောက်ဖြစ်ဖို့ အတွက်မှာရော၊ အလုပ်ရှင် တစ်ယောက်ရဲ့ အလေးပေးမှုကို ရယူချင်တဲ့ ဂန်ထမ်းတစ်ယောက် ဖြစ်ဖို့ အတွက်မှာရော၊ ကိုယ်နဲ့ ပြောဆိုဆက်ဆံကြတဲ့ ဖောက်သည် တွေရဲ့ သဘောကျနှစ်မြို့က်မှုကို ရရှိဖို့ အတွက်မှာရော ယဉ်ကျေးပျူငှာစွာ ပြောဆိုဆက်ဆံတတ်မှုဟာ အလွန်ကို အရေးကြီးလှပါတယ်။

Ref: www.news.com.au

# Toyotaက Lithium-ion Battery အတွက် စီမံကိန်း ရေးဆွဲ



Image Credit: www.theriches.com

ယမ်းသန့်

Toyotaက အခုနောက်ဆုံးထုတ် Prius ကားတွေမှာ အသုံးပြုဖို့ရာအတွက် လိုအပ်တဲ့ Lithium-ionအမျိုးအစား Battery အမြောက်အမြားကို ထုတ်လုပ်သွားဖို့ စီမံကိန်း ရေးဆွဲနေတယ်လို့ Reuter သတင်းဌာနမှ သိရပါတယ်။ အဆိုပါ အစီအစဉ်အရ Toyotaအနေနဲ့ အခြားသော ကုမ္ပဏီတစ်ခုနဲ့ ပူးပေါင်း လုပ်ဆောင်သွားဖို့ ရှိတယ်လို့ ဆိုပါတယ်။ Toyotaရဲ့ အစီအစဉ်သစ်က ယခုလက်ရှိ Priusကားတွေမှာ အသုံးပြုထားတဲ့ Batteryတွေထက် ပိုမို ပေါ့ပါးပြီး စွမ်းအင်သိုလှောင်မှုအပိုင်းမှာရော၊ ပြန်လည် ထုတ်ဝေပေးမှု အပိုင်းမှာပါ ကောင်းမွန်မယ့် Batteryကို ထုတ်လုပ်သွားဖို့ ဖြစ်တယ်လို့ သိရပါတယ်။ အဆိုပါ စီမံကိန်းကို အကောင်အထည်ဖော်ဖြစ်ပါက Toyota အနေနဲ့ သူ့ရဲ့ တွဲဖက်လုပ်ငန်းတစ်ခုဖြစ်သော Panasonic နဲ့ ပူးပေါင်းပြီး ယခုနှစ်အတွင်းမှာပဲ Battery ပေါင်း ၂၀၀,၀၀၀ကို ထုတ်လုပ်သွားမှာ ဖြစ်တယ်လို့လည်း သိရပါတယ်။ ယခုလက်ရှိ Priusကားများမှာ အသုံးပြုနေတဲ့ Nickel Metal Hybrid Battryဟာ Hybridကားတွေမှာ ပထမဆုံး သုံးစွဲထားခြင်း ဖြစ်ပြီး ဈေးနှုန်းဘက် အပိုင်းမှာ အထူးသက်သာသော်လည်း စွမ်းအင် ပြန်လည် ထုတ်ပေးနိုင်မှု အပိုင်းမှာ ချို့ယွင်းချက် အနည်းငယ် ရှိကြောင်း သိရပါသည်။

Ref: www.ustoday.com

CARTOON BY

သီဟ
(စခန်းသစ်)



## သီချင်းကောင်းတွေ စုစည်းရာ Myanmar Mobile Music Store

Sid




မြန်မာသီချင်းတွေကို ချစ်မြတ်နိုးသူတွေအတွက် အသစ်ဖန်တီးထားတဲ့ App တစ်ခုဖြစ်ပြီးတော့ Myanmar Developer တွေ ဖန်တီးထားတယ်လို့ပဲ ဖော်ပြထားခြင်း ဖြစ်ပါတယ်။ Appမှာ Artist List (အနုပညာရှင် စာရင်း)၊ Album List (သီချင်းခွေ စာရင်း)နဲ့ Song List(သီချင်းစာရင်း)တွေ ပါဝင်ပါတယ်။ သင့်အနေနဲ့ Appကို အသုံးပြုပြီးတော့ လိုချင်တဲ့ သီချင်းခွေနာမည် ဒါမှမဟုတ် သီချင်းနာမည်နဲ့ ရှာဖွေရရှိနိုင်မှာ ဖြစ်ပါတယ်။ အားသာချက် တစ်ခုကတော့ သင့်အနေနဲ့ Download လုပ်စရာ မလိုပဲ သီချင်းတွေ နားထောင်နိုင်မှာ ဖြစ်ပါတယ်။ ဒါပေမယ့် တစ်ချို့ကတော့ Updateထပ်လုပ်ဖို့ လိုသေးတယ်လို့ Comment တွေ တွေ့နေရပါတယ်။ ဒါကလည်း ကိုယ်သုံးတဲ့ စနစ်နဲ့ မကိုက်ညီလို့ ဖြစ်နိုင်ပါတယ်။ ဘာပဲဖြစ်ဖြစ် သီချင်းချစ်သူတွေ အတွက်တော့ အဆင်ပြေပါစေလိမ့်မယ်။

## မြန်မာစနစ်သုံး ဖုန်းတွေအတွက် Frozen Zawgyi Keyboard

မင်းခန့်




Androidစနစ်သုံး ဖုန်းတွေမှာ အသုံးအများဆုံး Keyboardစနစ် ဖြစ်တဲ့ Frozen Zawgyiကို Free Download ရယူနိုင်မယ့် Appလေးကို မြန်မာ Developer သီဟအေးကျော်က ဖန်တီးထားတာ ဖြစ်ပါတယ်။ ဒီAppလေးဟာ အသုံးပြုရ လွယ်ကူ ကောင်းမွန်တဲ့ စနစ်ကလေးတစ်ခုဖြစ်ပါတယ်။ ဒ့ါအပြင် ဖန်တီးထားပုံက Androidစနစ်နဲ့ ကိုက်ညီနေတာ တွေ့ရပါတယ်။ ဒ့ါအပြင် အခု Google Playမှာ ရှိနေတဲ့ Appရဲ့ Versionက Upgrade လုပ်ထားပြီးသား ဖြစ်တာကြောင့် သုံးစွဲရတာ ပိုမို အဆင်ပြေစေမှာပါ။ ဒ့ါအပြင် ဒီ Appကို Tabletတွေမှာလည်း သုံးစွဲနိုင်မှာ ဖြစ်ပြီး၊ အထူးသဖြင့် ၇ လက်မနဲ့ ၁၀ လက်မ Tabletတွေအတွက် ကောင်းမွန်တယ်လို့ ဆိုပါတယ်။ ဒီနေ့အထိ Downloadလုပ်သူပေါင်း ၁၅၀၀ ကျော် ရှိသွားပြီ ဖြစ်တာကြောင့် လူသုံးများတဲ့ Appတစ်ခုဖြစ်ပါတယ်။

## ကိုးနဝင်း ပုတီးစိပ်လေ့ရှိသူတွေ အတွက် 9NaWin

လင်းထက်




ကျွန်တော်တို့ မြန်မာ ဗုဒ္ဓဘာသာဝင်တွေမှာ ကိုးနဝင်း ပုတီးစိပ်လေ့ရှိသူတွေ အတွက် အဆင်ပြေစေမယ့် Appလေး ဖြစ်ပြီး ပြည့်ဖြိုးရှိန်ဆိုတဲ့ Developerရဲ့ လက်ရာ ဖြစ်ပါတယ်။ လုပ်ဆောင်ပေးနိုင်မယ့် စွမ်းရည်က အသုံးပြုသူတွေကို ကိုးနဝင်း ပုတီးစိပ်နည်းမှာ ပါဝင်တဲ့ အတိုင်း နေ့ရက်၊ ဂါထာနဲ့ အဆင့်တွေကို အချက်ပြပေးသွားမှာ ဖြစ်ပါတယ်။ ထူးခြားတာ တစ်ခုက တစ်နေ့တာ ပုတီးစိပ်ခြင်းပြီး၊ မပြီးကို Doneခလုတ်ကနေ စစ်ဆေးပြီး အချက်ပြပေးသွားမှာ ဖြစ်ပါတယ်။ ဒီတော့ တစ်ရက်တာအတွက် ပုတီးစိပ်ဖို့ မေ့နေသူတွေ အတွက်ရော၊ ပုတီးစိပ်ပြီး Doneကို နှိပ်ဖို့ မေ့နေသူတွေ အတွက်ပါ အဆင်ပြေစေမှာပါ။ သုံးစွဲသူတွေရဲ့ Reviewတွေ အရတော့ ရလဒ်တွေ ကောင်းနေတာမို့ ပုတီးစိပ်လေ့ရှိ သူတိုင်းအတွက် အဆင်ပြေစေမှာ အသေအချာပါပဲ။

## Internet သုံးသူတွေ အတွက် iMyanmar FB


မင်းခန့်




ဖုန်းနဲ့ Internet အသုံးပြုတတ်သူတွေ iMyanmar FBက အရမ်းကို အဆင်ပြေစေမှာ ဖြစ်ပါတယ်။ Developerက Innovative Mobilityဖြစ်ပြီးတော့ ဖုန်းတွေမှာ Gmailနဲ့ Facebookတွေကို အလွယ်တကူ ခေါ်ယူ ချိတ်ဆက် အသုံးပြုနိုင်အောင် Browserအဖြစ်နဲ့ ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။ Download အကြိမ်အရေ အတွက်က ရာဂဏန်း မပြည့်သေးတာ ကြောင့် ဒီလောက်ကြီး အသုံး မတွင်ကျယ်သေးတာ တွေ့ရပါတယ်။ ဒါပေမယ့် သုံးစွဲရ အဆင်ပြေတာကြောင့် ကျွန်တော် အထင်တော့ ဒီAppကို လူကြိုက်နည်းတာထက် လူသိနည်းတာလို့ ထင်ပါတယ်။ သုံးစွဲသူတွေရဲ့ Reviewမှာတော့ မှတ်ချက်ကောင်းတွေ ရရှိနေတာကလည်း အားသာချက် ဖြစ်စေမှာပါ။ ဒါပေမယ့် Jellybeanအတွက်တော့ အဆင်မပြေသေးဘူးလို့ မှတ်ချက်တစ်ခုရှိတာကိုတော့ သတိပြုရမှာပါ။

## ဖုန်းလိုင်းအား ပိုကောင်းအောင် ကူညီပေးမယ့် Get Better Signal

မင်းခန့်




UK Devsလို့ အမည်သုံးပြီး ဖန်တီးထားတဲ့ ဒီ Appလေးက ဖုန်းသုံးစွဲသူတွေကို အကောင်းဆုံး စွမ်းဆောင်ပေးမှာ ဖြစ်ပါတယ်။ ဘယ်လို စွမ်းဆောင်ချက်လည်း ဆိုရင်တော့ ဒီAppကိုသာ Downloadလုပ်ပြီး သင့်ဖုန်းထဲမှာ ထည့်သွင်း အသုံးပြုမယ်ဆိုရင် သင့်ဖုန်းရဲ့ လိုင်းဆွဲအားကို ပိုမိုကောင်းမွန်အောင် လုပ်ဆောင်ပေးမှာပါ။ ပြီးတော့ ဆက်သွယ်ရေးစနစ်နဲ့ ဝေးလို့ ချို့ယွင်းချက် ရှိတဲ့အချိန်တွေမှာတောင်မှ အသုံးပြုနိုင်မှာဖြစ်လို့ သုံးချင်စရာပါပဲ။ လိုင်းဆွဲအားကို လက်ရှိရှိနေတဲ့ ပမာဏထက် ၆၀ ရာခိုင်နှုန်းလောက် တိုးမြှင့်ဆွဲယူပေးနိုင်မှာ ဖြစ်လို့ စိတ်ကြိုက်ဖြစ်စေမှာပါ။ လက်ရှိ အချိန်အထိတော့ Downloadလုပ်ယူသူနည်းပါးသေးတာ ရပါတယ်။ အသုံးပြုသူတွေရဲ့ မှတ်ချက်ကောင်းတွေ ရရှိထားပြီး၊ စမ်းသပ်သုံးစွဲကြည့်ဖို့ အကောင်းဆုံး Appတစ်ခုလို့ပဲ ဆိုပါရစေ။

## အင်တာနက်ကို ချိတ်ဆက်ပေးမယ့် Get Fast Internet

Sid




ဒီနေ့ခေတ်မှာ ဖုန်းတွေနဲ့ အင်တာနက် သုံးစွဲသူတွေ မရေတွက်နိုင်လောက်အောင် များပြားလာတာမို့ အဲဒီသူတွေအတွက် အချိန်ကုန် သက်သာအောင် ကူညီပေးမယ့် Appတစ်ခုနဲ့ မိတ်ဆက်ပေးချင်ပါတယ်။ သူ့နာမည်က Get Fast Internet ဖြစ်ပြီးတော့ UK Devsအမည်နဲ့ပဲ ဖန်တီးထားတာ ဖြစ်ပါတယ်။ သူ့ကို လွယ်လွယ်လေး Downloadလုပ်ပြီး ဖုန်းထဲမှာ ထည့်သွင်းထားရုံနဲ့ ပုံမှန်အင်တာနက် ချိတ်ဆက်မှု ကြာချိန်ကို ထက်ဝက်လျှော့ချနိုင်မှာ ဖြစ်ပါတယ်။ အထူးသဖြင့်မှာတော့ Downloadအလုပ်တွေကို ရာခိုင်နှုန်း ၄၀ ကနေ ၅၀ထိ မြန်ဆန်အောင် ကူညီပေးမှာပါ။ ဒ့ါအပြင် Youtubeက ရုပ်သံ တွေကိုလည်း အကောင်းဆုံး ကြည့်ရှုစေနိုင်မှာပါ။ တစ်ခုရှိတာက Appကို ထည့်သွင်းထားရုံအပြင် သူ့ကို အသုံးပြုမယ့် အချိန်ရောက်ရင် Onလုပ် ပေးဖို့တော့ လိုအပ်ပါတယ်။ Downloadလုပ်သူပေါင်း ၇၀၀ကျော်နေပြီဆို တော့ အောင်မြင်နေတဲ့ Appတစ်ခု ဖြစ်ပါတယ်။

## စိတ်ကြိုက် သုံးချင်သူတွေ အတွက် 10000 Cute Lockscreens


လင်းထက်




ချစ်သူ စုံတွဲတွေမှာ Lockscreenကို ဆင်တူအသုံးပြုချင်သူတွေ အတွက်ပဲ ဖြစ်ဖြစ်၊ Romanceဆန်တဲ့ Lockscreen တွေကို သုံးချင်သူတွေအတွက်ပဲ ဖြစ်ဖြစ် အဆင်ပြေစေမယ့် Appလေး ဖြစ်ပါတယ်။ ဒီAppမှာ Romanceဆန်တဲ့ Lockscreen ပေါင်း ၁၀၀၀၀ကျော်ကို ထည့်သွင်းထားတာကြောင့် စိတ်ကြိုက်လဲလှယ်နိုင်မှာ ဖြစ်ပြီး တစ်ရက်တစ်ခုနှုန်းနဲ့လဲ သုံးသွားရင်တောင် တစ်မေ့သုံးနိုင်မှာ ဖြစ်ပါတယ်။ ဖန်တီးသူက MigoLabsဖြစ်ပြီး Wallpaperအဖြစ်နဲ့ရော အခြားသော နေရာတွေမှာပါ သုံးစွဲနိုင်မှာပါ။ ပြီးတော့ Music Playingတွေကိုပါ Lockscreen လုပ်ထားချိန်တွေမှာပါ သုံးနိုင်မှာပါ။ တစ်ခုထူးခြားတာက ကျွန်တော်တို့ သိချင်တာတွေ ရှိသေးရင် Mailပို့ပြီး ဒါမှမဟုတ် Commentတက်ပြီး မေးနိုင်တာဖြစ်ပြီးတော့ အဖြေတွေ ပြန်ပေးမှာပါ။

## Popular ဖြစ်ချင်သူတွေ အတွက် Fingerprint Screen Lock

လင်းထက်




ဒီနေ့ခေတ်မှာ ဖုန်းမသုံးတဲ့ မကိုင်တဲ့ သူဆိုတာ တော်တော်ရှားပါတယ်။ ဒီနေရာမှာ လူငယ်တိုင်းဟာ မော်ဒယ်မြင့် ဟန်းဆက်တွေ အမျိုးမျိုးကိုင်ပြီး Popular ဖြစ်အောင် လုပ်နေကြပါတယ်။ ဒီလို Popularဖြစ်ဖို့အတွက် ဟန်းဆက်တွေလဲ ကိုင်နေမယ့်အစား ဒီAppလေး သုံးလိုက်ရုံ နဲ့ အဆင်ပြေသွားမှာပါ။ တစ်ခုရှိတာက သင့်ဖုန်းမှာ Fingerprint Scannerတော့ ရှိဖို့လိုအပ်မှာ ဖြစ်ပြီးတော့ ဒီAppလေး သုံးလိုက်ပြီဆိုတာနဲ့ သင့်ဂန်းကျင်မှာ Popularထက် ပိုပြီးတော့ Star တစ်ယောက်တောင် ဖြစ်သွားနိုင်ပါတယ်။ ဒီAppကို Downloadလုပ်တဲ့ အကြိမ်ရေပေါင်း လေးထောင်ကျော်နေပြီ ဖြစ်ပြီး သင့် အနေနဲ့ ဒီAppကို အသုံးပြုမယ် စိတ်ကူးရင်တော့ Appရဲ့ How to useမှာ လေ့လာပြီး သုံးစွဲနိုင်မှာပါ။ အခက်အခဲများစွာ မရှိအောင် Developerဖြစ်သူ Pie Labsက ဖန်တီးထားတာကြောင့် ကျွန်တော်ရှင်းပြဖို့ မလိုလောက်တော့ပါဘူး။

## အစ, သန်သူတွေအတွက် Naked: Augmented Free




Sid

ဒီAppကတော့ အားလုံးစိတ်ဝင်စားမယ် ထင်ပါတယ်။ ဒီAppရဲ့ ထူးခြားမှုကြောင့် ဖြစ်ပါတယ်။ ထူးခြားချက်ကတော့ Appကို ထည့်သွင်းထားတဲ့ သူတွေက ဖုန်းကနေတစ်ဆင့် Appထဲက ပုံရိပ်တွေနဲ့ ထပ်ပြီး ကြည့်ရှုနိုင်မှာ ကြောင့်ဖြစ်ပါတယ်။ သင့်မှာသာ ဒီAppလေးရှိထားရင် သင့် သူငယ်ချင်း အပေါင်းအသင်းတွေကတော့ သင့်ကို အမြဲတမ်း ကြောက်စိတ်ဝင်နေကြတော့မှာပါ။ Appကို ဖန်တီးထားသူက Atticappဖြစ်ပြီးတော့ စိတ်လှုပ်ရှားမှု တော်တော်များများ ပေးစွမ်းနိုင်မှာပါ။ ဒီAppမှာ အမျိုးအစားမတူတဲ့ ခါတ်ပုံ ၉ပုံပါဝင်မှာ ဖြစ်ပြီးတော့ ကိုယ်သဘောကျ နှစ်မြိုက်သလို ပြောင်းလဲ အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ Downloadအကြိမ်ရေပေါင်းလည်း များပြီ ဖြစ်တာကြောင့် သင့်အနေနဲ့ စမ်းသုံးကြည့်ဖို့တော့ လိုအပ်နေပါပြီ။

Ref: www.google.com

How-to


# Private Character Editorကို အသုံးပြုပြီးတော့ Fontတွေ ဖန်တီးမယ်

လင်းထက်


Font ပုံစံအများကြီးကို ကျွန်တော်တို့ လက်တွေ့မှာ စိတ်ကြိုက် ရွေးချယ်ဝယ်ယူပြီးဖြစ်စေ၊ Downloadရယူပြီး ဖြစ်စေ သုံးစွဲနိုင်နေပါတယ်။ ဒါပေမယ့် သင့်စိတ်အလိုကို အားလုံး ကိုက်ညီလောက်အောင်တော့ ဘယ် Fontကမှ တတ်နိုင်မှာ မဟုတ်ပါဘူး။ ဒါကြောင့်လည်း Windowမှာပါတဲ့ Private Character Editorကို အသုံးပြုပြီးတော့ ကိုယ့်စိတ်ကြိုက် Fontကို ဖန်တီးနိုင်မှာ ဖြစ်ပါတယ်။ ဒီနေရာမှာ Private Character Editorက အခုနောက်မှ ထွက်လာတဲ့ Softwareလားဆိုတဲ့ မေးခွန်းကို မေးချင်သူတွေ ရှိပါလိမ့်မယ်။ တကယ်တော့ Private Character Editorက ထွက်ရှိခဲ့တာ နှစ်ပေါင်းများစွာ ကြာနေပြီဖြစ်ပြီး ကျွန်တော်တို့နဲ့ မရင်းနှီးတာ ဖြစ်ပါတယ်။ သူ့ကို Logoနဲ့ Symbolတွေမှာ သုံးဖို့လိုအပ်တဲ့ Fontအသစ်တွေ ဖန်တီးဖို့အတွက် အသုံးများကြပါတယ်။

## Toolတွေ ရှာပါ

သင် အခုအသုံးပြုနေတဲ့ စက်မှာ Private Character Editorမရှိဘူးဆိုရင်တော့ သင်သုံးနေတဲ့ Windowsက Softwareတွေ မပြည့်စုံတာကြောင့်ဆိုတာအထူးပြောစရာမလိုတော့ပါဘူး။ Softwareတွေ မစုံဘူးဆိုတာ Windowsမှာ တစ်ခါတည်း ပါရမယ့် Softwareတွေ မစုံတာကို ဆိုလိုတာဖြစ်ပါတယ်။ တကယ်လို့ သင်ဟာ Windows8ကို အသုံးပြုနေတာဆိုရင်တော့ Windows keyကနေတစ်ဆင့် Privateဆိုတဲ့ စာသားကို ရိုက်ထည့် လိုက်တာနဲ့ Appတွေ တွေ့ရမှာ ဖြစ်ပြီးတော့ သင်လိုချင်တဲ့ Appကို ရွေးချယ်နိုင်မှာ ဖြစ်ပါတယ်။ Windows 7အတွက်ဆိုရင်တော့ System Toolsအပိုင်းထဲက Accessoriesအုပ်စုထဲမှာ ရှိနေပါလိမ့်မယ်။ (ပုံ-၁)




ကဲ ဆက်ရအောင်ဗျာ။ Gridထဲမှာ ပြထားတဲ့ထဲက နေရာလွတ်တဲ့ အကွက်တစ်ခုကို ရွေးချယ်ပြီးတော့ OKကို နှိပ်လိုက်ပါ။ (ပုံ-၂) ဒါဆိုရင် သင့်စိတ်ကြိုက် Fontကို ဖန်တီးနိုင်မယ့် အပိုင်းကို ဝင်ရောက်သွားပြီ ဖြစ်ပါတယ်။





## စိတ်ကြိုက်ဖန်တီးရအောင်


Private Character Editorမှာ သင် Fontတွေ ဖန်တီးတဲ့ နေရာတွေမှာ အသုံးပြုဖို့ အခြေခံလိုအပ်တဲ့ Toolတွေကို ထည့်သွင်းပေးထားတာ တွေ့ရပါတယ်။ ဒါပေမယ့် အဲဒီ Toolတွေကို အသားကျအောင် အသုံးပြုဖို့ကိုတော့ အချိန်နည်းနည်း ပေးရပါလိမ့်မယ်။ တကယ်လို့ သင့်အနေနဲ့ Toolတွေရဲ့ အကူအညီနဲ့ Fontတွေ မတည်ဆောက်ချင်ဘူး၊ ရှိပြီးသား Fontကိုပဲ ပြင်ချင်တယ်ဆိုရင် Window menuထဲကနေ Referenceကို ရွေးချယ်လိုက်ပါ။ (ပုံ-၃)




Referenceထဲ ရောက်သွားပြီဆိုရင် ကိုယ်သဘောကျတဲ့ Fontပုံစံတစ်ခုကိုရွေးချယ်ပြီးတော့ နမူနာ ကြည့်ပြီး ဖန်တီးနိုင်မှာပါ။ အဲဒီ Fontကိုတော့ သီးခြား Windowတစ်ခုနဲ့ ပြပေးပါလိမ့်မယ်။ ဒါပေမယ့် အဲဒီ Fontကိုပဲ Editing Windowဆီကို Copyလုပ်ပြီး ဖန်တီးမှုတွေ လုပ်ဆောင်နိုင်မှာ ဖြစ်ပါတယ်။ (ပုံ-၄)




အဲဒီအဆင့်ဆီ ရောက်ပြီဆိုရင်တော့ Toolတွေ အသုံးပြုပြီး သင့်စိတ်ကြိုက် ဖန်တီးနိုင်ပြီ ဖြစ်ပါတယ်။ Toolတွေရဲ့ အသုံးပြုပုံတွေကတော့ ကျွန်တော်တို့နဲ့ ရင်းနှီးပြီးသား ဖြစ်ပါလိမ့်မယ်။ ဒါပေမယ့် အထက်မှာ ကျွန်တော်ပြောတဲ့ Toolတွေကို အသားကျအောင် အသုံးပြုဖို့ အချိန်နည်း နည်းယူရမယ်ဆိုတာက Fontအသစ်ကို ဖန်တီးတဲ့ ကဏ္ဍအတွက်ပြောတာပါ။ အခုအပိုင်းကတော့ နမူနာယူပြီး ဖန်တီးတဲ့အပိုင်းဖြစ်လို့ အခက်အခဲ မရှိလှပါဘူး။ (ပုံ-၅)





## ရလာတဲ့ Characterကို Saveပြီး သုံးကြရအောင်

ကဲ ကျွန်တော်တို့တွေ ရှိပြီးသား Fontတစ်ခုကို ပြင်ပြီးပြီဆိုတော့ ကျေနပ်လောက်ပါပြီ။ ဒါပေမယ့် အဲဒီ Fontကို သုံးနိုင်ဖို့တော့ လုပ်ဆောင်ရဦးမှာပါ။ ဖန်တီးတဲ့အပိုင်း ပြီးပြီဆိုရင် File menuထဲက Font Linksကို ရွေးချယ်ပါ။ နောက်ပြီး Font Linksထဲက Link with all fontsကို Checkပေးပြီး OKကို ရွေးချယ်ပါ။ (ပုံ-၆)





ဒီနေရာမှာ သင်ဖန်တီးထားတဲ့ Fontကို Docတွေမှာ ထည့်သွင်း အသုံးပြုဖို့ နည်းလမ်းတွေ အများကြီးရှိပါတယ်။ ပထမဆုံး အနေနဲ့ Window's Character Mapမှာ ကိုယ့်ရဲ့ Fontရောက်ပြီလားဆိုတာ စစ်ဆေးရမှာ ဖြစ်ပါတယ်။ တကယ်လို့ Char Mapမှာ သင့် Fontရောက်နေပြီဆိုရင်တော့ အမြဲတမ်းအတွက် အသုံးပြုလို့ ရသွားပါပြီ။ (ပုံ-၇)




Ref: www.howtogeek.com

# TubeMateနဲ့ YouTube Videoတွေ ကြည့်မယ်




ရထား

YouTube ဆိုတာ အင်တာနက်ကနေ ရုပ်ရှင်ပေါင်းများစွာ၊ ဇာတ်လမ်း ပေါင်းများစွာ ကြည့်လို့ရတဲ့ Websiteတစ်ခုလို့ အင်တာနက် အသုံးပြုသူတိုင်း သိမှာပါ။ YouTube ကနေ ကိုယ်ကြည့်ချင်တဲ့ ဇာတ်လမ်းတွေ၊ သီချင်း MTVတွေ အသစ်ထွက် ဇာတ်လမ်းတွေကို တင်ပေးထားတဲ့ Websiteတစ်ခု၊ ကိုယ်ကြည့်ချင်တဲ့ ဇာတ်လမ်းတွေကို အင်တာနက်ရှိမှသာ ကြည့်လို့ရနိုင်မှာပါ။ ကိုယ်ကြိုက်တဲ့ သီချင်း MTV တစ်ခုကို သိမ်းထားချင်တယ် အင်တာနက်မရှိတဲ့အခါ ဖုန်းထဲမှာ ပြန်ကြည့်ချင်တယ်ဆိုရင် ဘယ်လိုလုပ်မလဲ။ ကွန်ပျူတာမှာဆိုရင်တော့ Download Managerနဲ့ Download လုပ်ထားလို့ရပါတယ်။ အခုက ဖုန်းထဲမှာဆိုတော့ Download Managerနဲ့ အဆင်မပြေဘူးလေ။ ဒါဆိုရင် ဖုန်းထဲမှာ YouTubeက ဇာတ်လမ်းတွေ၊ သီချင်းMTVတွေကို ဘယ်လိုရယူကြမလဲ။ Application တစ်ခုတော့ လိုပါတယ်။ သူက TubeMateလို့ခေါ်ပါတယ်။ အရင်ဆုံး Play Storeကနေ Downloadလုပ်လိုက်ပါ။ Installပြီးသွားပြီဆိုရင် TubeMateကိုဖွင့်လိုက်ပါ။

TubeMate Applicationက YouTubeဆီ တိုက်ရိုက်ရောက်သွားပါလိမ့်မယ်။ မြင်နေကြ YouTube Websiteကိုမြင်နေရပါပြီ။ ဒါဆိုရင် ကိုယ်ကြိုက်တဲ့ သီချင်း MTVတစ်ပုဒ်ကို အရင်ဆုံး Search နေရာမှာ ရှာလိုက်ပါ။ MTVတစ်ပုဒ် တွေ့သွားပြီဆိုရင် အရင်ဖွင့်လိုက်ပါ။ ဖွင့်လိုက်ပြီးရင် အောက်မှာ Play၊ Download Buttonကို တွေ့ပါလိမ့်မယ်။ Downloadလုပ်ချင်ရင်လုပ်၊ Playနှိပ်ပြီး ကြည့်ချင်ရင် ကြည့်လို့ရပါပြီ။ Downloadလုပ်ချင်ရင် Downloadကို နှိပ်ပြီး ကြိုက်တဲ့ File Formatနဲ့ Vedio Fileတွေကို သိမ်းထားလို့ရပါပြီ။ ဒီလိုဆိုရင် TubeMateနဲ့ ဖုန်းထဲကနေ YouTubeပေါ်က Vedio Fileတွေကို Down-loadနိုင်ပြီလို့ ထင်ပါတယ်။ အဆင်ပြေစွာ အသုံးပြုနိုင်ကြပါစေဗျာ။

# Best Ringtones Apk



ရထား

မိမိအသုံးပြုနေကြ RingToneတွေ ရိုးသွားပြီဆိုရင် RingToneတွေ လိုအပ်မယ်လို့ ထင်ပါတယ်။ ကိုယ်ကြိုက်တဲ့ RingToneတွေကို လိုက်ရှာနေစရာမလိုဘဲ တစ်နေရာထဲမှာ စုစည်းပေးထားပါတယ်။ Best Ringtones Apkလေးက RingToneအသစ်တွေပါတဲ့အပြင် ကိုယ်ကြိုက်တဲ့ RingToneတွေကိုပါ ရှာလို့ရပါတယ်။ Best Ringtonesကို Down လိုက်တာနဲ့ Ringtone ၇၀၊ ပါပြီးတဲ့အပြင် ကိုယ်ကြိုက်တဲ့ Ringtoneတွေကို ထပ်ရှာလို့ ရပါသေးတယ်။ 1 Mobile၊ Play Storeကနေ Download ရယူ အသုံးပြုနိုင်ပါပြီ။

Web Guide

## မြန်မာလို ဘာသာပြန်ပေးမယ်


http://www.myordbok.com

ဘာသာစကား (၂၄)မျိုးမှ စကားလုံးတွေကို မြန်မာဘာသာသို့ ပြန်ဆိုပေးနိုင်တဲ့ Online Dictionary ဝက်ဘ်ဆိုက်ပါ။ ယင်းဝက်ဘ်ဆိုက်မှာ Adminstrator တစ်ဦးအဖြစ် ပါဝင်ဖို့ စိတ်ဝင်စားသူတွေ အနေနဲ့ မြန်မာစာကို ဖတ်နိုင်၊ ရေးနိုင်ဖို့ပဲ လိုအပ်ပါတယ်လို့ ဝက်ဘ်ဆိုက်က ဆိုပါတယ်။ English, Hebrew, Greek, Portuguese, French, Dutch, Arabic, Spanishစတဲ့ နိုင်ငံတကာ ဘာသာစကား၊ Norwegian, Finnish, Romanian, Polish, Swedish, Danish, German, Russian စတဲ့ ဥရောပ ဘာသာစကားတွေနဲ့ Japanese, Chinese, Korean, Malaysia, Filipion, Vietnamese, Thai, Hindiစတဲ့ အာရှ ဘာသာစကားတွေကို မြန်မာဘာသာသို့ ပြန်ဆိုနိုင်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် Typing Speed စစ်ဆေးတာ၊ မြန်မာဖောင့် ရယူနိုင်တာတွေအပြင် များပြားလှတဲ့ အထွေထွေသုံး မြန်မာ အဘိဓာန်တွေကိုလည်း လေ့လာသုံးစွဲနိုင်မှာ ဖြစ်ပါတယ်။

## အပန်းဖြေ ကြည့်ချင်စရာလေးတွေ


http://vn247.net

ရယ်မော ပျော်ရွှင်စရာ အပန်းဖြေစရာ ဟာသတွေ ကြည့်ရှုနိုင်မယ့် အွန်လိုင်း ဖျော်ဖြေရေး ဝက်ဘ်ဆိုက် ဖြစ်ပါတယ်။ နှလုံးသားရေးရာ၊ ဘဝ နေထိုင်မှု၊ လူသားတွေ အကြောင်း၊ သူငယ်ချင်းတွေနဲ့ ပတ်သက်တဲ့ အထူးအဆန်း လေးတွေပါတဲ့ ဝက်ဘ် စာမျက်နှာ ကဏ္ဍ၊ အပန်းပြေစရာ သီချင်း၊ ဂိမ်း၊ ရုပ်ရှင်၊ အင်္ဂလိပ်စာအကြောင်း ပါဝင် Flash ဖိုင်ကဏ္ဍ၊ အားကစား၊ ရုပ်ရှင်၊ လူကြိုက်များ ပြကွက်တွေ ပါဝင်တဲ့ ရုပ်ရှင် ကဏ္ဍ၊ သက်ဝင် လှုပ်ရှားပုံတွေ၊ ချာတူးလန် ပုံတွေ၊ ကွန်ပျူတာ၊ ကျောင်းသား၊ ကလေး၊ တိရစ္ဆာန်၊ အားကစားစတဲ့ ရယ်စရာပုံတွေ ပါဝင်တဲ့ ဓာတ်ပုံကဏ္ဍ၊ ရုပ်ရှင် မင်းသား မင်းသမီး၊ အဆိုတော်၊ မော်ဒယ်လ်တွေစတဲ့ မျက်စေ့ အစာကျွေးစရာ ကဏ္ဍလေးတွေ ပါရှိပါတယ်။

## သတင်းများ စုစည်းရာ


http://www.yoyarlay.com

သတင်းများ စုစည်း ဖော်ပြထားတဲ့ ရိုးရာလေး အွန်လိုင်း ဝက်ဘ်ဆိုက်ပါ။ နိုင်ငံရေး၊ ဘာသာရေး၊ ပညာရေး၊ မှုခင်းစတဲ့ ပြည်တွင်းသတင်းတွေ၊ မြန်မာ့ စီးပွားရေး၊ ကမ္ဘာ့ စီးပွားရေး၊ ဈေးကွက်စတဲ့ စီးပွားရေး သတင်း၊ အရှေ့ အလယ်ပိုင်း၊ ဥရောပ၊ အမေရိက၊ အာရှ၊ အာဖရိကစတဲ့ နိုင်ငံတကာ သတင်းတွေ၊ အနုပညာ၊ အင်တာဗျူး၊ ရုပ်ရှင်၊ သီချင်း၊ ဖက်ရှင်၊ ထူးဆန်းထွေလာစတဲ့ ဖျော်ဖြေရေး သတင်းတွေ၊ ဘောလုံး၊ တင်းနစ်၊ ဂေါက်ဖ်၊ လက်ဝှေ့စတဲ့ အားကစား သတင်းတွေ၊ မိုဘိုင်းဖုန်း၊ ကွန်ပျူတာ၊ တီထွင် ဆန်းသစ်မှုများ၊ ဂိမ်း မိတ်ဆက်စတဲ့ သိပ္ပံနှင့် နည်းပညာ၊ ကဗျာ၊ ဝတ္ထုတို၊ ဗေဒင်စတဲ့ စာအုပ်စင် ကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ အတွေးအမြင် ကဏ္ဍတွေ ပါရှိတဲ့အပြင် အကြောင်းအရာတွေနဲ့ ပတ်သက်လို့ ဝေဖန် အကြံပြုချက်တွေလည်း ပေးနိုင်မှာ ဖြစ်ပါတယ်။

## လက်တော့ ကွန်ပျူတာအတွက်


http://www.laptop-software.com

မိမိလိုအပ်တဲ့ မည်သည့် လက်ပ်တော့ ဆော့ဖ်ဝဲ အမျိုးအစားမဆို၊ Driver မျိုးစုံ ရရှိနိုင်မယ့် နေရာလေးပါ။ A Note, ABS, Acer, ASUS, Axioo, BenQ, Byon, Camera Driver, CCE, ChemBook, Clevo, Compaq, Dell, Epson, Firmware, Fujitsu, Gateway, Haier, Hasee, HP, IBM/Lenovo, Laptop Battery, (Webcam, Modem, Network) Driver, LG, MSI, NEC, Panasonic, Samsung, Sharp, Sony, TOSHIBA, Wirelessစတဲ့ လက်ပ်တော့ တံဆိပ်မျိုးစုံ၊ ကွန်ပျူတာ ချိတ်ဆက် အသုံးပြုပစ္စည်းတွေရဲ့ Driver ဆော့ဖ်ဝဲမျိုးစုံ ဒေါင်းလုပ် ရယူအသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ မှန်ကန်တဲ့ Driver ဆော့ဖ်ဝဲ ရှာဖွေနည်းတွေ လမ်းညွှန်ပေးထားပြီး Windows System အတွက် OS Driverတွေ ရယူနိုင်မှာဖြစ်တဲ့အပြင် အခမဲ့နည်းပညာဖြင့် ဆော့ဖ်ဝဲ အသစ်၊ အကောင်းဆုံး Driverတွေ ဖြစ်တယ်လို့ ဆိုထားပါသေးတယ်။

## ဖေ့စ်ဘုတ်သုံး Symbolလေးများ


http://fsymbols.com

နေ့စဉ် အသုံးပြုနေကြတဲ့ လူမှုကွန်ယက် ဝက်ဘ်ဆိုက် ဖေ့စ်ဘုတ်မှာထည့်သွင်း အသုံးပြုနိုင်တဲ့ Symbol သင်္ကေတလေးတွေ အကြောင်း ဖော်ပြထားတဲ့ ဝက်ဘ်ဆိုက်ပါ။ ယူနီကုဒ် စနစ်သုံး အထူးစာလုံး အများအပြား ပါဝင်ပြီး တရုတ်စာလုံး အမှတ်အသားတွေ၊ ငြိမ်းချမ်းရေး သင်္ကေတ စတာတွေလည်း ပါရှိပါတယ်။ ယင်းတို့ကို Text Emotion အနေဖြင့် ဖေ့စ်ဘုတ်မှာ ထည့်သွင်း အသုံးပြုနိုင်မှာဖြစ်ပြီး တခြား ဝက်ဘ်ဆိုက်တွေမှာ HTML အဖြစ်နဲ့ ထည့်သွင်း ချင်သူတွေအနေနဲ့ http://text-symbols.com/tools/escape-charsမှာ သင်္ကေတတွေကို HTMLအဖြစ် ပြောင်းလဲနိုင်မှာ ဖြစ်ပါတယ်။ Linux, Mac, Windowsမှာ အသုံးပြုနိုင်တဲ့ Character Map သင်္ကေတတွေ၊ ကွန်ပျူတာသုံး သင်္ကေတတွေ၊ ဖေ့စ်ဘုတ် အသုံးပြု သင်္ကေတတွေ၊ ကီးဘုတ် သင်္ကေတတွေ၊ မိုင်စပေ့ သင်္ကေတတွေ၊ စကားလုံး အနုပညာ သင်္ကေတတွေကို ရယူ၊ ဖန်တီး ပြုလုပ် အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။

## Dota ခုတ်မယ်


http://www.mmdota.com

ဒိုတာ ဂိမ်းကစားသူတွေ စုဝေးတဲ့ နေရာတစ်ခုဖြစ်တဲ့ မြန်မာ ဝက်ဘ်ဆိုက် ဖြစ်ပါတယ်။ ဒိုတာဂိမ်းနဲ့ ပတ်သက်တဲ့ ဗီဒီယိုဖိုင်တွေ၊ ဓာတ်ပုံတွေ ကြည့်ရှုနိုင်မှာ ဖြစ်ပြီး ဂိမ်း အသင်းအဖွဲ့တွေမှာလည်း ပါဝင် ဆွေးနွေး လုပ်ဆောင်နိုင်မှာ ဖြစ်ပါတယ်။ ဂိမ်းကစားချင်သူတွေ အနေနဲ့ မြန်မာ ဒိုတာဂိမ်း၊ Warcraft Frozen Throne ဂိမ်းဗားရှင်း အမျိုးမျိုးကို တောင်းနိုင်၊ ဒေါင်းနိုင်မှာ ဖြစ်တဲ့အပြင် အွန်လိုင်းမှာ ဒိုတာဂိမ်း ကစားနည်းတွေ၊ ဂိမ်း ကီးဖိုင်တွေကိုလည်း ရယူနိုင်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် မိမိ သိရှိထားတဲ့ ဒိုတာ ဂိမ်းကစားနည်း နည်းဗျူဟာတွေကို ဝေမျှနိုင်မှာ ဖြစ်ပြီး လျှို့ဝှက်ချက်နဲ့ သိစရာ အချက်အလက်တွေကို သိရှိရမှာ ဖြစ်သလို ဒိုတာဂိမ်း ကစားနည်း ကျွမ်းကျင်သူတွေကတော့ ဝက်ဘ်ဆိုက်မှာ ဖော်ပြထားတဲ့ ပြိုင်ပွဲ နေ့ရက်တွေမှာ ပါဝင် အစွမ်းပြနိုင်မှာ ဖြစ်ပါတယ်။

APT တင်ဆက်သည်။



အိုင်စီတီ ဂျာနယ်
Volume 2, Issue 19
MYANMAR ICT JOURNAL

# ကမ္ဘာ့ဈေးအသက်သာဆုံး ကားများ

မင်းခန့်

ကမ္ဘာ့ကားဈေးကွက်မှာ ဈေးအသက်သာဆုံး လေးဘီးကားတွေ အကြောင်းကို အကျဉ်းချုပ် ဖော်ပြပေးလိုက်ပါတယ်။ ဒီကားတွေဟာ တန်ကြေးနည်းကားတွေလို့ ဆိုပေမယ့် စွမ်းဆောင်ရည်နဲ့ အားသာချက်တွေကတော့ တခြားကားတွေနဲ့ သိပ်မကွာလှတာကြောင့် ဈေးကွက်ခိုင်မာတဲ့ ကားတွေလည်း ဖြစ်ပါတယ်။

## Tata Nano

ကမ္ဘာ့ကားဈေးကွက်မှာ ဈေးအသက်သာဆုံး ကားဖြစ်ပါတယ်။ ရှေ့အင်ဂျင် အထိုင် စနစ်ဖြစ်ပြီး ခရီးသည် လေးယောက်စီး ဖြစ်ပါတယ်။ တန်ကြေးက ဒေါ်လာ ၃၀၅၆ဖြစ်ပြီး ၂၀၁၁ခုနှစ် မတ်လအထိ ကားအစီးရေ ၈၇၀၇ စီးရောင်းချနိုင်ပြီ ဖြစ်ကြောင်း သိရပါသည်။ အားသာချက်ဖြင့် မြို့တွင်းစီးကားအဖြစ် သင့်တော်ခြင်း၊ အရွယ်အစား သေးငယ်ခြင်းနှင့် ထိုင်ခုံနေရာ ဖွဲ့စည်းမှုကောင်းခြင်းတို့ ဖြစ်ပါတယ်။ ဆီစားနှုန်း သက်သာပြီး၊ ဆီတစ်လီတာကို ၂၃ကီလိုမီတာ ပျမ်းမျှ စီးနင်းနိုင်မှာ ဖြစ်ပါတယ်။ နှစ်လုံးထိုး အင်ဂျင် တပ်ဆင်ပါရှိပြီး အမြန်ဆုံး မောင်းနှင်နိုင်မယ့် နှုန်းက တစ်နာရီ ကီလိုမီတာ ၁၀၅ ဖြစ်ပါတယ်။







## Chery QQ

တရုတ်နိုင်ငံ အခြေစိုက် Chery Automobileက ၂၀၀၃ခုနှစ် အတွင်းမှာ စတင် ထုတ်လုပ်ခဲ့တာ ဖြစ်ပြီး တန်ကြေးက ဒေါ်လာ ၄,၇၈၁ ဖြစ်ပါတယ်။ တံခါးငါးပေါက် စနစ်ဖြစ်ပြီးတော့ ဂီယာ (၅)ချက်သုံးကား တစ်စီးဖြစ်ပါတယ်။ ၂၀၁၀ခုနှစ်က Chery QQဟာ Best Chinese Brandကိုတောင် ရရှိခဲ့ပါတယ်။




## Maruti Suzuki 800

၂၀၀၄ခုနှစ်အထိ အိန္ဒိယဈေးကွက်မှာ Marutiဟာ ပြိုင်ဘက်မရှိ အောင် အောင်မြင်ခဲ့တဲ့ ကားဖြစ်ပါတယ်။ ၁၉၈၄ခုနှစ်က စတင်ထုတ် လုပ်ခဲ့တာ ဖြစ်ပြီးတော့ အစီးရေ ၂.၉ သန်းကျော် ရောင်းချခဲ့ရပြီလို့ သိရပါတယ်။ တန်ကြေးက ဒေါ်လာ ၄,၉၉၄ဖြစ်ပြီးတော့ တံခါး(၅) ပေါက် စနစ်ဖြစ်ပြီး 796 ccအင်ဂျင်ကို တပ်ဆင်ထားပါတယ်။



## Geely MR

၂၀၀၀ခုနှစ်က စပြီး တရုတ် အခြေစိုက် Geely Automobileက ထုတ် လုပ်ရောင်းချခဲ့တာ ဖြစ်ပြီး Sedanနဲ့ ဆင်တူတဲ့ တံခါးငါးပေါက်ပါတဲ့ ကားတစ်စီး ဖြစ်ပါတယ်။ တန်ကြေးက ဒေါ်လာ ၅၅၀၀ဖြစ်ပြီးတော့ ၁.၃ လီတာသုံးနဲ့ ၁.၅ လီတာသုံး အင်ဂျင်နှစ်မျိုးအဖြစ် ဈေးကွက်တင် ထားတာ တွေ့ရပါတယ်။



## Gelly HQ SRC

Gelly Automobileထုတ် မော်ဒယ်ကွဲ ကားတစ်မျိုးဖြစ်ပြီး Daihastu Charadeရဲ့ ၁၉၈၀ ခုနှစ် မော်ဒယ်ကို ပုံစံယူပြီး ထုတ်လုပ် ထားတယ်လို့ ဆိုပါတယ်။ ခရီးသည် (၅)ယောက် လိုက်ပါနိုင်ပြီး၊ လေးလုံးထိုး အင်ဂျင် အသုံးပြု တပ်ဆင်ထားတာ တွေ့ရပြီး တန်ကြေးက ဒေါ်လာ ၅,၇၈၀ ဖြစ်ပါတယ်။



## Chery A-1

Chery Automobileထုတ် ကားတစ်စီး ဖြစ်ပြီးတော့ တံခါး (၅)ပေါက် ပါရှိပါတယ်။ မော်ဒယ်ခွဲ သုံးမျိုးနဲ့ ဈေးကွက်ဝင်တာ တွေ့ရပြီးတော့ Standard, Comfortableနဲ့ Luxuryတွေ ဖြစ်ပါတယ်။ 1279ccသုံး အင်ဂျင် တပ်ဆင်ထားတာ တွေ့ရပြီးတော့ တန်ကြေးက ၇,၃၄၀ ဒေါ်လာ ဖြစ်ပါတယ်။



## Tata Indica

Tata Motorsထုတ် မော်ဒယ်တစ်ခု ဖြစ်ပြီးတော့ အစီးရေ တစ်သောင်း နီးပါး ရောင်းချနိုင်ခဲ့ပြီလို့ သိရပါတယ်။ ခရီးသည် (၄)ယောက်စီးကား ကောင်း တစ်စီး ဖြစ်ပြီးတော့ တန်ကြေးက ဒေါ်လာ ၈,၅၀၀ ဖြစ်ပါ တယ်။



## Hyundai i10

Hyundai Chennaiက ထုတ်လုပ်ခဲ့တာ ဖြစ်ပြီးတော့ ၂၀၀၇ ခုနှစ် အောက်တိုဘာလ ၃၁ ရက်နေ့က ဈေးကွက် တင်ခဲ့တာ ဖြစ်ပါတယ်။ တံခါးပေါက် ငါးပေါက် ပါရှိပြီး ၁.၁ လီတာ သုံး အင်ဂျင် တပ်ဆင်ပါရှိပြီး ဂီယာ ၅ချက်သုံး စနစ်ဖြစ်ကာ တန်ကြေးက ဒေါ်လာ ၉,၀၉၆ ဖြစ်ပါ တယ်။



## Fiat Palio


အီတလီအခြေစိုက် Fiatရဲ့ ရောင်းအားအကောင်းဆုံး ကားမော်ဒယ် တစ်မျိုး ဖြစ်ပါတယ်။ အထူးသဖြင့် ဘရာဇီး၊ အာဂျင်တီးနား၊ အိန္ဒိယ၊ တူရကီ၊ တောင် အာဖရိကနဲ့ တရုတ်နိုင်ငံတွေမှာ အောင်မြင်မှု ရခဲ့တယ် ဆိုပါတယ်။ တံခါးလေးပေါက် စနစ်ဖြစ်ပြီးတော့ တန်ကြေးက ၉၂၄၂ ဒေါ်လာ ဖြစ်ပါတယ်။



## Renault Logan

၂၀၀၄ ခုနှစ် စက်တင်ဘာလက ဈေးကွက်တင်ခဲ့တာ ဖြစ်ပြီးတော့ ပြင်သစ် အခြေစိုက် Renaultနဲ့ ရိုမေးနီးယား အခြေစိုက် Daciaတို့ ပူးပေါင်းထုတ်လုပ်တာ ဖြစ်ပါတယ်။ လေးလုံးထိုး အင်ဂျင်သုံး ဖြစ်ပြီး တော့ မြင်းကောင်ရေ ၇၅ကောင်အား ထုတ်ပေးနိုင်ပြီး တန်ကြေးက ဒေါ်လာ ၉,၄၇၇ ဖြစ်ပါတယ်။


## Soft Guide



### Auto Wallpaper Fetcher + Changer

အရွယ်အစား - 920 KB
ဝက်ဘ်ဆိုက် - http://ajaybnl.co.nr
တွဲသုံးနိုင်သည့်စနစ် - Windows XP/Vista/7


Wallpaperတွေ အလိုအလျောက် ဒေါင်းလုပ် ဆွဲယူ အသုံးချပေးမယ့် ဆော့ဖ်ဝဲ ဖြစ်ပါတယ်။ ဒေါင်းလုပ် ဆွဲဖို့ရာ ပုံနဲ့တကွ ပြသထားတဲ့ ထောင်နဲ့ချီရှိတဲ့ Wallpaper အမျိုးအစားထဲက တစ်ခုကို အရင် ရွေးချယ်ပေးရန် လိုအပ်ပြီး ဒေါင်းလုပ် ဆွဲယူပြီးတဲ့ အခါမှာတော့ ကွန်ပျူတာမှာ အသုံးပြုချင်တဲ့ အချိန်ကို သတ်မှတ် ပေးထားနိုင်မှာ ဖြစ်ပါတယ်။




### Just Color Picker

အရွယ်အစား - 98.6 KB
ဝက်ဘ်ဆိုက် - http://www.annystudio.com
တွဲသုံးနိုင်သည့်စနစ် - Windows 2000/XP/Vista/7 (32-Bit/64-Bit)

ဝက်ဘ် ဒီဇိုင်နာ၊ ဓာတ်ပုံသမား၊ ဂရပ်ဖစ် ဒီဇိုင်နာ၊ ဒီဂျစ်တယ် အနုပညာရှင်တွေအတွက် အသုံးဝင်မယ့် Portable အရောင် ဆော့ဖ်ဝဲ ဖြစ်ပါတယ်။ HTML, RGB, HEX, HSB/HSVနဲ့ HSL အရောင်စနစ်တွေ အသုံးပြုနိုင်မှာ ဖြစ်ပြီး ယူသုံးချင်တဲ့ အရောင်ကို မှန်ဘီလူးနဲ့ 3x, 9x, 15xအထိ ဆွဲယူကြည့်ရှုနိုင်မှာ ဖြစ်ပါတယ်။ ကာလာတွေကို သိမ်းဆည်းပြီး ပြန်လည် ရယူနိုင်မှာ ဖြစ်သလို အရောင် ပေါင်းစပ်ဖို့အတွက် Color Wheelတွေ၊ Color Editor, HTML, RGB, Hex အရောင်ကုဒ်တွေကို ကူးယူ အသုံးချနိုင်မှာ ဖြစ်ပါတယ်။



### Converseen

အရွယ်အစား - 9.80 MB
ဝက်ဘ်ဆိုက် - http://converseen.sourceforge.net
တွဲသုံးနိုင်သည့်စနစ် - Windows XP/Vista/7

ပုံဖိုင် အမျိုးအစား Formatနဲ့ ဖိုင်အရွယ်အစား Size ပြောင်းလဲ လျှော့ချပေးနိုင်မယ့် ဆော့ဖ်ဝဲ ဖြစ်ပါတယ်။ C++ Languageနဲ့ ရေးဆွဲထားတဲ့ ဒီဆော့ဖ်ဝဲဟာ ဓာတ်ပုံဖိုင်တွေကို အကန့်အသတ်မရှိ အရွယ်အစား လျှော့ချနိုင်၊ ဖိုင်အမျိုးအစား ပြောင်းလဲပေးနိုင်ပြီး ကလစ် တစ်ချက်တည်းနဲ့တင် DPX, EXR, GIF, JPEG, JPEG-2000, PDF, PhotoCD, PNG, Postscript, SVG, TIFFစတဲ့ ဖိုင်ဖောမက်တွေသို့ ပြောင်းလဲပေးနိုင်မှာ ဖြစ်ပါတယ်။

APT တင်ဆက်သည်။

# Samsungက Galaxy S4သုံး Appအတွက် ဒေါ်လာ ၈၀၀,၀၀၀ ပေးမည်



Image Credit: www.topnews.in

မင်းခန့်

Samsungက သူ့ရဲ့ နောက်ဆုံးထုတ် Galaxy S4ဖုန်းမှာ အသုံးပြုဖို့အတွက် လက်ရှိ အဆိုပါ Smart Phoneမှာ ပါရှိတဲ့ Appတွေထက် ကောင်းမွန်တဲ့ Appကို တီထွင်နိုင်တဲ့ မည်သူ့ကိုမဆို ဒေါ်လာ ၈၀၀,၀၀၀ ပေးအပ်သွားမယ်လို့ Android Developerတွေဆီ ပြောကြားလိုက်ပါတယ်။ ၂၀၁၃ ခုနှစ်ရဲ့ Smart App Challengeလို့ တင်စားခေါ်ဝေါ်နေတဲ့ အဆိုပါ ကြေညာချက်ကို ပြီးခဲ့တဲ့ တနင်္လာနေ့က ကြေညာခဲ့တာ ဖြစ်ပါတယ်။ အဆိုပါ ပြိုင်ပွဲကို လာမည့် ဇွန်လ ၂၀ရက်နေ့ကနေ ဩဂုတ်လ ၃၁ ရက်နေ့အထိ သတ်မှတ်ထားပြီး ကမ္ဘာတစ်ဝှမ်းမှာ ရှိနေတဲ့ Developerတိုင်း ဝင်ရောက်ယှဉ်ပြိုင်နိုင်တယ်လို့ ဆိုပါတယ်။ ပြိုင်ပွဲပြီးဆုံးချိန်မှာ Samsungက ဆုရရှိသူ ၁၀ ဦးအား ရွေးချယ်မှာ ဖြစ်ပြီးတော့ စုစုပေါင်း ဆုကြေးငွေ ဒေါ်လာ ၈၀၀,၀၀၀ကို ချီးမြှင့်သွားမယ်လို့ ဆိုပါတယ်။ ပထမဆုရရှိသူအနေနဲ့ ဆုကြေးငွေ ဒေါ်လာ ၂၀၀,၀၀၀ ရရှိမှာ ဖြစ်ပြီးတော့ Runner-upဆု ရရှိကတော့ ဒေါ်လာ ၁၀၀,၀၀၀ရရှိမှာ ဖြစ်ကာ ကျန်ဇကာတင် သူများကတော့ ဒေါ်လာ ၅၀,၀၀၀ဆီ ရရှိမှာ ဖြစ်တယ်လို့ သိရပါတယ်။ အကဲဖြတ် လုပ်ငန်းများအား အောက်တိုဘာလနှင့် နိုဝင်ဘာလများအတွင်း အကဲဖြတ်ဆုံးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်းနှင့် ဆုရရှိသူများ စာရင်းအား ဒီဇင်ဘာလအတွင်း ကြေညာပေးသွားမည် ဖြစ်ကြောင်းလည်း ဆိုပါတယ်။ "Galaxy Seriesတွေ အတွက် ပိုမိုကောင်းမွန် ဆန်းသစ်တဲ့ Appတွေ ထွက်ပေါ်လာဖို့ Mobile Developerတွေကို Samsungက အားပေးသွားမှာပါ"ဟု Samsungရဲ့ သတင်းပြန်ကြားရေးဌာန ဥက္ကဌဖြစ်သူ Mr. Won-Pyo Hongက ပြောပါတယ်။ "Samsung Smart App Challengeက အသစ်ထွက်လာမယ့် Appတွေကြောင့် Galaxy S4 သုံးစွဲသူတွေအတွက် App ရွေးချယ်အသုံးပြုနိုင်မှုတွေ တိုးပွားလာမှာ ဖြစ်ပြီး အတွေ့အကြုံသစ်တွေ ရရှိစေပါလိမ့်မယ်"လို့ ၎င်းက ဆက်လက် ပြောကြားခဲ့ပါတယ်။ ပြိုင်ပွဲမှ အသစ်ထွက်ရှိလာမည့် Appများအား English ဘာသာစကားဖြင့် အသုံးပြုနိုင်အောင် ဖန်တီး ထုတ်လုပ်သွားမည် ဖြစ်ပြီး ၂၀၁၄ခုနှစ် မေလ ၁ရက်နေ့တွင် စတင်ရောင်းချသွားမည် ဖြစ်ကြောင်း သိရပါတယ်။ အဆိုပါ ပြိုင်ပွဲအား စိတ်ပါဝင်စားသူများ အနေဖြင့် လာမည့် ဇွန်လ ၂၀ ရက်နေ့မှ စတင်ကာ App Challenge Webisteတွင် Sing Upပြီး Register လုပ်နိုင်ကြောင်း သိရပါသည်။

Ref: www.pcmag.com



အိုင်စီတီ ဂျာနယ်
Volume 2, Issue 19
MYANMAR ICT JOURNAL

ယခင်အပတ်မှ အဆက်

# Android ဆိုတာ...

မင်းခန့်






## ကြားခံအဖြစ် ဆောင်ရွက်ပေးမှု

Androidရဲ့ ကြားခံအဖြစ် အသုံးပြုခြင်းက တိုက်ရိုက်တွက်ချက်ဆောင်ရွက်မှု အဖြစ်နဲ့ ဆောင်ရွက်ပေးတာဖြစ်ပါတယ်။ အကြောင်းကတော့ Touch-screenစနစ်ကို အသုံးပြုတာကြောင့် Keypadတွေလို ခလုတ်တွေကတစ်ဆင့် Commandတွေ အလုပ်လုပ်စရာ မလိုတော့ပါဘူး။ Androidတွေရဲ့ အခြေခံ လုပ်ဆောင်မှုက PCတွေမှာလိုပဲ Home-screen အပေါ်မှာ မူတည်တာ တွေ့ရပါတယ်။ ပြီးတော့ သူ့ရဲ့ Home-screenက App iconsနဲ့ Wodgetsတွေကို သုံးပြီး တည်ဆောက်ထားတာ တွေ့ရပါတယ်။ Appတွေကတော့ တစ်စုတစ်ဝေးတည်း ဖြစ်



အောင် အတတ်နိုင်ဆုံး စုစည်းထားတာ တွေ့ရပြီး၊ Widgetsဆိုတာကတော့ တစ်ပြေးညီ ပြောင်းလဲနေတဲ့ Auto Appတစ်ခု ဖြစ်ပါတယ်။ တစ်ပြေးညီ ပြောင်းလဲပေးနေ တယ်ဆိုတာကလည်း Email အဝင်တွေ၊ ရာသီဥတု ခန့်မှန်းချက်လိုအရာမျိုးတွေ၊ ပြီးတော့ လိုင်းရဲ့ စွမ်းအားပြပေးနေတဲ့ Sensorတွေက Widgetတွေ ဖြစ်ပါတယ်။ နောက်ပိုင်းမှာ Appတွေ အများကြီး ထွက်လာတဲ့ အတွက် ဖုန်းတွေမှာလည်း Home Pageတွေ အများကြီး ထည့်သွင်းတည်ဆောက်လာတာ တွေ့ရပါတယ်။ အဲဒီ နောက်ထွက် Appအများစုဟာ Google Playမှာ စုစည်းထားရှိပြီး၊ ကိုယ်တိုင်ရွေးချယ် အသုံးပြုနိုင်သလို အချို့နေရာတွေမှာလည်း ဝန်ဆောင်မှုအဖြစ်နဲ့ ဖုန်းဆိုင်တွေကနေ လိုချင်တဲ့ Appတွေကို တစ်ခါတည်း ထည့်ပေးတာတွေ ရှိပါတယ်။

နောက်တပ် တစ်ခုကတော့ ဖုန်းတွေမှာ Statusbar (အခြေအနေပြဇယား)ပါရှိတာပဲ ဖြစ်ပါတယ်။ Statusbarရဲ့ အလုပ်ကတော့ သက်ဆိုင်ရာ ပစ္စည်းရဲ့ အကြောင်းကို ဖော်ပြပေးဖို့နဲ့ ချိတ်ဆက်ထားရှိမှုကို အချိန်တိုင်း ပြသပေးနေဖို့ပါပဲ။ အားလုံး သိပြီးသားအတိုင်း ချိန်ဆက်ထားရှိမှု အပိုင်းကိုတော့ လိုင်းတုံးလေးတွေနဲ့ ဖော်ပြပေးပြီးတော့ ပစ္စည်းရဲ့ အကြောင်းကို ဖော်ပြတဲ့ နေရာမှာတော့ ဘက်ထရီအား ဘယ်လောက်ကျန်သေးတယ်၊ Message အသစ်ရောက်တယ်၊ Bluetooth ဖွင့်ထားတယ် စတဲ့ သက်ဆိုင်ရာ လုပ်ငန်းစဉ်တွေကို ဖော်ပြပေးတာကို ဆိုလိုတာ ဖြစ်ပါတယ်။

## အသုံးချအရာများ

Androidဆိုတာက တယ်လီဖုန်းလောကမှာ တတိယမြောက် မျိုးဆက်မှာ ပေါက်ဖွားလာတဲ့ Operating System တစ်မျိုးဖြစ်ပါတယ်။ သူ့မှာ ကျွန်တော်တို့ လိုအပ်တဲ့ App-lication(အသုံးချအရာ)တွေကို Google Play, Amazon Appstoreနဲ့ အခြားသော Appတွေရှိတဲ့ နေရာတွေကနေ ရယူသိမ်းဆည်း သုံးစွဲနိုင်မှာ ဖြစ်ပါတယ်။ ဒါပေမယ့် တစ်ခုရှိတာက အဲဒီ Appတွေကို တီထွင်တဲ့ လူရဲ့ သဘောအတိုင်း အခမဲ့ ရယူနိုင်မလား ငွေပေးဝယ်ရမှာလား ဆိုတာတွေတော့ သတ်မှတ်ချက်တွေ ရှိပါတယ်။ ထို့နည်းတူစွာပဲ အဲဒီ Appတွေကို တစ်ကမ္ဘာလုံးမှာ သုံးစွဲနိုင်မလား၊ တချို့နိုင်ငံ၊ တချို့နေရာတွေမှာပဲ သုံးစွဲနိုင်မလားဆိုတဲ့ ကန့်သတ်ချက်တွေလည်း ရှိတတ်ပါတယ်။ တကယ်လို့ ငွေနဲ့ပေးဝယ်ရတဲ့ Appတွေကိုတော့ ကိုယ်အနေနဲ့ ဝယ်ယူ သုံးစွဲမယ်ဆိုရင် သက်ဆိုင်ရာ Website မှာ ဝင်ရောက်ဝယ်ယူနိုင်မှာ ဖြစ်ပြီးတော့ ကုန်ကျစရိတ်ကိုတော့ ကိုယ့်ဖုန်းထဲကနေ အလိုအလျောက် ထုတ်ယူသွားမှာ ဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ် စက်တင်ဘာလအထိ စာရင်းဇယားများအရ Androidအတွက် App ပေါင်း ၆၇၅,၀၀၀ကျော် တီထွင်အသုံးပြုနိုင်နေပြီ ဖြစ်ပြီးတော့ Google Playကနေပဲ Downloadလုပ်တဲ့ အကြိမ်အရေအတွက်ပေါင်း ၂၅ ဘီလီယံကျော် ရှိတယ်လို့ သိရပါတယ်။

Applicationတွေကို ရေးသား ဖန်တီးတဲ့နေရာမှာ Java ဘာသာစကားကို အသုံးပြုပြီးတော့ Android Software Development Kit(SDK)နဲ့ ရေးကြပါတယ်။ SDKမှာ Appတွေ ရေးသားရာမှာ အကောင်းဆုံးနဲ့ အလွယ်ကူဆုံး လုပ်ဆောင်ပေးနိုင်မယ့် Tool အစုအဝေးတွေ ပါရှိပါတယ်။ လူသိများတဲ့ Toolတွေကတော့ Debugger, Software libraries, QEMU အခြေခံသော Handset Emulator, Documentation, Sample Codeနဲ့ Tutorialsတွေ ဖြစ်ပါတယ်။ နောက်ပြီး C ဒါမှမဟုတ် C++တွေနဲ့လည်း ရေးနိုင်ပါသေးတယ်။ ဒါပေမယ့် လူသုံးတော့ နည်းပါတယ်။

## စနစ်ဖွံ့ဖြိုးလာမှု

Androidစနစ် ဖွံ့ဖြိုးလာမှုဟာ Googleရဲ့ မူပိုင်အဖြစ်နဲ့ပဲ ဖြစ်ပြီးတော့ သူ့ရဲ့ ထွက်သမျှသော Version တွေက ဈေးကွက်မှာ တင်ထားပြီး ဖြစ်ပါတယ်။ ဒါ့အပြင် Open Source အဖြစ်နဲ့ ရောင်းချတာ ဖြစ်တဲ့အတွက် သူ့ရဲ့ Codeတွေကို လူတိုင်းစိတ်ကြိုက် ဝယ်ယူ သုံးစွဲနိုင်မှာ ဖြစ်ပါတယ်။

## မှတ်ဉာဏ်ထိန်းချုပ်မှု

Android ပစ္စည်းတွေဟာ ဘက်ထရီစွမ်းအင် စနစ်သုံး ပစ္စည်း ဖြစ်တာကြောင့် မှတ်ဉာဏ် ထိန်းချုပ်မှု အပိုင်းကို စွမ်းအင်အသုံး ချမှု အနည်း ဆုံး ဖြစ်အောင် ဖန်တီးထားတာတွေ့ ရပါတယ်။ အကြောင်းကတော့ ကျွန်တော်တို့ ဖုန်းကို Stand-byအဖြစ်နဲ့ ထားတဲ့အချိန်မှာရော Power Offထားတဲ့ အချိန်မှာရော အနည်းဆုံးတော့ အချိန်နာရီစနစ်က အလုပ်လုပ်နေသေးတာကြောင့် စွမ်းအင်အသုံးချမှု နည်းအောင် ဖန်တီးနိုင်မှသာ တော်ရာကျမှာဖြစ်တဲ့အတွက်ပါ။ နောက်ပြီး Androidတွေက Appတွေကို သိမ်းဆည်းမှု အပိုင်းမှာရော အလုပ်လုပ်မှု အပိုင်းတွေကိုပါ အလိုအလျောက် မှတ်သား လုပ်ကိုင်ပေးပါတယ်။ တကယ်လို့ Memoryဟာ နေရာလွတ်နည်းလာပြီဆိုရင် ကိုယ်မသုံးတာကြာပြီဖြစ်တဲ့ Appတွေကို အလိုအလျောက် ပိတ်ပစ်တာ၊ ဖယ်ထုတ်ပစ်တာတွေ လုပ်ဆောင်ပေးပါတယ်။ ဒါက Androidတွေရဲ့ အားသာချက် တစ်ခုလို့ ဆိုနိုင်ပြီးတော့ သုံးစွဲသူတွေက ကိုယ်တိုင် Appတွေကို ဖျက်ရတဲ့ လုပ်ငန်းစဉ်တွေ လုပ်ဖို့ မလိုတော့ပါဘူး။ ဒါပေမယ့် ဝေဖန်သူတွေရဲ့ ထောက်ပြချက်တွေအရတော့ အဆိုပါ စနစ်ဟာ အကျိုးပြုတယ်ဆိုတာထက် အန္တရာယ် ပိုများတယ်လို့ ပြောနေကြပါတယ်။

Ref: www.wikipedia.com



# Apple က iPhone အသစ်အကြောင်း မိတ်ဆက်

မင်းခန့်

Appleရဲ့ နောက်ထပ် ထုတ်လုပ်မယ့် iPhone Seriesသစ်ဟာ လာမယ့် နွေရာသီလောက်မှာ ဈေးကွက်တင်ဖြစ်ဖို့များတယ်လို့ သိရပါတယ်။ အဆိုပါ မော်ဒယ်သစ်နဲ့ ပတ်သက်တဲ့ အချက်တွေကို Appleက မကြာခင်ကမှ ကြေညာခဲ့ပါတယ်။ အကြမ်းဖျင်းဆိုရရင်တော့ ဖုန်းသစ်မှာ ပိုမိုကောင်းမွန်တဲ့ ကင်မရာ၊ Fingerprint Scanning နည်းပညာတွေ ပါဝင်မှာ ဖြစ်ပြီးတော့ အရှေ့ပိုင်းဒေသ ဈေးကွက်အတွက် ရည်ရွယ်ပြီး တန်ကြေးနည်းအောင် ထုတ်လုပ် ဖြန့်ချိသွားမယ်လို့ သိရပါတယ်။ ဒီဇိုင်းအပိုင်းကိုတော့ iPhone 5နဲ့ တစ်ထပ်တည်း နီးနီး ဖြစ်အောင် ထုတ်လုပ် သွားမယ်လို့ သိရပါတယ်။ ဒါပေမယ့် ဖုန်းအသစ်ရဲ့ အတွင်းပိုင်း ဖွဲ့စည်းပုံတွေကတော့ အရင်က အားနည်းချက်တွေကို ဖျောက်ပြီး တစ်မူကွဲအောင် ထုတ်လုပ်သွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် Fingerprint Scanningစနစ် ပါဝင်အောင် လုပ်ဆောင်ရမှာတွေ ဖြစ်တဲ့အတွက် လုံခြုံရေး စနစ်သစ်ကို အသုံးပြုနိုင်မယ်လို့ ဆိုပါတယ်။ တချို့ကတော့ ဩဂုတ်လမှာ ဈေးကွက်တင်လိမ့်မယ်လို့ ပြောနေကြပေမယ့် စက်တင်ဘာလလောက်မှ သုံးစွဲနိုင်လိမ့်မယ်လို့လည်း ပြောနေပါတယ်။ ဒါ့အပြင် တရုတ် ဈေးကွက်အတွင်း Appleအနေနဲ့ အောင်မြင်မှု ရဖို့အတွက် တန်ကြေးနည်းသော ဖုန်းအဖြစ်သာ ဈေးကွက် တင်သွားရမှာ ဖြစ်ပြီး၊ ခန့်မှန်းခြေ ဈေးနှုန်းမှာ ဖုန်းတစ်လုံးကို ဒေါ်လာ ၃၅၀ ဖြစ်သင့်ကြောင်း ပြောနေကြပါတယ်။

Ref: www.businessinsider.com





## MODERN KITCHEN & LIVING ROOM

### 1


**CHANGHONG CWFA 80S**

8KG Fully Auto
Price: K 260,000
Showroom: CHANGHONG Showroom
✆ 09-730-447-92

### 2


**LG-GN V212SL**

Price: K 265,000
Showroom: LG Showroom
✆ 01-379-954

### 3


**LG-GN M492CPC**

Price: K 499,000
Showroom: LG Showroom
✆ 01-379-954

### 4


**VACUUM VC4918NNTVB**

Price: K 125,000
Showroom: LG Showroom
✆ 01-379-954

### 5


**AF-18CR4FVK (2.0HP)**

Price: K 338,000
Showroom: Hisense Showroom
✆ 01-227-930

### 6


**AS-09CR4SVNVQ (1.0HP)**

Price: K 195,000
Available at: Hisense Showroom
✆ 01-227-930

### 7


**TCL TAC12CS/BH (1.5HP)**

Price: K 240,000
Available at: TCL Showroom
✆ 01-398-931

### 8


**HITACHI S75NJX**

Price: K 255,000
Available at: HITACHI Showroom
✆ 01-230-1267

### 9



**TCL 51LW (2.0Hp)**

Price: K 407,500
Available at: TCL Showroom
✆ 09-730-447-92

### 10


**CHANGHONG CWFA65S**

Price: K 240,000
Available at: CHANGHONG Showroom
✆ 09-730-447-92

## SOUND SYSTEM




**BMB CSX850**
Price: K 580,000
Available at: Ambur Showroom
Made in Singapore
✆ 09-732-421-09

1



**YAMAHA MSR400**
Price: K 550,000
Available at: Myanmar Music Trading Co., Ltd.
Made in China
✆ 01-560-397

2



**Beta Three BS 4002**
Price: K 110,000
Available at: Sound Tech
Made in Italy
✆ 01-252-066

3



**Denon PMA 520 AEP**
Price: K 330,000
Available at: Sound Tech
Made in Japan
✆ 01-252-066

4



**Denon PMA-710AEP**
Price: K 390,000
Available at: Sound Tech
Made in Japan
✆ 01-252-066

5

မိုးမိုး စုစည်းတင်ဆက်သည်။

အိုင်စီတီ ဂျာနယ်
Volume 2, Issue 19
MYANMAR ICT JOURNAL

# MONITOR



**AOC (e962Vwn)**

Display: 18.5" LED
Warranty: 3 Years
Contrast Ratio : 20,000,000:1
Price: K 94,000
Contact: Star Universe
✆ 01-430-013

**1**



**AOC (i2267Fw)**

Display: 21.5" LED
Warranty: 3 Years
Contrast Ratio : 20,000,000:1
Price: K 136,000
Contact: Star Universe
✆ 01-430-013

**2**



**AOC (e2351F)**

Display: 23" LED
Warranty: 3 Years
Contrast Ratio : 20,000,000:1
Price: K 143,000
Contact: Star Universe
✆ 01-430-013

**3**



**ASUS VS208DR**

Display: 20" LED Monitor
Price: USD 125
Contact: Golden Power Technology
✆ 01-210-949

**4**



**ASUS VE228T**

Display: 21.5" LED Monitor
Price: USD 168
Contact: Golden Power Technology
✆ 01-210-949

**5**



**ASUS VS238H**

Display: 23" LED Monitor
Price: USD 198
Contact: Golden Power Technology
✆ 01-210-949

**6**

# GAMING

**7**



**Xbox360 DJ Hero Controller**

Price: K 150,000
Contact: Game Hive
✆ 09-450-041-500

**8**



**PS3 Original Controller**

Price: K 55,000
Contact: Game Hive
✆ 09-450-041-500

**9**



**Xbox360 Original Controller**

Price: K 55,000
Contact: Game Hive
✆ 09-450-041-500

**10**



**Game PAD L600 Lanjue**

Price: K 6,000
Contact: Ko Beno
✆ 01-256-417

**11**



**Super Cobra (Time Crisis)**

Price: K 28,000
Contact: Ko Beno
✆ 01-256-417

**12**



**Nintendo DSXL**

Price: K 300,000
Contact: Ko Beno
✆ 01-256-417

# HEADPHONE

**13**

**JVC Dynamic Sound HA-5600W**

Price: K 65,000
Contact: Ambur Showroom
✆ 09-732-421-09



**14**

**HA-M5X Stereo Headphone**

Price: K 58,500
Contact: Ambur Showroom
✆ 09-732-421-09



**15**

**Razer ATHT200**

Price: K 21,500
Contact: I.C.E
✆ 01-218-202



**16**

**Solo Studio Head Phone**

Price: K 240,000
Contact: Golden Dragon
✆ 09-550-5688



**17**

**Electronic**

Price: K 57,900
Contact: I.C.E
✆ 01-218-202



**18**

**Incase Reflex Ear Headphone**

Price: K 90,000
Contact: Technoland
✆ 09-731-762-40



မိုးမိုး စုစည်းတင်ဆက်သည်

# ACCESSORIZE YOUR GIZMO

## PRINTER & SCANNER

| Epson/ Canon/ HP | Kyat |
|---|---|
| Epson LQ300+2 Printer with Cable | 190,000 |
| Epson Stylus Photo R230X Printer with Cable (USB) | 154,000 |
| Epson L210 Printer with Ink Tank (3 in 1) | 166,000 |
| Canon iP 2770 Printer with Cable (USB) | 181,000 |
| Canon LBP 6000 Printer with Cable (USB) | 80,000 |
| Canon LBP 2900B Printer with Cable (USB) | 127,000 |
| HP Laserjet P1102 Printer with Cable (USB) | 260,000 |
| HP Officejet 7000 Printer with Cable (USB) A3 Size | 285,000 |
| Star Receipt Printer SP712 MU (USB) | 230,000 |
| Flatbed Scanner Canon Lide 110 | 57,000 |
| DCD: 01-297-332 | |

## TONER

| HP/ Samsung/ Canon | Kyat |
|---|---|
| HP 1200 (C7115A) Toner | 59,000 |
| HP 1005 (CB 435A) Toner | 59,000 |
| HP 1102 (CE 285) Torner | 59,000 |
| HP 1010/3015 (Q 2612A) Toner | 63,000 |
| HP 1300 (Q 2613A) Toner | 63,000 |
| HP 2015 (Q7553A) Toner | 72,000 |
| HP 1522N (36A) Toner | 72,000 |
| HP 1536N (CE278A) Toner | 72,000 |
| HP 2055 (CE505A) Toner | 72,000 |
| HP 1320 (Q5949A) Toner | 72,000 |
| Canon 6000 (325) Toner | 27,000 |
| Samsung CLP-325/ CLX-3185Toner (CLT-C407S)/ (CLT-M407S)/ (CLT-Y407S)/ CLT-K407S | 50,000 |
| Canon 2900 (EP303)/ Canon 1120 (EP22)/ Canon 3050 (312) | 50,000 |
| HP 2015 (Q7553A) / 1522N (36A) / 1536N (CE278A) / 2055 (CE505A) / 1320 (Q5949A) Toner | 76,000 |
| KMD: 01-381-129, DCD: 01-297-332 | |

## NETWORK ACCESSORIES

| Prolink/ Dlink | Kyat |
|---|---|
| Prolink - 5 Ports Switch 10/100B | 9,000 |
| Prolink - 8 Ports Switch 10/100B | 12,000 |
| Prolink - 16 Ports Switch 10/100B | 26,000 |
| Dlink - 8 Ports Switch 10/100B | 17,000 |
| Dlink - 16 Ports Switch 10/100B | 39,000 |
| Dlink - 24 Ports Switch 10/100B | 51,000 |
| Dlink - PCI Network Card 10/100 BT | 8,000 |
| Prolink - Gigabit Lan Card 10/100/1000 BT | 10,000 |
| Prolink - Gigabit 5 Port Switch 10/100/1000 BT | 28,000 |
| Prolink - Gigabit 8 Port Switch 10/100/1000 BT | 38,000 |
| Prolink - Gigabit 16 port switch 10/100/1000 BT | 94,000 |
| Prolink - Gigabit 24 Port Switch 10/100/1000 BT | 117,000 |
| Prolink - Wireless-USB Network Adapter( WN-2201) 300Mbps | 16,000 |
| Prolink - Wireless-N High Power USB Adapter( PAN-2001) 150Mbps | 19,000 |
| Prolink - Wireless-WNR1004C Combo(Mini Portable Router+Nano USB Adapter) | 25,000 |
| Prolilnk - Wireless-N 4 port Gigabit Router (WNR-1008) | 54,000 |
| Prolink - Wireless-N 4G Mobile Router (WNR 1011) | 42,000 |
| Prolink - Wireless-N 4G MIMO AP/Router (WNR 1012) | 40,000 |
| Prolink - Wireless N2T2R Multifunction Router (WNR-1004/P-BLK) | 34,000 |
| Wireless - N AP/Router/Repeater /4-Port switch (1T1R) PRN2001 | 30,000 |
| Wireless - N AP/Router/Repeater /4-Port switch (2T2R) PRN3001 | 34,000 |
| Wireless - N 21.6Mbps Mobile Modem Router (2in1) PRT7001H | 85,000 |
| Wireless N 21.6Mbps Mobile Modem Router PRT7002H | 49,000 |
| Wireless N Modem/Router with splitter (Hurricane 5004N 1T1R ADSL2+4 port) 150Mbps | 39,000 |
| DCD: 01-297-332 | |

### 1



**iPhone 5 Cover**

Price: K 8,000
Available at: i-mac
✆ 01-230-0490

### 2



**iPad Mini Smartcaser**

Price: K 25,000
Available at: i-mac
✆ 01-230-0490

### 3



**Note II Case N7100**

Price: K 11,000
Available at: I.C.E
✆ 01-218-202

### 4



**iPhone Cover**

Price: K 19,500
Available at: I.C.E
✆ 01-218-202

### 5



**iPhone 5 Cover**

Price: K 20,000
Available at: Ko Beno
✆ 01-256-417

### 6



**iPad 2 and New iPad Cover**

Price: K 24,000
Available at: Ko Beno
✆ 01-256-417

### 7



**Samsung Galaxy SII Cover**

Price: K 15,000
Available at: AMT Mobile
✆ 01-371-923

### 8



**iPad Cover**

Price: K 20,000
Available at: AMT Mobile
✆ 01-371-923

### 9



**iPad Mini Cover iFace**

Price: K 20,000
Available at: Real Mobile
✆ 09-450-061-010

### 10



**Huawei Cover Y310**

Price: K 4,500
Available at: Real Mobile
✆ 09-450-061-010

### 11



**iPhone 5 Cover**

Price: K 7,000
Available at: Easy One
✆ 01-250-941

### 12



**China Tablet Cover**

Price: K 6,000
Available at: Amazing
✆ 09-730-410-04

### 13



**Samsung Galaxy Tab P6200 Keyboard Cover**

Price: K 35,000
Available at: Amazing
✆ 09-730-410-04

### 14



**Samsung Note II Cover N7100**

Price: K 7,000
Available at: Easy One
✆ 01-250-941

မိုးမိုး စုစည်းတင်ဆက်သည်။

အိုင်စီတီ ဂျာနယ်
Volume 2, Issue 19
MYANMAR ICT JOURNAL

# ခေတ်မီ Living Roomနှင့် Kitchen ပိုင်ဆိုင်ချင်သူများအတွက်...

**Sharp LC32LE 240M**
Display: 32"
Type: LED
K 307,000
Ph: 01-252-990

**Sony EX650 Series**
Display: 40"
Type: LED
K 659,000
Ph: 01-546-006

**Samsung UA32EH4000MXSQ**
Display: 32"
Type: LED
K 419,500
Ph: 01-252-990

**Samsung PS43D450**
Display: 43"
Type: LED
K 487,500
Ph: 01-252-990



**Toshiba 23PU 200E**
Display: 23"
Type: LED
K 194,000
Ph: 09-732-421-09

**Hisense N42K316P**
Display: 42"
Type: LED
K 460,000
Ph: 01-227-930

**Toshiba 32PS200E**
Display: 32"
Type: LED
K 306,500
Ph: 01-252-990

**LG Smart TV LS5700**
Display: 32"
Type: LED
K 399,000
Ph: 01-379-954



**Sony BDP-S490**
3D Blu-ray
K 235,000
Ph: 01-246-006

**Panasonic DMP BDT 220**
3D Blu-Ray Player
K 220,000
Ph: 01-292-664

**Samsung BDC 6900**
3D Blu-ray
K 523,000
Ph: 01-252-990

**Sony BDP-S190**
Blu-ray-Player
K 139,500
Ph: 01-546-006



**Samsung NTD-350K**
K 2,275,000
Ph: 01-252-990

**Sony BDV-E690**
K 669,000
Ph: 01-546-006

**Monitor Audio Bronzen**
K 1,500,000
Ph: 01-252-066



**Panasonic MX337N**
Capacity: 1L
Available Color: White
K 24,000
Ph: 01-252-464



**Philips HD4738/54**
Capacity: 1.8L
Power Voltage: 220-240V
K 51,500
Ph: 01-256-501



**BOSCH TES50321RW**
Avilable Colour: Silver
Power Voltage: 1600W
USB 1,042
Ph: 01-256-501





**Samsung ME81Y**
Capacity: 21L
Colour: White
K 147,500
Ph: 01-252-990



**Panasonic NNCD997S**
Capacity: 42L
Colour: White
K 693,000
Ph: 01-252-464

သွယ်သွယ်အေး စုစည်းတင်ဆက်သည်။

# မိုဘိုင်းဖုန်းခေတ်ကြီးမှာ ခေတ်နောက်ကျ မကျန်ခဲ့စေဖို့...


**iPhone 5**
4" Screen
8MP, GSM
16GB
K 625,000
i-mac: 01-230-0490


**iPhone 4s**
3.5" Screen
8MP, GSM
16GB
K 380,000
i-mac: 01-230-0490


**iPad 4**
9.7" Screen
5MP, Wi-Fi,
16GB
K 460,000
i-mac: 01-230-0490


**iPad mini**
7" Screen
5MP, Wi-Fi
16GB
K 360,000
i-mac: 01-230-0490


**Samsung Note2**
5.5'' Screen,
8MP,
Android 4.1.1
K 515,000
KMD: 01-385-077


**Samsung S3**
4.8'' Screen,
8MP,
Android 4.0.4
K 465,000
KMD: 01-385-077


**Sony Xperia Acro S**
4.3'' Screen,
12MP.
Android 4.0
K 315,000
KMD: 01-385-077



**Sony Xperia SL**
4.3'' Screen,
12MP,
Android 4.0.4
K 285,000
KMD: 01-385-077


**Huawei C8813**
4.5'' Screen, 8MP
Android OS 4.1.1
K 136,000
Real Mobile: 09-731-397-38



**Huawei G520**
4.5'' Screen, 5MP
Android OS 4.0.4
K 175,000
T-Land : 01-382-868


**Lenovo A780**
4'' Display, Android
2.3.5, 3.2MP
K 109,000
KMD: 01-385-077


**Lenovo S880i**
5'' Display, 5MP
Android 4.0.4
K 155,000
KMD: 01-385-077


**Nokia Lumia 620**
3.8" Screen,
8GB
Windows 8
K 225,000
AMT: 01-731-923


**Nokia Lumia 820**
4.3" Screen,
8GB
Windows 8
K 320,000
AMT: 01-731-923


**Acer Iconia W700**
11.6'' Screen,
3rd Generation,
Windows 8
K 915,000
I.C.E: 01-218-202


**Asus Vivo Tab Smart**
10.1'' Screen
3G
Windows 8
K 759,000
I.C.E: 01-218-202


**Nokia 112**
Java, 2'' Screen
2MP, GSM
K 25,000
Amazing: 09-730-690-72


**Huawei C2808**
Java, 3'' Screen
2G, CDMA
K 30,000
KMD: 01-385-077


**Huawei 210C**
3.5'' Screen,CDMA
GSM, Android 2.3.6
K 80,000
Today: 09-555-9595



**Sony Erison W8**
Java,3.5'' Screen
2.3MP, GSM
K 35,000
Amazing: 09-730-690-72


**Nokia C2**
Java
1.5'' Screen 2MP
GSM
K 25,000
Amazing: 09-730-690-72


**Samsung E332**
2'' Screen
3.15MP CDMA
K 45,000
Amazing: 09-730-690-72


**HTC Desire R**
3.5'' Screen,
2.3MP GSM
K 38,000
Amazing: 09-730-690-72


**Lenovo A2 Original**
7'' Screen, GSM
WCDMA,16GB
K 190,000
KMD: 01-378-431


**IDEOS Huawei S7**
7'' Screen, 2MP
Android 2.2, CDMA
K 160,000
Today: 09-555-9595


**Huawei Media Tablet**
7'' Screen, 5MP
Android 4.1.5, GSM
K 172,000
Amazing: 09-730 -690-72


**Tablet J-Q88D**
9'' Screen, Android
4.0.4, 3.2MP
8GB
K 69,000
Lin Myanmar: 09-731-302-34


**Momo**
7" Screen, Wi-Fi
8GB
Android 4.0.4
K 54,000
Eastern: 01-398-224

သန့်စင် စုစည်းတင်ဆက်သည်

# အမှတ်တရများကို ပိုပြီး အမှတ်ရစေဖို့...

**Sony DC TX20**
16.2Mega Pixel, 4X Optical Zoom
Waterproof, HD Movie
Touch Screen
**K 220,000**



မြန်မာ့အလှ: 01-392-693

**Nikon DC S2600**
14.0 Mega Pixel, 5X Zoom
Slim Body, LCD 3"
**K 85,000**



မြန်မာ့အလှ: 01-392-693

**Sony VC SX45**
Lens CarL Zeiss, Zoom 70X
**K 210,000**



မြန်မာ့အလှ: 01-392-693

**Canon DC IXUS 500**
10 Megapixels, 12X Optical Zoom, LCD 3", Full HD Movie
**K 200,000**



မြန်မာ့အလှ: 01-392-693

**Nikon DC P520**
18.1 Mega Pixel, 42X Zoom
LCD 3.2", Movie Full HD, GPS Function
**K 450,000**



မြန်မာ့အလှ: 01-392-693

**Nikon D5200**
24 Megapixels, 18-55mm Lens
ISO 6400, 3" Full HD Movie
**K 720,000**



မြန်မာ့အလှ: 01-392-693

**Fuji DC SL310**
30X Zoom, 18-55mm Lens
LCD 3"
**K 200,000**



မြန်မာ့အလှ: 01-392-693

**Nikon F70**
12.1 Megapixels, 5X Zoom
**K 107,000**



Citicom: 01-573-175

**Nikon 18x200mm**
**USD 670**



Technoland: 01-377-056

**Nikon 55x300mm**
**USD 350**



Technoland: 01-377-056

**Nikon 28x300mm Lens**
**USD 1,005**



Technoland: 01-377-056

**Nikon 55-300mm Lens 58mm**
**K 290,000**



မြန်မာ့အလှ: 01-392-693

**Sony CX290**
41 X Advance Zoom
3.2" LCD, ISO Auto
**USD 338**



Technoland: 01-377-056

**Panasonic V10**
53 X Advance Zoom
2.7" Display, HD Movie
**USD 205**



Technoland: 01-377-056

**Canon FS406**
70 Lens, 2.7 Display
HD Movie
**K 210,000**



Technoland: 01-377-056

**Sony DC SX45**
16.1 Mega Pixel, 21X Zoom
ISO - Auto, 3" LCD
Mineral Function
**K 220,000**



မြန်မာ့အလှ: 01-392-693

**BH-B8860**
8mm 600TVL, Waterproof
1/3" Sony IR Colour CCD Camera
**K 75,000**



Zest: 09-736-666-77

**BH-B586**
8mm 600TVL, 1/3" Sony IR
Colour CCD Camera
**K 85,000**



Zest: 09-736-666-77

**DHP-907**
6mm 600TVL, 1/3" Sony IR
Colour CCD Camera
**K 60,000**



Zest: 09-736-666-77

**BH-A4060**
3.6mm 600TVL 1/3" Sony IR
Colours CCD
**K 4,500**



Zest: 09-736-666-77

# DO-IT-YOURSELF: ကွန်ပျူတာ တစ်လုံး ဘယ်လောက် ကျမလဲ။ ရေးချပြီး တွက်ကြည့်ပါ။

## CPU

| Intel | Kyat |
|---|---|
| Intel Dual Core 2.9G-Hz (3MB/1155) G-2020 | 61,000 |
| Intel Core i3 3.3GHz (3MB/1155) 3220 | 107,000 |
| Intel Core i5 3.2GHz (6MB/1155) 3470 | 167,000 |
| Intel Core i7 3.4GHz (8MB/1155) 3770 | 264,000 |
| Intel Core i3 3.3GHz (3MB/1155) 3220 | 111,000 |
| Intel Core i5 3.2GHz (8MB/1155) 3470 | 174,000 |
| Intel Core i7 3.4GHz (8MB/1155) 3770 | 269,000 |
| KMD: 01-381-129 | |

## MOTHERBOARD

| ASUS | USD |
|---|---|
| ASUS Maximus V Extreme (1155/DDR3) | 194,000 |
| ASUS Maximus IV Extreme-Z (1155/DDR3) | 105,000 |
| ASUS P8Z77-V DELUXE (1155/DDR3) | 107,000 |
| ASUS SABERTOOTH Z77 (1155/DDR3) | 86,000 |
| ASUS P8Z77-V PRO (1155/DDR3) | 77,000 |
| ASUS P8Z77-V LE PLUS (1155/DDR3) | 136,000 |
| ASUS P8H77-V LE (1155/DDR3) | 52,000 |
| ASUS P8Z77-V LX (1155/DDR3) | 60,000 |
| ASUS P8H77-M( (1155/DDR3) | 49,000 |
| ASUS P8H77-MLE (1155/DDR3) | 49,000 |
| ASUS P8B75-M LX PLUS (1155/DDR3) | 58,000 |
| ASUS P8H61/USB3 R2.0 (1155/DDR3) | 52,000 |
| ASUS P8H61-MLE R2.0 (1155/DDR3) | 77,000 |
| ASUS P8H61-MLX R2.0 (1155/DDR3) | 117,000 |
| Golden Power Technology: 01-210-943 | |

## MEMORY

| Kingston | Kyat |
|---|---|
| Kingston - 2GB (DDR3 RAM) 1333 MHz | 15,000 |
| Kingston - 4GB (DDR3 RAM) 1333 MHz | 27,000 |
| Kingston - 4GB (DDR2 / 800MHz) | 89,000 |
| Kingston - 2 GB (DDR3 / 1333MHz) | 12,000 |
| Kingston - 4 GB (DDR3 / 1333MHz) | 21,500 |
| KMD: 01-381-129, MRS Computer & Network: 01-392-138 | |

## HARD DRIVE

| Seagate / Western Digital | Kyat |
|---|---|
| Seagate - 500GB SATA | 53,000 |
| Seagate - 1000GB SATA | 68,000 |
| Seagate - 1500GB SATA | 76,000 |
| Seagate - 2000GB SATA | 93,000 |
| Seagate - 2000 GB HDD 7200RPM SATA 32M | 90,000 |
| Western Digital - 1500 GB HDD 7200RPM SATA | 96,000 |
| Western Digital - 1500 GB HDD 7200RPM SATA Black | 105,000 |
| KMD: 01-381-129, T-Land: 01-382-868 | |

## POWER SUPPLY

| Golden Field / Thermaltake | Kyat |
|---|---|
| Golden Field - 500W PSU | 11,000 |
| Golden Field - 550W PSU | 14,000 |
| | USD |
| Thermaltake - LP-430NLINH ( Litepower) 430W PSU | 27 |
| Thermaltake - SP-850 MPC BEU 850W PSU | 118 |
| Thermaltake - SPS-730MPCBEU (Smart) 730W PSU | 85 |
| Thermaltake - LT-600PCEU ( Litepower) 600W PSU | 54 |
| Thermaltake - LT-450 PCEU ( Litepower) 450W PSU | 45 |
| Thermaltake - LT-350 PCEU( Litepower) 350W PSU | 35 |
| GF: 01-430-013, Golden Power Technology: 01-210-943 | |

## GRAPHIC CARD

| msi | Kyat |
|---|---|
| msi - N660Ti PE 2GD5 / OC | 110,000 |
| msi - N660 TF 2GD5/OC | 246,000 |
| msi - N640 GT MD 2GD3/OC | 110,000 |
| msi - N630GT - MD 4GD3 | 80,000 |
| msi - N610GT - MD 2GD3/LP | 110,000 |
| msi - N440GT - MD5/2D5 | 57,000 |
| msi: 01-240-110 | |

## OPTICAL DISK DRIVE

| LITEON/ HP/ PLEXTOR | USD |
|---|---|
| ASUS BW-12B1ST | 106 |
| ASUS SBW-06D2X-U/BLK | 119 |
| ASUS SDRW-08D3S-U (BLK) | 44 |
| ASUS SDRW-08D2S-U (BLK,WHT) | 39 |
| ASUS DRW-24D3ST | 23 |
| | Kyat |
| HP - 24X Internal DVD-RW SATA (Retail) | 21,000 |
| PLEXTOR - 128GB SSD(SATA 3) | 161,500 |
| PLEXTOR - 256GB SSD(SATA 3) | 295,500 |
| PLEXTOR - 512GB SSD(SATA 3) | 542,000 |
| Golden Power Technology: 01-210-943, STAR-TECH: 01-399-239 | |

## MONITOR

| AOC/ Prolink / Samsung/ Acer/ Philips/ Fujitsu/ ASUS | Kyat |
|---|---|
| AOC - 18.5" LED / 20,000,000:1 / VGA+DVI (e962Vwn) Black & White | 94,000 |
| AOC -20" LED / 20,000,000:1 / VGA+ DVI (e2050Swd) Black | 99,000 |
| AOC - 21.5" LED / 20,000,000:1 / VGA+DVI (e2260Swdn) Black | 123,000 |
| AOC - 21.5" LED / 20,000,000:1 / VGA+DVI (e2267Fw) IPS Borderless Panel | 136,000 |
| AOC - 23" LED / 20,000,000:1 /VGA+DVI (e2351F) Black, Photo Frame | 143,000 |
| AOC - 23" LED / 50,000,000:1 /VGA+DVI (e2343F) White Slim | 153,000 |
| AOC - 23" LED / 20,000,000:1 /VGA+Twin HDMI (i2367Fh) IPS Borderless Panel | 173,000 |
| AOC - 27" LED / 20,000,000:1 /VGA+Twin HDMI (i2757) IPS Borderless Panel | 275,000 |
| AOC - 18.5" LED / 10,000,000:1 /VGA+DVI (196V) Black Slim | 100,000 |
| Prolink - 18.5" LED Color Monitor wide view with DVI | 80,000 |
| Samsung - 18.5" LED Color Monitor wide view with DVI | 86,000 |
| Lenovo - 18.5" LED Color Monitor wide view | 78,000 |
| Acer - 20" LED Color Monitor wide view with DVI (S200HL) | 100,000 |
| Philips - 18.5" LED Color Monitor wide view | 95,000 |
| Fujitsu - 18.5" LED Color Monitor wide view with DVI + Speakers | 88,000 |
| View Sonic - 18.5" LED Color Monitor wide view VA1911a | 89,000 |
| AOC: 01-430-013, KMD: 01-381-129 | |

## UPS

| STAR/ EAST | Kyat |
|---|---|
| STAR UPS 650VA LED Plastic Case - Black | 28,000 |
| STAR UPS 650VA LED Plastic Case - Black & Silver | 28,000 |
| STAR UPS 650VA LED Plastic Case - Black & Blue | 28,000 |
| STAR UPS 650VA LED Metal Case - Black | 30,000 |
| STAR UPS 650VA LCD Metal Case - Black | 34,000 |
| STAR UPS 1200VA LED Metal Case - Black | 55,000 |
| EAST UPS 650VA LED Plastic Case-Black | 28,000 |
| EAST UPS 650VA LED Plastic Case-Black & Silver | 28,000 |
| EAST UPS 650VA LED Plastic Case-Black & Blue | 28,000 |
| STAR: 01-430-013, EAST: 01-549-193 | |

| စဉ် | အမျိုးအမည် | ဈေးနှုန်း |
|---|---|---|
| 1 | CPU | |
| 2 | Motherboard | |
| 3 | Memory | |
| 4 | Hard Drive | |
| 5 | Graphic Card | |
| 6 | Casing | |
| 7 | Power Supply | |
| 8 | Monitor | |
| 9 | UPS | |
| 10 | Optical Disk Drive | |
| 11 | Keyboard/ Mouse | |
| | ကျသင့်ငွေ | |

## CASING

| Golden Field/ Thermaltake | Kyat |
|---|---|
| Golden Field Chasis F14B (500W PSU) | 23,000 |
| Golden Field Chasis F16B (500W PSU) | 23,000 |
| Golden Field Chasis D212B (500W PSU) | 23,000 |
| Golden Field Chasis 1331B (550W PSU) | 32,000 |
| Golden Field Chasis 7621 (550W PSU) | 34,000 |
| | USD |
| Thermaltake Armor Revo Snow Edition (VO200M-6W2N) | 137 |
| Thermaltake Armor Revo (VO200M1W2N) | 135 |
| Thermaltake Chaser MK-I (VN300M1W2N) | 143 |
| Thermaltake Overseer RX-I (VN700M1W2N) | 113 |
| Thermaltake New Soprano Snow Edition ( VO900M6N2N) | 118 |
| Thermaltake New Soprano ( VO900M1N2N) | 115 |
| Thermaltake Commander MS-I Snow Edition (VN40006W2N) | 90 |
| Thermaltake Level 10 GTS ( VO30001W2N) | 90 |
| Thermaltake ARMOR A30 ( VM70001W2Z) | 90 |
| Thermaltake Commander MS-I Snow Edition (VN40006W2N) | 48 |
| Golden Field: 01-430-013, Golden Power Technology: 01-210-943 | |

## KEYBOARD & MOUSE

| Tte/ Prolink | USD |
|---|---|
| Tte MO-LTM009DT(Level 10M) Gaming Mouse | 95 |
| Tte MO-TRN006DT(THERON) Gaming Mouse | 56 |
| Tte MO-BLK002DTA (BLACK) Gaming Mouse | 45 |
| Tte MO-ARS003DTD(AZURUES) Gaming Mouse | 32 |
| Tte KB-MEK007US(MEKA) Keyboard | 85 |
| TteKB-CHL002USB(CHALLENGER Illuminated) Keyboard | 62 |
| Tte KB-KNK008US(KNUCKER) Keyboard | 39 |
| | Kyat |
| Prolink Wireless Bluetooth Optical Mouse PMO 624B | 15,000 |
| Prolink Wireless Bluetooth Multimedia KB PKM 3810B | 22,000 |
| Prolink (Combo) Wireless Desktop KB + Mouse (5001) | 18,000 |
| Prolink (Combo) Wireless Laser KB + Mouse (5307G) | 24,000 |
| Prolink Wireless Multimedia KB with Touch Panel (5308G) | 35,000 |
| Prolink Myanmarser KB (USB) 2306U | 4,700 |
| Golden Power Technology: 01-210-943, MRS Computer & Net-work: 01-392-138 | |

လူကြီးမင်းတို့၏ ကုမ္ပဏီမှ ဖြန့်ချိသော ကုန်ပစ္စည်းဈေးနှုန်းများကို ပေးပို့လိုပါက newsroom@myanmarict.comသို့ အထက်ဖော်ပြပါ ဇယားအတိုင်း Spreadsheet (Excel) Formatဖြင့် ပေးပို့နိုင်ပါသည်။


GIGABYTE™
Leader in Motherboard Innovation
www.gigabyte.com
Intel® Corei7 377 CPU Speed
World Record
7.032GHz
Z77X-UD3H
Insist on Ultra Durable
The Best Choice for Your New PC
GIGABYTE 7 Series Ultra Durable™ Motherboard
Z77 DDR3 16GB (4X4) Memory Clock
World Record
3280MHz
Z77X-UD5H
Ultra Durable motherboards are equipped with a range of unique features and the best quality components
Intel X79 Express Chipset
G1.Assassin2
Intel X79 Express Chipset
X79-UD5
Intel Z77 Express Chipset
G1.Sniper3
Intel Z77 Express Chipset
Z77X-UD5H
Intel Z77 Express Chipset
Z77-DS3H
Intel H77 Express Chipset
H77-DS3H
Intel Z77 Express Chipset
Z77M-D3H
Intel H77 Express Chipset
H77M-D3H
Intel B75 Express Chipset
B75M-D3H
Intel B75 Express Chipset
B75M-D2V
Intel H61 Express Chipset
P61A-D3
Intel H61 Express Chipset
H61M-S2P
Intel H61 Express Chipset
H61M-DS2
Intel H61 Express Chipset
H61M-S1
Intel G41 Express Chipset
G41M-Combo
2oz copper PCB, Japanese solid capacitor, Lower RDS on MOSFET, Ferrite Core Choke and Dual BIOS
STAR TECH
AUTHORIZED IT DISTRIBUTOR
Building No. 351, Thein Phyu Road, Mingalar Taung Nyunt Township, Yangon, Union of Myanmar 11221
Tel: 95.1. 399 239, 384 017 Email: sales.st@myanmarstargroup.com Website: www.myanmarstargroup.com

## Car Review






လင်းထက်

၂၀၀၂ခုနှစ်ကနေ စတင်ထုတ်လုပ်ခဲ့တဲ့ Infiniti FX Seriesဟာ အခုတော့ ၂၀၁၂ မော်ဒယ်အထိ ရောက်ရှိလာပြီ ဖြစ်ပါတယ်။ သူ့ရဲ့ အားသာချက်တွေကတော့ ပြိုင်ကားပုံစံ သွက်လက်မြန်ဆန်တဲ့ စွမ်းဆောင်ရည်ရှိမှု၊ ကွဲပြား ဆန်းပြားတဲ့ ဒီဇိုင်းပုံစံနဲ့ အသက်ကယ်စနစ် ကောင်းမွန်မှုတွေ ဖြစ်ပါတယ်။ အားနည်းချက် တစ်ခုကတော့ ခရီးသည် စီးနင်းခန်း အနည်းငယ် ကျဉ်းမြောင်းတာ တစ်ခုလောက်ပဲ ရှိပါတယ်။ ၂၀၁၂ ခုနှစ် မော်ဒယ် FXဟာ မော်ဒယ်ခွဲ သုံးခုနဲ့ ဈေးကွက်ဝင်လာတာတွေ့ရပါတယ်။ အဲဒီမော်ဒယ်ခွဲတွေကတော့ FX35, FX35 Limited Editionနဲ့ FX50တွေဖြစ်ပါတယ်။ FX35နဲ့ Limitedမော်ဒယ်နှစ်မျိုးမှာ အသုံးပြုထားတဲ့ အင်ဂျင်က ၃.၅ လီတာသုံး V6 အင်ဂျင်တွေ ဖြစ်ပြီး လေးဘီးယက်စနစ်တွေ ဖြစ်ပါတယ်။ နောက်ပြီး သူတို့မော်ဒယ်နှစ်ခုမှာ သိပ်ပြီးတော့ ကွဲပြားမှု မတွေ့ရပဲ FX35မှာ Navigation Systemပါဝင်တာလေးတစ်ခုလောက်ပဲ သိသာမှု ရှိပါတယ်။ FX50မှာတော့ ၅.၀ လီတာသုံး V8 အင်ဂျင်တပ်ဆင်ထားတာ တွေ့ရပြီး လေးဘီးယက်စနစ် ဖြစ်ကာ FX35နဲ့ စာရင် အင်ဂျင်ကွာဟမှု တစ်ခုပဲ ရှိပါလိမ့်မယ်။ ဆီစားနှုန်းအပိုင်းမှာတော့ V6 အင်ဂျင်သုံး မော်ဒယ်တွေက ဆီတစ်ဂါလံကို မြို့တွင်း ၁၆ မိုင်နှုန်းနဲ့ အဝေးပြေးလမ်းမတွေပေါ်မှာဆိုရင် ၂၃ မိုင်နှုန်းအထိ မောင်းနှင်နိုင်မှာ ဖြစ်ပြီးတော့ V8အင်ဂျင်သုံး မော်ဒယ်မှာတော့ မြို့တွင်း ၁၄ မိုင်နှုန်းနဲ့ အဝေးပြေး လမ်းတွေပေါ်မှာ မိုင် ၂၀ နှုန်း မောင်းနှင်နိုင်မှာ ဖြစ်ပါတယ်။ V6 အင်ဂျင်တွေရဲ့ စွမ်းအားက မြင်းကောင်ရေ ၃၀၃ ကောင်အား ထုတ်ပေးမှာ ဖြစ်ပြီးတော့ V8အင်ဂျင်တွေကတော့ မြင်းကောင်ရေ ၃၉၀အား ထုတ်ပေးပါလိမ့်မယ်။ ဒါကြောင့် Sportကားကောင်း စီးချင်သူတွေ အတွက် Infinitiက အကောင်းဆုံး စွမ်းဆောင်ပေးမှာပါ။

